စိတ်ကူးချိုချိုအနုပညာ

# နုတ်နွယ်

တုံးတိုက်တိုက် ကျားကိုက်ကိုက်

## JACK HIGGINS

## TOUCH THE DEVIL



designed by tin htoon

တတိယအကြိမ်

# နုတ်နွယ်

တုံးတိုက်တိုက် ကျားကိုက်ကိုက်

## JACK HIGGINS

## TOUCH THE DEVIL



ISBN 9789997119353

NN41

9 789997 119353

3,700.00KS

mgyoe.com

တုံးတိုက်တိုက် ကျားကိုက်ကိုက်။ နတ်နွယ်
မျက်နှာဖုံးဒီဇိုင်း - တင်ထွဏ်း
စာမျက်နှာ ၂၉၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဒီဇင်ဘာလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၇၊ သူရိယစာပေ၏ ဒုတိယအကြိမ်မှ

ရောင်းဈေး ၃ ၇ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com



ပထမ

# ဇီယက်နမ် ၁၉၆၈

ဖက်ဒီဖက် ရဟတ်ယာဉ်သည် မြစ်ဝကျွန်းပေါ်ဒေသကို ပေတစ်ထောင်အမြင့်မှနေ၍ ဖြတ်ကျော်လျက်ရှိသည်။ အစောင့်အရှောက်အဖြစ် လိုက်ပါလာသော ဟွေးကော်ဗရာ လက်နက်တင် ရဟတ်ယာဉ်ကြီးသည်ကား ဖက်ဒီဖက် ရဟတ်ယာဉ်၏ လက်ဝဲဘက်မှ ထက်ကြပ် လိုက်ပါလျက်ရှိသည်။ မိုးကြီးရွာတော့မည်ရှိသည်။ တောတန်းများပေါ်တွင် တိမ်တိုက်များ အုံ့ဆိုင်းလျက်ရှိသည်။ မိုးကုပ်စက်ဝိုင်းဆီတွင်ကား မိုးထစ်ချုန်းနေသည်။

ဖက်ဒီဖက် ရဟတ်ယာဉ်အတွင်း တစ်နေရာတွင်ကား အန်းမာရီအော်ဒင်သည် မျက်လုံးများကိုမှိတ်ပြီး ဆေးသေတ္တာကို ကျောမှီကာ ထိုင်နေသည်။ သူမက ကိုယ်လုံးကိုယ်ထည် သေးသေးသွယ်သွယ်လေး ဖြစ်သည်။ အသားရောင်က ညိုပြါသည်။ ပိတုန်းရောင်ဆံပင်ကို ဇီယက်နမ်စစ်မြေပြင်နှင့် လိုက်လျောညီအောင် တိုတိုကလေး ညှပ်ထားသည်။ လေထီးဂျက်ကက်ကို ဝတ်ဆင်ထားသည်။ အထက်ပိုင်း ဇစ်ကို ဖွင့်ထားသဖြင့် အောက်ဘက်မှ ကာကီရှပ်အင်္ကျီကို မြင်နေရသည်။ ဘောင်းဘီရှည် အောက်နားလေးများကို လေထီးဆင်းဖိနပ်အတွင်းသို့ ထိုးသွင်းထားသည်။ စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးကတော့ ကင်မရာများပင် ဖြစ်သည်။ နီကွန် ကင်မရာနှစ်လုံးကို

mgyoe.com

mgyoe.com


လည်ပင်းတွင် သိုင်းလွယ်ထားသည်။ လေထီးအင်္ကျီအိတ်များ အတွင်းတွင်ကား ကျည်ဆန်များ ထည့်ထားခြင်းမရှိဘဲ မှန်ဘီလူးအမျိုးမျိုးနှင့် (၃၅) မီလီမီတာ ဖလင်လိပ်များ ထည့်ထားသည်။

ရဟတ်ယာဉ်အရာရှိ ကပ္ပလီကြီး၏ ဘေးတွင်ထိုင်နေသော ဆေးမှူးလူရွယ်ကလေးသည် အန်းမာရီကို တအံ့တသြ ငေးမောလျက်ရှိသည်။ ကာကီရှပ်အင်္ကျီ၏ အပေါ်ကြယ်သီးနှစ်လုံး ပြုတ်နေသဖြင့် သူမ၏ ရင်အစုံ နိမ့်ချည်မြင့်ချည် ဖြစ်နေသည်ကို မြင်တွေ့နေရသည်။

"ဒီလိုမျိုး ကျွန်တော် မမြင်တွေ့ရတာ ကြာလှပြီ၊ တကယ့်ကို ဂုဏ်သိက္ခာရှိတဲ့ အမျိုးသမီးတစ်ယောက်ပဲ"

ဆေးမှူးကလေးက ပြောလိုက်သည်။

ရဟတ်ယာဉ်အရာရှိက သူ့ကို စီးကရက်တစ်လိပ် ကမ်းပေးရင်း

"ဒီလိုဆို ပြောရဦးမယ် မောင်ရင်။ ဒီမိန်းကလေးက မရောက်ဖူးတဲ့နေရာဆိုလို့ ဘယ်မှာမှမရှိဘူး။ မနှစ်က လေထီးတပ်ရင်း ၅၀၃ နဲ့အတူ ခါတွန်မြို့မှာလည်း ခုန်ဆင်းခဲ့ဖူးတယ်။ မယုံမရှိနဲ့၊ သူ တကယ်လုပ်ခဲ့တာပဲ။ လွန်ခဲ့တဲ့ ခြောက်လ၊ ခုနစ်လလောက်တုန်းက လိုက်ဖ်မဂ္ဂဇင်းမှာ သူ့အကြောင်း ဆောင်းပါးပါခဲ့တယ်။ မောင်ရင် ယုံနိုင်ပါ့မလား။ သူဟာ ပါရီမြို့သူကလေးပဲ။ ပြင်သစ်နိုင်ငံက ဘဏ်တိုက်တွေ တစ်ထွေးကြီးကို ပိုင်ဆိုင်တဲ့ မိသားစုက ပေါက်ဖွားလာတဲ့ မိန်းကလေးတစ်ယောက်ပဲ"

လူရွယ်ကလေး ပါးစပ်အဟောင်းသားရှိသည်။

"နေပါဦး၊ အဲဒါဆိုရင် သူ ဒီမှာ ဘာလာလုပ်တာလဲ"

ရဟတ်ယာဉ်အရာရှိ ပြုံးလိုက်ပြီး–

"အဲဒါတော့ မမေးနဲ့ မောင်ရင်၊ ကိုယ်လည်း ဒီမှာ ဘာကိစ္စရောက်နေမှန်း မသိဘူး"

"စီးကရက်တစ်လိပ်လောက် ရှိလား၊ ကျွန်မမှာ ကုန်သွားပြီနဲ့တူတယ်"

ထိုအချိန်တွင် အန်းမာရီက ပြောလိုက်သည်။

သူမ၏ မျက်လုံးကလေးများက စိမ်းလဲ့လှသည်။ ရဟတ်ယာဉ်အရာရှိသည် သူမထံသို့ စီးကရက်ဘူးကို ပစ်ပေးလိုက်ရင်း–

"ယူထားပါ"

mgyoe.com

mgyoe.com


အမျိုးသမီးသည် စီးကရက်တစ်လိပ်ကို ခါထုတ်လိုက်ပြီးနောက် သေနတ်ကျည်ဆန်ဖြင့် ပြုလုပ်ထားသော ကြေးဝါ မီးခြစ်ဟောင်းကလေးကို ခြစ်ကာ မီးညှိသည်။ ထို့နောက် သူမ၏ မျက်လုံးများကို ပြန်ပြီး မှေးမှိတ်ထားလိုက်သည်။ ဆေးမှုးကလေး မေးသည်မှာ မှန်သည်။ သူမ သည်မှာ ဘာကိစ္စ ရောက်နေသနည်း။ သူမလို အစစအရာရာ ပြည့်စုံသော မိန်းကလေး တစ်ယောက် သည်အရပ်မှာ ဘာကိစ္စရှိချေသနည်း။ သူမ၏အဘိုးက ပြင်သစ်နိုင်ငံတွင် အချမ်းသာဆုံးနှင့် ဩဇာအာဏာအရှိဆုံး စက်မှုလုပ်ငန်းရှင်ကြီးတစ်ဦး ဖြစ်သည်။ သူမ၏ဖခင်က အင်ဒိုချိုင်းနား စစ်မြေပြင်တွင် ထင်ရှားကျော်ကြားခဲ့သော ကြည်းတပ် ဗိုလ်မှူးကြီးတစ်ဦး ဖြစ်သည်။ ဘွဲ့ထူး၊ ဂုဏ်ထူး ငါးကြိမ်တိုင်တိုင် ရရှိခဲ့သည်။ နောက်ဆုံးတွင်မှ အယ်ဂျီးရီးယားနိုင်ငံတွင် ကွယ်လွန်ခဲ့သည်။ တကယ့်သူရဲကောင်းကြီး တစ်ယောက်ပင် ဖြစ်သည်။

သူမ၏မိခင်သည် ခင်ပွန်းသည် ကွယ်လွန်သွားသည့်အတွက် တုန်လှုပ်ချောက်ချား၍မဆုံး ရှိသည်။ ခင်ပွန်းသည် ကွယ်လွန်ပြီး နှစ်နှစ်အကြာတွင် နိုက်စ်မြို့အနီးတွင် ကားမှောက်၍ သေဆုံးခဲ့သည်။ သူမ၏မိခင်သည် ထိုညက တမင်ပင် ကားမှောက်အောင် ပြုလုပ်ခဲ့လေသလောဟု အန်းမာရီ၏ စိတ်ထဲတွင် မကြာခဏဆိုသလိုပင် တွေးထင်မိသည်။

သနားစရာကောင်းသော မိန်းကလေးရယ်။

သူ၏ နှုတ်ခမ်းစုံတွင် အပြုံးရိပ်ကလေး သန်းနေသည်။ သူမ၏ မျက်လုံးများက မှေးမှိတ်ထားဆဲပင် ရှိသည်။ လှပသော တိုက်တာအိမ်ရာများ၊ မြောက်မြားလှစွာသော အခိုင်းအစေများ၊ အထက်တန်းကျသော စာသင်ကျောင်း၊ ထို့နောက်တွင်ကား ထင်ရှားကျော်ကြားသော ဆောဘုံးတက္ကသိုလ်၊ ပြီးတော့ မမေ့နိုင်သော အတွေ့အကြုံကလေးများ၊ နောက်ပြီးတော့ တဒင်္ဂကမ္ဘာဖြစ်သော မူးယစ်ဆေးဝါး။

သူမ၏ဘဝကို ကယ်တင်ခဲ့သည်က ကင်မရာဖြစ်တော့သည်။ သူမသည် ရှစ်နှစ်သမီးအရွယ်ကပင် ကိုဒက်ကင်မရာကလေးဖြင့် ဓာတ်ပုံရိုက်ကူးခဲ့သည်။ သူမတွင် ဓာတ်ပုံပညာနှင့် ပတ်သက်သည့် ပါရမီရှိသည်။ သူမ၏ စွမ်းရည် တစ်စထက်တစ်စ တိုးတက်ခဲ့သည်။ သူမ၏အဘိုးက သူမ၏

mgyoe.com

mgyoe.com


ဝါသနာကို အသိအမှတ်ပြုခဲ့သည်။

ဆောဘုံးတက္ကသိုလ်မှ ထွက်ပြီး နောက်ပိုင်းတွင် သူမသည် ဓာတ်ပုံလုပ်ငန်းတွင် ပိုမိုစူးစိုက်သည်။ ပါရီမြို့ရှိ အတော်ဆုံး ဓာတ်ပုံပညာရှင်ကြီး တစ်ဦးထံတွင် ခြောက်လမျှ ပညာသင်ကြားသည်။ ထို့နောက် 'ပါရီမက်' မဂ္ဂဇင်းတွင် ဓာတ်ပုံသတင်းထောက်အဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ တစ်နှစ်အတွင်းမှာပင် သူမ၏ ထင်ရှားကျော်ကြားမှုက အံ့ဩဖွယ်ရာဖြစ်ခဲ့သည်။ သို့သော် သူမက သည်မျှနှင့် ကျေနပ်ရောင့်ရဲခြင်း မရှိပါ။ သူမကို ဗီယက်နမ်စစ်မြေပြင်တွင် တာဝန်ပေးရန် တောင်းဆိုခဲ့သည်။ သည်တော့ သူတို့က ရယ်မောခဲ့ကြသည်။

ယင်းသို့ဖြင့် သူမ အလုပ်မှ ထွက်လိုက်သည်။ တိုက်ပိုင်မထားဘဲ အလွတ်သတင်းထောက်အဖြစ် လုပ်ကိုင်သည်။ နောက်ဆုံးအနေဖြင့် အဘိုးဖြစ်သူကို အပူကပ်သည်။ သူမအတွက် လိုအပ်သော ထောက်ခံချက်များကို ကာကွယ်ရေးဌာနမှ ရရှိစေရန် သူ၏ ဩဇာအာဏာများကို သုံးခိုင်းသည်။ အဘိုးဖြစ်သူမှာ ဖွတ်တရွတ်နိုင်လှသော မြေးမလေးအတွက် အံ့ဩရသည်။ စိတ်ထဲမှလည်း ကျေနပ်ချီးကျူးရသည်။ သို့သော် ခြောက်လပဲဟု ဈေးဆစ်သည်။ အန်းမာရီ ကတိပြုသည်။ သို့သော် သည်ကတိကို ချိုးဖောက်ရန် အန်းမာရီ နည်းနည်းကလေးမျှ ဝန်မလေးပါ။

တကယ်လည်း ချိုးဖောက်ခဲ့သည်။ ခြောက်လပြည့်သောအခါ သူမ၏ အခြေအနေကလည်း နောက်ဆုတ်ရန် မည်သို့မျှ မဖြစ်နိုင်တော့ပါ။ သူမက ထင်ရှားကျော်ကြားလျက် ရှိချေပြီ။ သူမ၏ သတင်းဓာတ်ပုံများကို ဥရောပတိုက်နှင့် အမေရိကတိုက်ရှိ မဂ္ဂဇင်းကြီးများ အားလုံးလောက်ကပင် အသုံးပြု နေကြပြီ ဖြစ်သည်။ တိုင်း၊ ပါရီမက်၊ လိုက်ဖ် စသော မဂ္ဂဇင်းကြီးများ အားလုံးကပင် သူမ၏ သတင်းဓာတ်ပုံများကို တစ်တိုက်တည်းပိုင်အဖြစ် သုံးစွဲလိုနေကြပြီ ဖြစ်သည်။ ခါတွန်မြို့တွင်းသို့ လေထီးတပ်သားများနှင့်အတူ ခုန်ဆင်းခဲ့သော ပြင်သစ်မကလေးအဖို့ မည်သည့်တာဝန်သည်မှ ကြမ်းတမ်းခက်ခဲသည်ဟူ၍ မရှိတော့။

သည်ကနေ့ သည်ကမ္ဘာကြီးတွင် ဖြစ်ပွားနေသော စစ်ပွဲကြီး၏ အသွင်သဏ္ဍာန်ကို သူမ တွေ့မြင်ရသည်။ ဗီယက်နမ်တွင် ဖြစ်ပွားသော

mgyoe.com

mgyoe.com


စစ်ကို ကောင်းစွာ ကြုံတွေ့ရသည်။ သည်စစ်ပွဲက ယခင် သူမ ကြားခဲ့သိခဲ့ ဖူးသော စစ်ပွဲမျိုးမဟုတ်။ တပ်တွေကို စနစ်တကျ ခင်းကျင်းပြီး တိုက်သော တိုက်ပွဲမျိုးမဟုတ်။ လေထဲတွင် လွင့်ပျံလာသော စစ်ခရာသံကိုလည်း မကြားရပါ။ ရင်ထဲမှာ လှုပ်ခတ်သော အဝေးဆီမှ ဗုံးသံများကိုလည်း မကြားရပါ။ ဆိုင်ဂုံမြို့တွင်းမှာ ဖြစ်ပွားသော လမ်းပေါ်က တိုက်ပွဲများက ရက်စက်ကြမ်းတမ်းလှသည်။ သည်စစ်ပွဲက မဲခေါင်မြစ်ဝှမ်းက နွံတောကြီးများဖြစ်သည်။ အလယ်ပိုင်းကုန်းမြင့်ဒေသမှ တောနက်ကြီးများ ဖြစ်သည်။ ခြေထောက်မှာ ကြောက်မက်ဖွယ်ရာ အနာများ ဖြစ်ရသည်။ အရိုးထိအောင် အစားခံရသည်။ အမာရွတ်က သေသည်အထိ ပါတော့သည်။

သည်ကနေ့လည်း သူမသည် ဒင်တိုကိုသွားရန် လေယာဉ်ပျံမရသဖြင့် ပလေကစ်တွင် တစ်မနက်လုံး မိုးရေထဲတွင် သောင်တင်နေခဲ့ရသည်။ နောက်ဆုံးတွင်မှ ဗက်ဒီဗက် ရဟတ်ယာဉ်ဖြင့် လိုက်ပါခွင့်ရသည်။ သူမက အတော်ကြီးပင် မောပန်းနွမ်းနယ်လျက် ရှိတော့သည်။ သူမ၏ တစ်သက်တာ တွင် ဤတစ်ခါ ကြုံရသည်မှာ အပင်ပန်းဆုံး၊ အနွမ်းနယ်ဆုံး ဖြစ်တော့ သည်။ သူမအနေနှင့် အဆုံးစွန်သော အခြေအနေတစ်ခုသို့ပင် ရောက်ရှိသွား ပြီဟု အောက်မေ့ရသည်။ သူမက မသိမသာကလေး မျက်မှောင်ကြုတ်လိုက် မိသည်။ သည်အချိန်မှာပင် ရဟတ်ယာဉ်အရာရှိ၏ စူးရှစွာ အော်ဟစ်လိုက်သံ ကို ကြားရသည်။

ရဟတ်ယာဉ်အရာရှိသည် ဖွင့်ထားသော တံခါးပေါက်အနီးတွင် ရပ်နေသည်။ အရှေ့ဘက် ခပ်လှမ်းလှမ်းဆီမှ ထွက်ပေါ်လာနေသော မီးတောက်ကို လက်ညှိုးထိုးပြလျက်ရှိသည်။ ရဟတ်ယာဉ်သည် မီးတောက် ထွက်ပေါ်ရာသို့ ဝဲကွေ့သွားနေသည်။ အောက်ဘက်သို့လည်း တဖြည်းဖြည်း ချင်း နိမ့်ဆင်းသွားနေသည်။ ပွေးကော်ဗရာ လက်နက်တင် ရဟတ်ယာဉ်ကြီး သည်လည်း နောက်မှ ထက်ကြပ် လိုက်ပါလာသည်။

အန်းမာရီ ထိုင်ရာမှထပြီး ရဟတ်ယာဉ်အရာရှိအနီးသို့ သွားကာ အပြင်သို့ လှမ်းမျှော်ကာ ကြည့်သည်။ လယ်ကွင်းတစ်ခုထဲတွင် မီးလောင် နေသော ရဟတ်ယာဉ်တစ်စီးကို တွေ့မြင်ရသည်။ ရဟတ်ယာဉ်အနီးတွင် အလောင်းတွေ တုံးလုံးပက်လက် ရှိနေသည်။ တာရိုးအနီးမှနေ၍ သူတို့ကို

mgyoe.com

mgyoe.com


အရှုးအမူး လက်ဇော့ယမ်းပြနေသူမှာ အမေရိကန်စစ်ဝတ်စုံနှင့် ဖြစ်သည်။

သူတို့၏ ရဟတ်ယာဉ် အောက်သို့ နိမ့်ဆင်းသွားသည်။ လက်နက်တင် ရဟတ်ယာဉ်က အပေါ်တွင် ဝဲကျန်ရစ်သည်။ အန်းမာရီသည် ကင်မရာတစ်လုံးတွင် မှန်ဘီလူးတပ်လိုက်ပြီးနောက် ရဟတ်ယာဉ်အရာရှိ၏ ပခုံးကို ထောက်မှီကာ တစ်ပုံပြီးတစ်ပုံ ရိုက်ယူလျက်ရှိတော့သည်။

ရဟတ်ယာဉ်အရာရှိ သူမကို လှည့်ကြည့်ပြီး ပြုံးပြသည်။ သူတို့၏ ရဟတ်ယာဉ်သည် မြေပြင်မှ ပေ ၃၀ မျှသာ ဆေးမြင့်တော့သည်။ ထိုအချိန်မှာပင် အန်းမာရီ လက်ပြလိုက်မိသည်။ မိမိ ဓာတ်ပုံရိုက်ရန် ချိန်ရွယ်လိုက်သော အောက်ဘက်မှလူသည် အမေရိကန်တစ်ယောက် မဟုတ်ပါ၊ ဗီယက်နမ်တစ်ယောက် ဖြစ်ချေသည်။ ထိုစဉ်မှာပင် ကိုက်ငါးဆယ်ခန့် ဝေးကွာသော တောအုပ်အတွင်းမှနေ၍ စက်ကြီးနှစ်လက်ဖြင့် ပစ်ခတ်ကြလေသည်။ သည်အကွာအဝေးသည် မည်သို့မျှ မလွဲနိုင်သော အကွာအဝေးပင် ဖြစ်တော့သည်။

တံခါးဝတွင်ရပ်နေသော ရဟတ်ယာဉ်အရာရှိသည် မည်သို့မျှ ကံမကောင်းနိုင်ပါ။ သူ့ကိုယ်တွင်းသို့ ကျည်ဆန်များ တရစပ် ဝင်ရောက်သည်။ နောက်သို့ လန်ထွက်သွားပြီး အန်းမာရီကို ပြင်းထန်စွာ တိုက်ဆောင့်သည်။ ဆေးသေတ္တာများပေါ်သို့ အန်းမာရီ လဲကျသွားသည်။ မိမိကိုယ်ပေါ်တွင် ကျရောက်နေသော ရဟတ်ယာဉ်အရာရှိကို တွန်းဖယ်လိုက်ပြီး အန်းမာရီ ဒူးတစ်ဖက်ထောက်ကာ ထိုင်လိုက်သည်။ ဆေးမှူးကလေးသည် ရဟတ်ယာဉ်တစ်နေရာတွင် ခွေနေသည်။ သွေးချင်းချင်းနီနေသော လက်မောင်းကို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ထားသည်။ နောက်ထပ် စက်သေနတ်သံများ ထွက်ပေါ်လာပြန်သည်။ စက်ခန်းကို ထိမှန်သည်။ ရဟတ်ယာဉ်မှူး၏ အော်ဟစ်သံကို အန်းမာရီ ကြားရသည်။

အန်းမာရီ ရှေ့သို့ ယိမ်းထိုးသွားသည်။ ဒေါက်တိုင်တစ်ခုကို ဖမ်းကိုင်ထားလိုက်ရသည်။ ထိုစဉ်မှာပင် ရဟတ်ယာဉ်သည် အပေါ်သို့ ဝုန်းခနဲ မြင့်တက်သွားပြီး အန်းမာရီ တံခါးပေါက်မှ လွင့်ထွက်သွားသည်။ အောက်ဘက်ရှိ လယ်ကွက်ထဲသို့ ကျသွားသည်။ ရွှံ့တွေ၊ ရေတွေထဲသို့ ကျရောက်သွားသည်။ ဗက်ဒီဗက်ရဟတ်ယာဉ် လေထဲသို့ ပေနှစ်ဆယ်၊ သုံးဆယ်ခန့် တက်သွားပြီးနောက် လက်ဝဲဘက်သို့ ရုတ်တရက် ထိုးစောင်း

mgyoe.com

mgyoe.com


ကာ ဝုန်းခနဲ ပေါက်ကွဲသည်။ မီးတောက်ကြီး ပေါ်ထွက်သွားပြီး အားလုံး တစ်စစီ လွင့်ထွက်ကုန်တော့သည်။

အန်းမာရီ မတ်တတ်ထရပ်သည်။ တစ်ကိုယ်လုံး ရွှံ့တွေ ပေရေနေသည်။ တာရိုးပေါ်တွင် အမေရိကန်စစ်ဝတ်စုံနှင့်လူ မားမားကြီးရပ်နေသည်ကို တွေ့ရသည်။ သူ့မျက်နှာက အရှေ့တိုင်းသားစစ်စစ်ကြီး ဖြစ်သည်။ သူ့လက်ထဲတွင် အေကေ ၄၇ မောင်းပြန်သေနတ်ကို ကိုင်ထားသည်။ သူမကို တည့်တည့်မတ်မတ်ကြီး ချိန်ရွယ်ထားသည်။ ထိုမျှမကပါ၊ တာရိုးပေါ်တွင် နောက်ထပ် ရန်သူ လေးငါးယောက်မျှ ရှိနေသည်ကိုလည်း တွေ့ရသည်။ မြက်ဦးထုပ်များ ဆောင်းထားကြသည်။ အင်္ကျီရှည် အနက်ကြီးများနှင့် ဖြစ်ကြသည်။ သူတို့က မြောင်းထဲမှ တက်လာကြခြင်း ဖြစ်သည်။ သူမထံသို့ တန်းတန်းမတ်မတ်ကြီး လာနေကြသည်။

သည်စဉ်မှာပင် လက်နက်တင် ရဟတ်ယာဉ် ဝဲပျံလာသည်။ စက်သေနတ်များဖြင့် ပစ်ခတ်သည်။ တာရိုးတစ်လျှောက်တွင် ကျည်ဆန်ထိမှန်သဖြင့် ဖုန်တထောင်းထောင်း ထသွားသည်။ ရန်သူများအားလုံး မြောင်းထဲသို့ ပြန်လည် ရောက်ရှိသွားကြသည်။

အန်းမာရီ မော်ကြည့်လိုက်သည်။ လက်နက်တင် ရဟတ်ယာဉ် ဝဲပျံလျက်ရှိသည်။ သို့ရာတွင် ထိုအချိန်မှာပင် လယ်ကွင်း၏ တစ်ဖက်ဆီမှ ရန်သူတပ်သားများ ထွက်ပေါ်လာကြသည်။ ကာကီယူနီဖောင်းများနှင့် ဖြစ်သည်။ အင်အား လေးငါးဆယ်ခန့် ရှိသည်။ တောအုပ်ထဲမှ ထွက်လာကြခြင်းဖြစ်သည်။ ၎င်းတို့က ရှိသမျှ လက်နက်များဖြင့် ရဟတ်ယာဉ်ကို ပစ်ခတ်ကြသည်။ ရဟတ်ယာဉ်ကလည်း ၎င်းတို့ရှိရာဘက်သို့ ပျံသန်းသွားပြီး ဒုံးကျည်များဖြင့် ပြန်လည်ပစ်ခတ်သည်။ ရန်သူတပ်သားများ တောအုပ်တွင်းသို့ ပြန်လည် ရောက်ရှိသွားကြသည်။ ရဟတ်ယာဉ်သည် ဝဲကွေ့ပြီး တောင်ဘက်သို့ နှစ်ဖာလုံခန့် ပျံသန်းသွားသည်။ ထို့နောက် တိုက်ပွဲဖြစ်ပွားရာဒေသကို မှန်မှန်ကြီး ဝဲပတ်လျက် ရှိတော့သည်။

အန်းမာရီသည် တာရိုးကို အကာအကွယ်ပြုကာ ဝပ်နေသည်။ အမောဖြေနေသည်။ အတန်ငယ်ကြာမှ ဖြည်းလေးစွာ ထရပ်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။ မိမိပတ်ဝန်းကျင်ရှိ အနီဒွာရုံ

mgyoe.com

mgyoe.com


မြင်ကွင်းကို အန်းမာရီ ကြည့်သည်။ မီးလောင်နေသော ရဟတ်ယာဉ်၊ ရွှံ့တွေ၊ ရေတွေထဲမှ အလောင်းကောင်များ၊ သည်မှတစ်ပါးကား ဟင်းလင်းပြင်ကြီး ဖြစ်သည်။ ကိုက်သုံးလေးဆယ်ခန့် အကွာတွင်ကား ကျူတောကြီးတစ်ခု ရှိသည်။ သူမတစ်ယောက်တည်း ရှိနေသည်။ သူမ၏ ဘဝတစ်သက်တာတွင် အန္တရာယ်အကြီးမားဆုံး ကာလတစ်ခုပင် ဖြစ်တော့သည်။ သူမအဖို့သည် ဘေးအန္တရာယ်မှ လွတ်မြောက်နိုင်သည့် နည်းလမ်းတစ်လမ်းပဲ ရှိသည်။ ယင်းကား လက်နက်တင် ရဟတ်ယာဉ်မှ ရေဒီယိုဖြင့် အကြောင်းကြားသဖြင့် စစ်ကူများ ရောက်ရှိလာဖို့ပင် ဖြစ်သည်။ သည်အတွင်းမှာတော့ သူမမှာ လုပ်စရာတစ်ခုပဲ ရှိသည်။

သူမ၏ လည်ပင်းတွင် သိုင်းလွယ်ထားသော ကင်မရာနှစ်ခုလုံးပင် ရွှံ့များ လိမ်းကျံလျက်ရှိသည်။ သူမသည် လေထီးဝတ်စုံ ဂျက်ကက်အင်္ကျီအိတ်အတွင်းမှ မှန်ဘီလူးတစ်ခုကို ထုတ်ယူလိုက်သည်။ ထို့နောက် ဖလင်အသစ်တစ်လိပ်ကို ဖွင့်သည်။ ထို့နောက် ဒူးဆစ်လောက်နက်သော ရေထဲတွင် လျှောက်သွားရင်း ဓာတ်ပုံများ ရိုက်ယူတော့သည်။ သူမ၏ ပတ်ပတ်လည်တွင် အလောင်းကောင်များသာ ဖြစ်ကြသည်။ သို့သော် ရုတ်တရက်ဆိုသလို သူမနှင့် ဆယ့်လေးငါးကိုက်အကွာတွင် ရန်သူသုံးယောက် ရပ်နေသည်ကို တွေ့လိုက်ရသည်။

ခေတ္တမျှတော့ လုံးဝ ငြိမ်သက်နေသည်။ ရန်သူသုံးယောက်၏ မျက်နှာများသည် လှုပ်ရှားမှုကင်းမဲ့လျက် ရှိသည်။ သုံးယောက်အနက် အလယ်မှလူသည် အသက် ၁၅ နှစ်၊ ၁၆ နှစ်အရွယ်မျှရှိသော လူငယ်ကလေး တစ်ယောက်ဖြစ်သည်။ လူငယ်ကလေးသည် လက်ထဲမှ သေနတ်ကိုမြှောက်လိုက်ပြီး သေသေချာချာ ချိန်ရွယ်သည်။ အန်းမာရီကလည်း သူမ၏ ကင်မရာကို မြှောက်ကာ ချိန်ရွယ်လိုက်သည်။ သည်တစ်ခါတော့ မိမိသေပြီဟု အန်းမာရီ မှတ်ယူလိုက်သည်။ သည်ပုံသည် မိမိ နောက်ဆုံးရိုက်ကူးထားသောပုံပင် ဖြစ်ပေလိမ့်မည်။ အင်္ကျီရှည်အနက်ကြီးနှင့် လှပသော လူရွယ်ကလေး တစ်ယောက်၏ ပုံပင်ဖြစ်သည်။ သူတို့သုံးယောက်၏ အထက်ဘက်တွင် ကောင်းကင်သည် ထစ်ချုန်းလျက်ရှိသည်။ မိုးကြီးသည်းထန်စွာ ရွာသွန်းနေသည်။ သည်စဉ်မှာပင် ဟစ်အော်သံကြီးတစ်ခု ထွက်ပေါ်လာသည်။ မိုးသံ၊

mgyoe.com

mgyoe.com


လေသံကို ထွင်းဖောက်ပြီး ထွက်ပေါ်လာခြင်း ဖြစ်သည်။ ဆာမူရိုင်း တစ်ကောင်၏ ဟစ်အော်သံမျိုး ဖြစ်သည်။ ဘာမထိဖြစ်သည့် အာဇာနည် ဟစ်အော်သံမျိုးတည်း။

ရန်သူများ ကစဉ့်ကလျား ပြေးကြသည်။ သူတို့နောက်ဘက်ရှိ ကျူတောထဲမှ လူတစ်ယောက် ထွက်ပေါ်လာသည်။ သူတို့ထံသို့ ရုပ်ရှင်အနေးပြသည့်နှယ် တစ်လှမ်းချင်း ပြေးလာလျက်ရှိသည်။ ခေါင်းမှာ ပဝါစည်းထားသည်။ လေထီးဆင်း ပြောက်ကျားအင်္ကျီ၊ ခါးပတ်လည်တွင် လက်ပစ်ဗုံးများ စီရရီလျက်ရှိသည်။ သူ့လက်ထဲမှ အင်မ် ၁၆ မောင်းပြန်သေနတ်ကို အဆက်မပြတ် ပစ်ခတ်ရင်း ပါးစပ်မှလည်း ကြောက်မက်ဖွယ်ရာ ဟစ်ကြွေးလျက်ရှိသည်။

သူမက ကင်မရာကို သူ့ဘက်သို့ လှည့်ပြီး ချိန်လိုက်သည်။ သူ၏ လှုပ်ရှားနေသောပုံများကို ရိုက်ယူသည်။ သူ၏ လက်ချက်ဖြင့် ရန်သူ တစ်ယောက် ကျသွားသည်။ နောက်တစ်ယောက် ထပ်ပြီးကျသည်။ သဲကြီးမဲကြီး ပစ်ခတ်နေသော လူငယ်ကလေးအနီးသို့ ရောက်ရှိသောအခါ သူ့လက်ထဲမှ သေနတ်ကျည်ကုန်သွားသည်။ သူက လူငယ်ကလေးကို သေနတ်ဒင်နှင့်လွှဲပြီး တအားရိုက်ချလိုက်သည်။ လူငယ်ကလေး လဲကျသွားသည်။ ကယ်တင်ရှင် ယောက်ျားကြီးသည် သေနတ်ကိုပင် ကျည်ထပ် ဖြည့်မနေတော့ဘဲ သူမ၏ လက်ကိုဆွဲကာ ကျူတောဆီသို့ ပြန်ပြီး ပြေးသွားသည်။

သူတို့၏ နောက်ဘက်တာရိုးဆီမှ ဟစ်အော်သံများနှင့် သေနတ်သံများ ထွက်ပေါ်လာသည်။ သူမ၏ လက်ဝဲဘက် ခြေထောက်ကို အကန်ခံလိုက်ရသလို ရှိပြီး အန်းမာရီ လဲကျသွားသည်။ ထိုအခါ ကယ်တင်ရှင်သည် သေနတ်ကို ကျည်ကတ်အသစ် တပ်ဆင်ပြီး တာရိုးဆီသို့ ပစ်ခတ်သည်။ သူက ကြောက်မက်ဖွယ်ရာ ရယ်မောရင်း ပစ်ခတ်နေသည်။ ထို့နောက် သူသည် သူမကို ဆွဲထူသည်။ ထိုအခါ သူမသည် ကြီးမားသော အင်အားတစ်ခုကို တွေ့ထိခံစားရသည်။ မိမိ၏ ခြေထောက်ပေါ်တွင် ပြန်လည်ရပ်နိုင်သည်။ မကြာမီမှာပင် သူတို့သည် ဘေးကင်းရာ ကျူတောကြီးအတွင်းသို့ ရောက်ရှိသွားကြသည်။

* * *

mgyoe.com

mgyoe.com


သူက သူမကို ရွှံ့ကမူကလေး တစ်ခုပေါ်တွင် တင်လိုက်သည်။ ထို့နောက် သူမ၏ ကာကီဘောင်းဘီရှည်ကို ဓားဖြင့် ထိုးခွဲပြီး ဒဏ်ရာကို စစ်ဆေးကြည့်ရှုသည်။

"ညီမ ကံကောင်းတယ်။ ကျည်ဆန်က တစ်ဖက် ဖောက်ထွက်သွားတယ်။ အင်မ်ဝမ်းကျည်ဆန်ပဲ ဖြစ်ရမယ်။ အကော ၄၇ ဆိုရင် အရိုးကွဲထွက်သွားမယ်"

သူက ကျွမ်းကျင်စွာပင် သူမ၏ ဒဏ်ရာကို ပတ်တီးစည်းပေးသည်။ ထို့နောက် မော်ဖင်းတစ်ပုလင်းကို ဖောက်ပြီး သူမအား ထိုးပေးသည်။

"မော်ဖင်းထိုးထားမှ ညီမ နေနိုင်မယ်။ သေနတ်ဒဏ်ရာက ဘယ်တော့မှ ချက်ချင်းမနာဘူး။ ဗြုန်းခနဲ ဆိုတော့ တုန်လှုပ်ချောက်ချားသွားပြီး နာရမှန်းမသိဘူး။ နောက်မှ တဖြည်းဖြည်း နာလာမယ်"

"အစ်ကို့ ကိုယ်တွေ့ပဲလား"

သူက ပြုံးလိုက်ရင်း–

"ပြောနိုင်ပါတယ်။ စီးကရက်ရှိတယ်၊ ဒါပေမဲ့ မီးခြစ်တော့ မရှိတော့ဘူး။ ပျောက်သွားပြီ"

"ကျွန်မမှာ မီးခြစ်ရှိပါတယ်"

သူသည် စီးကရက်ဘူးကို ဖွင့်ပြီး စီးကရက်နှစ်လိပ်ကို ပါးစပ်တွင် ကပ်သည်။ ထို့နောက် သံဘူးကို သေချာစွာ ပြန်ပိတ်သည်။ သူမက သူ့ကို ကြေးဝါမီးခြစ်ကလေး ပေးလိုက်သည်။ သူက စီးကရက်နှစ်လိပ်ကို မီးညှိပြီးနောက် တစ်လိပ်ကို သူမ၏ နှုတ်ခမ်းလွှာနှစ်ခုကြားတွင် တပ်ပေးလိုက်သည်။ ထို့နောက် မီးခြစ်ကလေးကို သေသေချာချာ စစ်ဆေးကြည့်ရှုသည်။

"၇ ဒသမ ၆၆ မမ ရှုရှကျည်ပဲ၊ အံ့သြစရာပါလား"

"ကျွန်မဖေဖေရဲ့ မီးခြစ်ပါ။ ၁၉၄၄ ခုနှစ်၊ ဩဂုတ်လထဲမှာ ဂျာမန်လေထီးတပ် ဗိုလ်မှူးကြီးတစ်ယောက်ကို တော်လှန်ရေး ပြောက်ကျားတွေ လက်က ဖေဖေ ကယ်တင်ခဲ့တယ်။ ဗိုလ်မှူးကြီးတွေက ဖေဖေ့ကို အမှတ်တရ လက်ဆောင်အဖြစ် ဒီမီးခြစ်ကလေးကို ပေးခဲ့တယ်။ ဖေဖေဟာ အယ်ဂျီးရီးယားမှာ ကျဆုံးခဲ့တယ်။ ဒီဗီယက်နမ်မှာ ဘာမှမဖြစ်ခဲ့ဘူး"

"ညီမပြောပုံက သင်းပါပေတယ်"

mgyoe.com

mgyoe.com


သူက မီးခြစ်ကလေးကို သူမအား ပြန်ပေးသည်။ သူမက ခေါင်းကို ခါယမ်းလိုက်ပြီး–

"အစ်ကို ယူထားပါ"

"အမှတ်တရ လက်ဆောင်လား"

"အမှတ်တရပါပဲ။ ကျွန်မတို့ ဒီကနေ ဘယ်လိုမှ လွတ်မြောက်နိုင်ကြတော့မှာ မဟုတ်ပါဘူး"

"ကိုယ်ကတော့ ဒီလိုမထင်ဘူး။ ကော်ဗရာရဟတ်ယာဉ်ဟာ ကောင်းကင်မှာ ရှိနေတုန်းပဲ။ မိနစ်နှစ်ဆယ်အတွင်းမှာ ကယ်ဆယ်ရေးတပ်ဖွဲ့တွေ ရောက်လာလိမ့်မယ်။ ရုပ်ရှင်ထဲမှာ မင်းသားနဲ့ မင်းသမီးကို လက်မတင်ကလေး ကပ်ပြီး ကယ်လိုက်တဲ့ သဘောမျိုးပဲပေါ့။ သူတို့ရဲ့ ကြိုးပမ်းမှုဟာ အလဟဿမဟုတ်ဘူးဆိုတာ သိရအောင် ကိုယ် အချက်ပေးလိုက်မယ်"

သူသည် အင်္ကျီအိတ်အတွင်းမှ မီးကျည်သေနတ်ကို ထုတ်ပြီး မိုးကောင်းကင်ဘက်သို့ နီရဲသော မီးကျည်တန်းကလေး ပစ်လွှတ်လိုက်သည်။

"ရန်သူတွေက အကွက်ဆင်ပြန်တာပဲလို့ သူတို့ မထင်နိုင်ဘူးလား"

"မထင်နိုင်ဘူး"

သူက နောက်ထပ် မီးနီတစ်ခု ပစ်လွှတ်လိုက်သည်။ ထို့နောက် မီးစိမ်းတစ်ခု။

"ဒီကနေ့အတွက် သတ်မှတ်ထားတဲ့ အရောင်ပဲ"

"ဒါဆိုရင် သူတို့ လာကြမှာပေါ့"

"ထင်တာပဲ"

ထို့နောက် သူသည် အင်မ် ၁၆ မောင်းပြန်သေနတ်ကို အဝတ်စတစ်ခုဖြင့် တိုက်ချွတ်လျက်ရှိသည်။ မိန်းကလေးက နီကွန်ကို မြှောက်၍ ချိန်ယူသည်။ နောက်ပိုင်းတွင် သူမ သိရှိသည်မှာ သူ၏ အသက်သည် ၂၃ နှစ်ရှိပြီး သူ၏ အရပ်အမောင်းမှာ ခြောက်ပေအောက် လျော့လျော့ကလေး ဖြစ်သည်။ ရင်အုပ်ကျယ်သည်။ နက်မှောင်သော ဆံပင်များကို နောက်သို့လှန်ပြီး ကာကီခေါင်းစည်းဖြင့် ဖိထားသဖြင့် ရှေးခေတ် သူရဲကောင်းတစ်ယောက်နှင့် တူသည်။ မျက်နှာသွယ်လျသည်။ အထူးခြားဆုံးကတော့ သူ၏ မျက်လုံးများပင် ဖြစ်သည်။ ညိုမည်းသည်။ တည်ငြိမ်သည်။ အတွင်းစိတ်ကို

mgyoe.com

mgyoe.com


ထုတ်ဖော်ခြင်းမရှိချေ။

"အစ်ကိုက ဘယ်သူလဲ"

မိန်းကလေးက မေးလိုက်သည်။

"လေထီးဆင်း ကွန်မန်ဒို တပ်ကြပ်ကြီး မာတင်ဘရိုနင်"

"အစ်ကိုက ဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုဖြစ်တာလဲဆိုတော့ ထောင်ချောက်ထဲမှာ မိတာပဲပေါ့။ အင်မတန်ပါးတဲ့ တောသားတွေပဲ။ အင်အားက ကိုယ်တို့ တစ်ဝက်လောက်ပဲ ရှိတယ်။ ကိုယ်တို့အနေနဲ့ သူတို့ကို အသာကလေး နိုင်နိုင်တယ်။ ဒါပေမဲ့ ညီမတို့ အမိခံရသလိုပဲ ကိုယ်တို့လည်း ခံလိုက်ကြရတာပဲ။ ကိုယ်တို့လူစု ဟာ ပုံမှန်ကင်းလှည့်ရာကနေ ရဟတ်ယာဉ်နဲ့ ဒင်တိုမြို့ကို အပြန်ပဲ။ ကိုယ်တို့လူစု ၁၄ ယောက်နဲ့ ရဟတ်ယာဉ်အဖွဲ့တစ်ခုလုံးမှာ သေချာတာ ကတော့ ကိုယ်တစ်ယောက်ပဲ အသက်ရှင်ပြီး ကျန်ရစ်တာပဲ။ ဟိုအထဲမှာ မသေသေးတဲ့လူ အနည်းအပါး ရှိကောင်းရှိနိုင်တယ်"

သူမက ပုံပေါင်းများစွာ ရိုက်ယူသည်။ သူ မျက်မှောင်ကြုတ်လိုက် သည်။

"ညီမဟာ တကယ်ပဲ ဓာတ်ပုံမရိုက်ရင် မနေနိုင်ဘူးလား။ မနှစ်က လိုက်ဖ်မဂ္ဂဇင်းမှာ ညီမအကြောင်းရေးထားတဲ့ ဆောင်းပါးထဲကအတိုင်းပါပဲ လား။ စွဲလမ်းခြင်းပဲပေါ့ ဟုတ်လား။ ညီမဟာ တကယ်ပဲ ကိုယ့်ကို သေနတ်နဲ့ ပစ်မယ်လုပ်နေတဲ့ ကောင်ကလေးကိုတောင် ဓာတ်ပုံရိုက်ယူခဲ့တယ်"

သူမက ကင်မရာကို နှိမ့်လိုက်ပြီး–

"ကျွန်မ ဘယ်သူလဲဆိုတာ အစ်ကို သိသလား"

သူ ပြုံးလိုက်ပြီး–

"တိုင်းမဂ္ဂဇင်း မျက်နှာဖုံးရတဲ့ အမျိုးသမီး ဓာတ်ပုံသတင်းထောက် ဘယ်နှယောက်များ ရှိဖူးသလဲ"

သူသည် နောက်ထပ် စီးကရက်တစ်လိပ် မီးညှိလိုက်ပြီးနောက် သူမကို လှမ်းပေးသည်။ သူ၏အသံနှင့် ပတ်သက်ပြီး သူမ၏ စိတ်ထဲတွင် ဇဝေဇဝါ ရှိနေသဖြင့်–

"ဘရိုနင်၊ ဒီနာမည်မျိုး ကျွန်မ မကြားဖူးပါဘူး"

mgyoe.com

mgyoe.com


"အိုင်းရစ် နာမည်ပဲ။ ပိုပြီး တိတိကျကျပြောရရင် ကာရီပြည်နယ်ကပဲ။ ဒီနာမည်မျိုးကို ကိုယ်တို့ အိုင်ယာလန်မှာပဲ မှည့်တတ်တယ်"

"အမှန်အတိုင်းပြောရရင် ကျွန်မက အစ်ကို့ကို အင်္ဂလိပ်လို့ထင်နေတာ"

သူက သူမကို တမင် ထိတ်လန့်ဟန်မျိုးဖြင့် ကြည့်လိုက်ပြီး–

"အဲဒီစကားသာ ကြားရရင် ကျုပ်အဖေ သင်္ချိုင်းထဲက ပြန်ထွက်လာလိမ့်မယ်။ ကျုပ်အမေကလည်း သူ့ကိုယ်သူ ဂုဏ်သရေရှိ အမျိုးသမီးကောင်းတစ်ယောက်ဆိုတာ မေ့သွားပြီး မင်းမျက်နှာကို တံတွေးနဲ့ ထွေးလိမ့်မယ်။ ကျုပ်ဟာ အိုင်းရစ် အမေရိကန်စစ်စစ်ပဲ။ ဘော်စတန်ကပဲ။ ကျုပ်အမေက ဒဗ္ဗလင်မြို့မှာ မွေးတာပဲ။ ကက်သလစ်တစ်ယောက်ပဲ။ ကိုယ့်ကို သူတို့လို ဖြစ်အောင် မလုပ်နိုင်ကောင်းလားဆိုပြီး ကိုယ့်အမေက ကိုယ့်အဖေကို ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူး ဖြစ်နေတယ်"

သူ စကားပြောကောင်းသဖြင့် သူမက လက်ရှိအခြေအနေကိုပင် မေ့လျော့နေမိသည်။ ယင်းအတွက် သူမက သူ့ကို သဘောကျမိသည်။

"ဒါပေမဲ့ အစ်ကို့ အသံထွက်ကျတော့ကော နည်းနည်းကလေးမှ မဝဲပါလား"

"ဒါကတော့ ကျောင်းကောင်းတာနဲ့ ဆိုင်တယ်၊ တက္ကသိုလ်နဲ့လည်း ဆိုင်တယ်"

"အစ်ကိုက ယေးတက္ကသိုလ်က ထွက်တာလား"

"ကိုယ်တို့ မိသားစုတွေအားလုံးပဲ ယေးကို သွားကြတယ်၊ ဒါပေမဲ့ ကိုယ်ကတော့ ပရင်စတန်ကို ရွေးတယ်။ စာရေးဆရာကြီး စကော့ဖစ်ဇဂျရယ်ဟာ ပရင်စတန်က ထွက်တာပဲ။ ကိုယ်ကလည်း စာရေးဆရာဖြစ်ချင်တဲ့ လူတစ်ယောက်။ အင်္ဂလိပ်စာအဓိကနဲ့ မနှစ်ကအောင်တယ်"

"အလိုလေး၊ ဒီလိုလူမျိုးတစ်ယောက်က ဘယ်လိုဖြစ်ပြီး ဗီယက်နမ်စစ်မြေပြင်မှာ တပ်ကြပ်ကြီးအဆင့်မှာ အမှုထမ်းနေရတာလဲ"

"ကိုယ်ကလည်း ဒီမေးခွန်းကို ခဏခဏ မေးမိပါတယ်။ အမှန်တော့ ကိုယ့်ရည်မှန်းချက်ကို ဆက်ပြီး သွားဖို့ပဲ၊ ပါရဂူဘွဲ့ကို ဆက်ပြီး ယူဖို့ပဲ။ ဒါပေမဲ့ အဲဒီအချိန်မှာပဲ ကိုယ်တို့ရဲ့ ဥယျာဉ်မှူးဖြစ်တဲ့ ဟယ်ရီဟာ ပျိုးအိမ်ထဲမှာ တစ်ယောက်တည်း ငိုနေတယ်။ ကိုယ်က ဘာဖြစ်လို့ငိုတာလဲလို့

mgyoe.com

mgyoe.com


မေးတော့ သူ့ရဲ့သား ဂျိုးဟာ ဗီယက်နမ်မှာ ကျသွားပြီတဲ့၊ အခုပဲ သတင်းကြားရတယ်တဲ့"

ဘရိုနင်၏ မျက်နှာတွင် အပြုံးမရှိတော့ပါ။

"ဒါပေမဲ့ သူ ငိုရတဲ့အကြောင်းရင်းက ဂျိုးကြောင့်တင် မဟုတ်ဘူး၊ မနှစ်တုန်းကလည်း သူ့ရဲ့ သားတစ်ယောက်ဖြစ်တဲ့ အယ်လီဟာ ဗီယက်နမ်မှာပဲ ကျဆုံးခဲ့ရတယ်"

ပကတိ တိတ်ဆိတ်သွားသည်။

မိုးကြီး ရွာလာသည်။

မိန်းကလေးက–

"အဲဒီတော့"

"ကိုယ့်အမေက သူ့ကို ဒေါ်လာတစ်ထောင် ပေးလိုက်တယ်။ အဲဒါကို ကိုယ် ကောင်းကောင်းကြီး မှတ်မိနေတယ်။ ဘာဖြစ်လို့တုံးဆိုတော့ အဲဒီ အချိန်က ကိုယ်ဝတ်ထားတဲ့ ကသ္မီရသိုးမွေးနဲ့ ပိုးအင်္ကျီဟာ ဒေါ်လာရှစ်ရာ တန်တယ်။ သူက ဒေါ်လာတစ်ထောင်အတွက် အရမ်းကို ကျေးဇူးတင်ရှာတယ်"

သူ ခေါင်းကို ယမ်းခါသည်။

"ဒါနဲ့ အစ်ကိုဟာ မဟာစွန့်စားခန်းကြီးတစ်ခု လုပ်တာပေါ့။ ဟုတ်လား"

အန်းမာရီ တိုးညင်းစွာ ပြောသည်။

"ကိုယ့်စိတ်ထဲမှာ သိပ်ကို ရှက်သွားတယ်၊ ကိုယ့်စိတ်ထဲမှာ ဖြစ်လာတဲ့အတိုင်း ကိုယ်ဟာ လုပ်တတ်တယ်။ အစ်ကိုဟာ လက်တွေ့သမားတစ်ယောက်ပဲ"

သူ့မျက်နှာတွင် အပြုံးရိပ် ပြန်ပြီး ထင်လာသည်။

သူမက–

"လက်တွေ့ဘဝကို အစ်ကို ဘယ်လိုသဘောရသလဲ"

"ဗီယက်နမ်လား၊ မြေပုံမရှိတဲ့ ငရဲပြည်ပဲ"

"ဒါပေမဲ့ အစ်ကိုဟာ ဒီငရဲပြည်မှာ ပျော်နေပုံရတယ်။ အစ်ကိုဟာ လူသတ်ရတာကို သိပ်ပြီး သဘောကျနေပုံရတယ်"

mgyoe.com

mgyoe.com


သူ့မျက်နှာတွင် အပြုံးရိပ် တန့်ရပ်သွားသည်။

သူမက ဆက်ပြောသည်။

"ညီမကို စိတ်မဆိုးပါနဲ့ အစ်ကို။ ဒါပေမဲ့ လူတွေရဲ့ မျက်နှာတွေကို အကဲခတ်တဲ့အလုပ်ဟာ ညီမရဲ့ အလုပ်ပါပဲ"

"သဘောကျနေတယ်လို့တော့ ကိုယ် မထင်ပါဘူး။ ဒါပေမဲ့ ဒီအလုပ်မှာ ကိုယ်ဟာ တော်တယ်ဆိုတာတော့ ကိုယ်သိပါတယ်။ ညီမဟာ ဒီအရပ်မှာ ရောက်နေတယ်။ ညီမဆီကို လူတစ်ယောက်က သေနတ်နဲ့ လာနေတယ်။ ညီမကလည်း ကိုယ့်ရပ်ကိုယ်ရွာကို ပြန်ရောက်ချင်တယ်။ ဒီသဘောပါပဲ"

တိတ်ဆိတ်သွားသည်။ အတော်ကြီး ကြာသွားသည်။ ပြီးတော့မှ သူ ဆက်ပြောသည်။

"အခုတော့ ကိုယ်နားလည်တယ်။ ကိုယ့်အဖို့ ဒီမှာ ဖူလုံပါပြီ။ ဇန်နဝါရီဆိုရင် ကိုယ် နှစ်ဧပြီ။ ကိုယ့်အဖို့ ဇန်နဝါရီရောက်ဖို့ အများကြီး လိုနေသေးတယ်။ ဒီလောကအတွက် အချိန်တွေအများကြီးကို ကျန်နေပါသေးတယ်။ အိလိယော့ပြောတဲ့ စကားတစ်ခွန်းကို ကိုယ် မှတ်မိနေတယ်။ ကိုယ်တို့ဟာ တံခါးပေါက်ရှိတဲ့ လမ်းကို မလိုက်မိရင် ဘယ်တော့မှ နှင်းဆီဥယျာဉ်ထဲကို မရောက်နိုင်ဘူး။ ကဲ... အဲဒီတော့ ကိုယ်ဟာ ဒီက ရှေ့မှာ တွေ့သမျှ တံခါးပေါက်တွေအားလုံးကို ဖွင့်ရမယ်"

"ဒါပြီးရင် အစ်ကို ဘာလုပ်မလဲ၊ ပရင်စတန်တက္ကသိုလ်မှာ ပြန်တက်မလား"

သူမက မေးလိုက်သည်။

"မတက်ဘူး၊ ဒီကိစ္စကို ကိုယ် သေသေချာချာ စဉ်းစားပြီးပြီ။ ကိုယ့်ရဲ့ ဘဝဟာ အများကြီး ပြောင်းလဲသွားပြီ။ အိုင်ယာလန်ကို လိုက်သွားမယ်။ ထရီနီတီတက္ကသိုလ်မှာ တက်မယ်။ ကိုယ့်ရဲ့ မျိုးနွယ်ကို ပြန်လည်ရှာဖွေမယ်။ ကိုယ့်မေမေ ငယ်ငယ်ကလေးကတည်းက သင်ပေးခဲ့လို့ ကိုယ်ဟာ အိုင်းရစ်စကားကို ကောင်းကောင်းပြောနိုင်ပါတယ်"

"အစ်ကို့ကို စောင့်ကြိုနေမယ့် မိန်းကလေးမရှိဘူးလား"

"၁၈ ယောက်၊ အယောက်နှစ်ဆယ်ထက် မပိုပါဘူး။ ဒါပေမဲ့ ကိုယ်ဟာ ပါရီမြို့က လမ်းဘေး ကဖေးတစ်ခုမှာ ဝိုင်ကလေး သောက်နေချင်ပါတယ်။

mgyoe.com

mgyoe.com


ကိုယ့်ဘေးမှာ ညီမ ရှိနေမယ်ဆိုရင်ပေါ့လေ”

“အဲဒီအချိန်မှာ မိုးကလေးရွာနေဖို့ လိုပါတယ်အစ်ကို။ ဒါမှ သစ်အယ်နံ့ကလေး သင်းပျံ့လာမယ် မဟုတ်လား။ အဲဒါမှလည်း ပါရီမြို့ရဲ့ဘဝ ဖြစ်တော့မှာပေါ့ အစ်ကိုရယ်”

မိန်းကလေးက မျက်လုံးများကို မှေးမှိတ်ထားရင်း ပြောသည်။

“ညီမ တကယ်ပြောတာလား”

သူ မေးလိုက်သည်။ ထိုစဉ်မှာပင် ကျူတောထဲမှ အသံများ ကြားရသဖြင့် လက်ထဲမှ သေနတ်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

“တကယ်ပဲပေါ့ အစ်ကိုရယ်”

သူမ၏အသံမှာ အိပ်ချင်မူးတူး ရှိနေသည်။ သူမက တကယ်ပင် အိပ်ချင်နေပြီ။

“ဒါဆိုရင် ကိုယ်တို့နှစ်ယောက် ချိန်းကြတာပေါ့”

သူက တိုးညင်းစွာ ပြောလိုက်ပြီး ဒူးတစ်ဖက်ထောက်ကာ ထိုင်လိုက်သည်။ ထို့နောက် ကျူတောထဲသို့ ပစ်ခတ်သည်။

နာကျင်စွာ အော်ဟစ်လိုက်သော အသံတစ်ခု ထွက်ပေါ်လာသည်။ ထို့နောက် ပြန်လည်ပစ်ခတ်သံ ကြားရသည်။ ဘရိုနင်၏ လက်ဝဲဘက်ရင်အုံကို ကျည်ထိမှန်သည်။ သူ နောက်ပြန်လဲကျသွားသည်။ မိန်းကလေး၏ ကိုယ်ပေါ်မှ ကျော်ပြီး ကျသွားသည်။

မိန်းကလေး မှေးငိုက်ရာမှ လန့်နိုးရသည်။ သူ လဲကျရာမှ ထသည်။ ကျူတောထဲမှ ရန်သူကို လက်တစ်ဖက်တည်းဖြင့် ပစ်ခတ်သည်။ ကျည်ကုန်သွားသောအခါ နောက်ဆုံးကျန်နေသည့် ရန်သူ၏မျက်နှာကို သေနတ်ဖြင့် လွှဲပေါက်သည်။ သူ၏ ဓားကို ထုတ်ယူလိုက်သည်။ ရန်သူနှင့် နှစ်ယောက်သား လုံးထွေး၍ ကျသွားစဉ်တွင် ရန်သူ၏ ရင်ညွန့်ကို အမိအရ ထိုးလိုက်သည်။

ရွှံ့ဗွက်ထဲတွင် အတော်ကြာအောင် သူ လဲနေသည်။ ရန်သူက သူ့ကိုယ်ပေါ်တွင် ပိနေသည်။ ထိုစဉ်မှာပင် တိုက်လေယာဉ်နှစ်စင်း ခေါင်းပေါ်မှ ဖြတ်ကျော်သွားသည်။ လက်နက်တင် ရဟတ်ယာဉ်ခြောက်စင်း ပျံဝဲလာသည်ကို တွေ့ရသည်။

mgyoe.com

mgyoe.com


ဘရိုနင် မတ်တတ်ထရပ်သည်။ အန်းမာရီကို ဆွဲထူသည်။ ထို့နောက် လယ်ကွင်းပြင်ထဲသို့ လျှောက်သွားကြသည်။

"ကယ်ဆယ်ရေးအဖွဲ့ ရောက်လာမယ်လို့ ကိုယ် မပြောဘူးလား"

သူမက မျက်လုံးများကို ဖွင့်လိုက်ပြီး–

"လက်မတင်ကလေးပေါ့ ဟုတ်လား။ ဒီနောက်ကောကွယ်"

သူ ပြုံးလိုက်သည်။

"ဒီနောက်မှာတော့ အကောင်းတွေပဲပေါ့ ညီမရယ်"

□

mgyoe.com

mgyoe.com


## ပါရီ ၁၉၇၉

## တစ်

အေးမြသောလေသည် စိန်းမြစ်ကို ဖြတ်ကျော်ပြီး တိုက်ခတ်လာသည်။ မိုးပေါက်များက တံတားအနီးရှိညလုံးပေါက်ဖွင့်သော ပျော်ပွဲစားရုံကလေး၏ ပြတင်းပေါက်များကို ရိုက်ပုတ်သည်။ ဆိုင်ကလေးက သေးသေးကလေးသာ ဖြစ်သည်။ စားပွဲ လေးငါးခြောက်လုံးနှင့် ကုလားထိုင်များသာ ရှိသည်။ အခြားဘာမျှ မရှိပါ။ များသောအားဖြင့် သည်ဆိုင်ကလေးသို့ ညဉ့်ငှက်မယ်ကလေးများသာ လာရောက်လေ့ရှိသည်။ သို့သော် သည်လိုညမျိုးတွင်ကား မလာကြပါ။

အရက်ရောင်းသူသည် သွပ်ပြားဖုံး ကောင်တာပေါ်တွင် ကုန်းငုံ့ကာ သတင်းစာဖတ်နေသည်။ ဂျက်ကော်ဒါသည် ပြတင်းပေါက်အနီးရှိ စားပွဲတစ်လုံးတွင် ထိုင်နေသည်။ တစ်ဆိုင်လုံးတွင် စားသောက်သူဟူ၍ သူတစ်ယောက်တည်းသာ ရှိသည်။ သူက အရပ်မြင့်မြင့်၊ ဆံပင်နက်နက်နှင့် အသက်သုံးဆယ်ကျော်အရွယ် ဖြစ်သည်။ သူ၏ကိုယ်တွင် ဝတ်ဆင်ထားသော ဂျင်းဝတ်စုံ၊ ဟောင်းနွမ်းနေပြီဖြစ်သော သားရေဂျက်ကက်အင်္ကျီနှင့် အဝတ်တို့က သူ့ကို ငါးစိမ်းတန်းမှ ညစောင့်တစ်ဦးနှင့် တူစေတော့သည်။ သို့သော် သူသည် ညစောင့်တစ်ဦးကား လုံးဝ မဟုတ်ပါချေ။

mgyoe.com

mgyoe.com


ဘာရိုက ၁၁ နာရီခွဲ ချိန်းလိုက်သဖြင့် သူက နောက်မကျရလေအောင် ၁၁ နာရီကတည်းက ရောက်ရှိနေခြင်းဖြစ်သည်။ ယခု ၁၂ နာရီခွဲချေပြီ။ သို့သော် ဂျက်ကော်ဒါ နည်းနည်းမျှ မပူပန်ပါ။ ဖရင့်ဘာရိုနှင့် ပတ်သက်သည့် ကိစ္စတိုင်းမှာပင် မိမိ ဘာလုပ်ရမည်ဟု မပြောနိုင်ပါ။ အရာရာသည်ပင်လျှင် နည်းဗျူဟာ အစိတ်အပိုင်းများ ဖြစ်ချေတော့သည်။

ကော်ဒါ စီးကရက် မီးညှိလိုက်သည်။ ထို့နောက် အရက်ရောင်းသူကို လှမ်းအော်ပြီး မှာလိုက်သည်။

"ကော်ဖီကြမ်းတစ်ခွက်၊ နောက်ထပ် ကော့ညက်တစ်ခွက်"

အရက်ရောင်းသူ ခေါင်းညိတ်လိုက်သည်။ သတင်းစာကို တစ်ဖက်သို့ တွန်းဖယ်လိုက်သည်။ ထိုစဉ်မှာပင် ဘားနောက်ဘက်မှ တယ်လီဖုန်း မြည်လာသည်။ အရက်ရောင်းသူသည် တယ်လီဖုန်းကို ချက်ချင်းပင် ကောက်ယူနားထောင်သည်။ ထို့နောက် ဂျက်ကော်ဒါဘက်သို့ လှည့်ပြီး–

"ခင်ဗျားနာမည် ကော်ဒါလား"

"ဟုတ်တယ်"

"ခင်ဗျားအတွက် လမ်းထောင့်မှာ တက္ကစီတစ်စီး စောင့်နေတယ်"

သူက တယ်လီဖုန်းကို ပြန်တင်ထားလိုက်ပြီး–

"ကော်ဖီနဲ့ ကော့ညက် ယူဦးမလား မွန်ဆီယာ"

"ကော့ညက်ပဲ ပေးတော့"

ဘာကြောင့်မှန်းမသိ၊ ကော်ဒါ သိမ့်သိမ့်တုန်နေသည်။ သူက အရက်ခွက်ကို တစ်ချက်တည်း မော့ချလိုက်သည်။

"နိုဝင်ဘာပဲ ရှိသေးတယ်၊ အတော့်ကို အေးတာပဲ"

အရက်ရောင်းသူ ပခုံးတွန့်လိုက်ပြီး–

"ဒီလိုညမျိုးမှာ ပြည့်တန်ဆာတွေတောင် အပြင်မထွက်ကြဘူး"

"တော်တော် တော်တဲ့ မိန်းကလေးတွေပဲ"

ကော်ဒါသည် ငွေစက္ကူတစ်ရွက်ကို စားပွဲပေါ်တွင် တင်ပြီးနောက် ဆိုင်ထဲမှ ထွက်သွားသည်။ လေသရမ်းက သူ့မျက်နှာကို မိုးစက်များဖြင့် ရိုက်ဖျန်းလိုက်သည်။ သူက ဂျက်ကက်အင်္ကျီကော်လာကို ထောင်လိုက်သည်။ လမ်းထောင့်တွင် ရပ်စောင့်နေသော ရီနော် အငှားကားဆီသို့ သူ ပြေးသွား

mgyoe.com

mgyoe.com


သည်။ နောက်ခန်းတံခါးကို လှည့်ဖွင့်ပြီးနောက် ကားတွင်းသို့ ဝင်လိုက်သည်။ အငှားကား ချက်ချင်းပင် ထွက်ခွာသည်။ ကားနောက်မှီပေါ်သို့ သူလန်လဲသွားသည်။ တံတားပေါ်သို့ သူတို့ ချိုးကွေ့သည်။ သူ့စိတ်ထဲတွင် အမှတ်မထင်ဆိုသလို အောက်စဖို့တက္ကသိုလ်ကို သတိရမိသည်။

၁၂ နှစ်ရှိသွားပြီ။ သူ တွေးမိသည်။ အခုလောက်ဆိုရင် ငါဘာဖြစ်နေမလဲ၊ တက္ကသိုလ်တစ်ခုခုမှာ ပါမောက္ခဖြစ်မယ်ဆိုရင်တောင် ဖြစ်နိုင်နေပြီ။ အခုတော့ အို... ဒီလိုမျိုးတွေ တွေးတာ မကောင်းပါဘူး၊ ဘယ်လိုမှမကောင်းဘူး။

ကားမောင်းသူမှာ အဘိုးကြီးတစ်ယောက် ဖြစ်သည်။ မုတ်ဆိတ်ကျင်စွယ်များ ရှည်နေသည်။ သူ့မျက်လုံးများက နောက်ကြည့်မှန်ထဲမှနေ၍ မိမိကို ကြည့်နေကြောင်း ကော်ဒါ သတိပြုမိသည်။ လမ်းတစ်လျှောက်လုံးပင် သူတို့ စကားမပြောကြပါ။ ကားသည် အမှောင်ထုနှင့် မိုးရေထဲတွင် ပြေးလွှားလျက်ရှိသည်။ လမ်းကျဉ်း လမ်းငယ် လမ်းသွယ်ကလေးများအတိုင်း ဝင်ပါလှည့်ကာ မောင်းနေသည်။ နောက်ဆုံးတွင် ကားသည် ကမ်းနားပိုင်းရှိ ကုန်လှောင်ရုံကြီးတစ်ခုရှေ့တွင် တုံ့ခနဲ ဘရိတ်အုပ်ပြီး ရပ်လိုက်သည်။ အလင်းရောင်ကလေးတစ်ခုတွင် ဆိုင်းဘုတ်ကို တွေ့မြင်ရသည်။ "ရေနွှာနှင့်သားများ အင်ပို့တာ"။ ကားမောင်းသူသည် ဘာမျှမပြောဘဲ နေရာမှာပင် ထိုင်နေသည်။ ကော်ဒါ ကားပေါ်မှ ဆင်းလိုက်သည်။ ကားတံခါးကို ပြန်ပိတ်လိုက်သည်။ ကားထွက်သွားသည်။

ညသည် အထူးပင် ငြိမ်သက်တိတ်ဆိတ်နေလျက် ရှိသည်။ လှော်ကားလှေကြီးများ ဆိုက်ရပ်ထားသော မြစ်ပြင်ဆီမှသာ လှိုင်းပုတ်သံ ကြားနေရသည်။ မိုးရွာသွန်းလျက်ရှိသည်။ ဆိုင်းဘုတ်အလင်းရောင်တွင် ငွေရောင်လဲ့လဲ့ လက်နေသည်။ တံခါးမကြီးတွင် မလွယ်ပေါက်ကလေးတစ်ခုကို တပ်ဆင်ထားသည်။ ကော်ဒါက မလွယ်ပေါက်တံခါးလက်ကိုင်ကို လှည့်လိုက်သောအခါ အလွယ်တကူပင် ပွင့်သွားသည်။ အတွင်းဘက်သို့ သူ ဝင်လိုက်သည်။

ကုန်လှောင်ရုံထဲတွင် ကုန်ထုပ်ကြီးများ၊ ကုန်သေတ္တာကြီးများ အမျိုးမျိုးအစားစား တွေ့ရသည်။ မှောင်နေသည်။ သို့သော် တစ်ဖက်ထိပ်တွင်

mgyoe.com

mgyoe.com


အလင်းရောင်ကလေး တစ်ခုရှိသည်။ အလင်းရောင်ရှိရာဆီသို့ သူ လျှောက်သွားသည်။ မီးလုံးတစ်လုံး အောက်ဘက်ရှိ စားပွဲဝိုင်းကလေးတစ်ခုတွင် လူတစ်ယောက် ထိုင်နေသည်။ သူ့ရှေ့တွင် မြေပုံတစ်ခုကို ဖြန့်ထားသည်။ မြေပုံကလေး တစ်ဖက်ဘေးတွင် လက်ဆွဲသေတ္တာငယ် တစ်ခုရှိသည်။ သူသည် သားရေဖုံး ဒိုင်ယာရီစာအုပ်ကလေးတစ်ခုတွင် တစ်စုံတစ်ခုကို ရေးမှတ်လျက်ရှိသည်။

"ဟဲလို ဖရင့်"

ဂျက်ကော်ဒါ နှုတ်ဆက်သည်။

ဖရင့်ဘာရီ မော့ကြည့်ပြီး–

"သြော်... ရောက်လာပြီလား ဂျက်။ အခုလို ဒုက္ခပေးရတာ တောင်းပန်ပါတယ်"

သူ၏ အင်္ဂလိပ်စကားက ကောင်းမွန်သည်။ အိုင်ယာလန်လေ နည်းနည်းပဲ ဝဲသည်။ သူက ကုလားထိုင်ကို ကျောမှီပြီး ထိုင်လိုက်သည်။ သူ၏ ဆံပင်ဖြူဖြူက တွန့်လိပ်လျက်ရှိသည်။ သူ့ကို ကြည့်ရသည်မှာ သူ့အသက် ၄၈ နှစ်ထက် ငယ်ပုံရသည်။ သူ၏ ကိုယ်တွင် ဝတ်ဆင်ထားသော ကုတ်အင်္ကျီရှည်အနက်ကြီးက သူ့ကို ခံ့ညားစေသည်။ အမှန်တော့ သူသည် လူချောလူခန့် တစ်ယောက်ပင်ဖြစ်သည်။ မျက်နှာသွယ်လျသည်။ သူ၏ နှုတ်ခမ်းထောင့်တစ်ခုသည် အစဉ်အမြဲလိုပင် ပြုံးလဲ့ဟန်ရှိသည်။ သူက သည်ကမ္ဘာကြီးနှင့် သည်ကမ္ဘာသူ၊ ကမ္ဘာသားများကို အမြဲထာဝရ နှစ်မြို့နေဟန် ရှိသည်။

"အလုပ်ကြီး အကိုင်ကြီးလား"

ကော်ဒါက မေးလိုက်သည်။

"ဆိုပါတော့။ သမ္မတကြီးနဲ့ တွေ့ရအောင် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ရောက်နေတယ်။ မောင်ရင် သိသလား"

"လော့ဒ်ဝယ်လင်တန်လား။ ဟင့်အင်း... ကျွန်တော် မသိဘူး"

"ဘယ်သူမှ မသိပါဘူး။ အထူးလျှို့ဝှက်ပြီး ရောက်နေတာပဲ။ အရင်နှစ်တွေက နှစ်နိုင်ငံဆက်ဆံရေးအခြေအနေ လျော့ပါးခဲ့တာကို ဒီအစိုးရက ပြန်လည် ပေါင်းစည်းနိုင်ဖို့ ကြိုးစားတာပဲ။ သမ္မတကြီးနဲ့

mgyoe.com

mgyoe.com


ညည့်သည် ဝန်ကြီးတို့ဟာ ဒီကနေ့မနက်မှာ နောက်ဆုံးအနေနဲ့ ရစ်ဂနီမြို့က ညည့်ရိပ်သာကလေး မှာ တွေ့ကြလိမ့်မယ်"

ဘာရိက မြေပုံကို လက်ညှိုးနဲ့ ထောက်လိုက်ပြီး–

"ဟောဒီနေရာမှာ၊ ပါရီကနေ မိုင်လေးဆယ်လောက် ဝေးတယ်"

"အဲဒီတော့"

ကော်ဒါက စကားထောက်လိုက်သည်။

"နေ့လယ် ၁၂ နာရီတိတိမှာ ဗက်ဇီလေးကို သူ ကားနဲ့ သွားလိမ့်မယ်။ အဲဒီမှာ အရေးပေါ် တပ်မတော်လေယာဉ်ကွင်း ရှိတယ်။ အဲဒီကနေ တပ်မတော်လေယာဉ်နဲ့ အင်္ဂလန်ကို ပြန်လိမ့်မယ်။ အဓိပ္ပာယ်ကတော့ လန်ဒန်မြို့ကနေ သူ ဘယ်ကိုမှ မခွာဘူးဆိုတဲ့ သဘောမျိုးပဲ"

"အဲဒီတော့ ဘာလုပ်ကြမှာလဲ"

ဘာရိက မြေပုံကို ထောက်ပြလျက်–

"ဟောဒီမှာ စိန့်အက်တင်နီ၊ ရစ်ဂနီကနေ ၁၅ မိုင်ဝေးတယ်။ အဲဒီမှာ ဓာတ်ဆီဆိုင်တစ်ဆိုင် ရှိတယ်။ နောက်ပြီးတော့ လောလောဆယ်အချိန်မှာ လမ်းဘေး ပျော်ပွဲစားရုံကလေး တစ်ခုရှိတယ်။ အင်မတန်ကောင်းတဲ့နေရာပဲ"

"ဘာလုပ်ဖို့ ကောင်းတာလဲ"

"ကျုပ်တို့ လူကြီးဖြတ်သွားတဲ့အချိန်မှာ စောင့်ပြီးပစ်ဖို့ အကောင်းဆုံး နေရာပဲပေါ့။ ကားတစ်စီးနဲ့ အစောင့်အရှောက် မော်တော်ဆိုင်ကယ် လေးစီးပဲ ပါမယ်။ ကျုပ်တွက်မိသမျှတော့ ဘာအခက်အခဲမှ မရှိနိုင်ဘူး"

မိမိ၏ ရိုးတွင်းခြင်ဆီများ စိမ့်အေးလာသည်ကို ကော်ဒါ သတိပြုမိသည်။

"ခင်ဗျား နောက်နေတာပဲ။ ဒီကိစ္စ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဒါမျိုးဆိုတာ သေသေချာချာ ပြင်ဆင်ထားဖို့လိုတယ်"

"ကျုပ် အားလုံး ပြင်ဆင်ထားပြီးပါပြီ။ ဒီကိစ္စမျိုးမှာ ကြေးစားတွေဟာ အင်မတန် စိတ်ချရပါတယ်"

"ဘယ်သူတွေလဲ"

ဂျက်ကော်ဒါ မေးလိုက်သည်။

"ယူနီယံကော်ဆီဂိုဏ်းက ဝရမ်းပြေးသုံးယောက်ပဲ။ တစ်ယောက်မှာ

mgyoe.com

mgyoe.com


မိန်းကလေးအဖော်တစ်ယောက် ပါတယ်။ သူတို့ကို နိုင်ငံခြားပို့ပေးမယ်ဆိုရင် ဘာမဆို လုပ်ကြလိမ့်မယ်"

"ဘယ်ပုံဘယ်နည်း လုပ်ကြမှာလဲ"

"လွယ်ပါတယ်။ ကျုပ် စောစောက ပြောတဲ့အတိုင်း ဆိုင်ပိတ်ထားတယ်။ ကားဂိုဒေါင်ထဲမှာ ဆိုင်ပိုင်ရှင် လင်မယားပဲရှိမယ်။ သူတို့နှစ်ယောက်ကို ထိန်းထားပြီး ကျုပ်လူ လေးယောက်ဟာ ၁၂ နာရီ ၁၅ မိနစ်မှာ ဆိုင်ရှေ့မှာ ရှိနေကြလိမ့်မယ်"

ထို့နောက် သူသည် ခရီးဆောင်သေတ္တာကလေးကို ဖွင့်လိုက်ပြီး အိတ်ဆောင် အသံလွှင့်စက်ကလေးကို ထုတ်ယူလိုက်သည်။

"ဒါ မောင်ရင့်အတွက်ပဲ။ ရစ်ဂနီ ဧည့်ရိပ်သာအနီးမှာ တောင်ကုန်းကလေး တစ်ခုရှိတယ်။ ပန်းသီးပင်တွေရှိတယ်။ အဲဒီကနေကြည့်ရင် ဧည့်ရိပ်သာကို ကောင်းကောင်းမြင်နိုင်တယ်။ အဲဒီနေရာကို ၁၁ နာရီတိတိမှာ မောင်ရင်ရောက်ရမယ်။ အပြင်ဘက်ဝင်းထဲမှာ ကားတစ်စီးရပ်ထားတယ်။ သော့ပေါက်ထဲမှာ သော့ရှိတယ်။ မောင်ရင် ယူသွားပေတော့"

"ကျွန်တော် ဘာလုပ်ရမှာလဲ"

"ဧည့်ရိပ်သာက ဝယ်လင်တန် ထွက်တဲ့အချိန်မှာ ကျုပ်ဆီကို သတင်းပို့ရမယ်။ ချန်နယ် ၄၂ ကနေ လွှင့်ရမယ်။ ပြီးရင် အဲဒီကနေ ချက်ချင်းထွက်ခဲ့ရမယ်။ စိန့်အက်တင်နီကို ဝယ်လင်တန်ထက် အရင်ရောက်အောင် လာရမယ်"

"ခင်ဗျားကကော အဲဒီမှာ ရှိနေမှာလား"

ဘာရီ အံ့ဩသွားဟန်ဖြင့်–

"ကျုပ် အဲဒီမှာမရှိလို့ ဘယ်မှာရှိရမလဲ။ ကျုပ်လူတွေ အလုပ်လုပ်တဲ့အချိန်မှာ ကျုပ်ဟာ အမြဲတမ်း ရှေ့တန်းမှာ ရှိနေမယ်"

ဂျက်ကော်ဒါသည် အသံလွှင့်စက်ကလေးကို လက်ထဲတွင် ချိန်ဆလိုက်ပြီးနောက် အကျီအိတ်ထဲသို့ ထည့်လိုက်သည်။

"ဒါဖြင့်ရင် ကျွန်တော်သွားမယ်"

ကုန်ရုံတံခါးဆီသို့ သူ လျှောက်သွားသည်။ သူ၏ ခြေသံများသည် ကုန်ရုံထဲတွင် ပဲ့တင်ထပ်နေသည်။ မလွယ်ပေါက်ကလေးကို ဖွင့်ပြီး အပြင်သို့

mgyoe.com

mgyoe.com


သူ ထွက်ခဲ့သည်။ အပြင်ဘက်တွင် မိုးရွာနေဆဲပင် ဖြစ်သည်။ တံခါးမကြီး အနီးတွင် ကားတစ်စီး ရပ်ထားသည်ကို တွေ့ရသည်။ ဘာရီပြောသည့် အတိုင်းပင် ကားထဲတွင် ကားသော့အဆင်သင့် ရှိနေသည်။ ကော်ဒါကားကို မောင်းပြီး ထွက်ခဲ့သည်။ သူ၏ လက်ဖဝါးများတွင် ချွေးချေးများ ပြန်နေသည်။ သူ၏ ရင်ထဲတွင် ပြောင်းဆန်လျက်ရှိသည်။

ဝယ်လင်တန်ကို သူတို့ သတ်ကြမည်။ လော့ဒ်ဝယ်လင်တန်သည် သည်ကမ္ဘာတွင် အရိုးသားဆုံး၊ အဖြောင့်မတ်ဆုံး နိုင်ငံရေးသမားတစ်ဦး ဖြစ်သည်။ ဘုရား... ဘုရား...၊ နောက်တစ်ခါဆိုရင် ဘယ်လိုလူမျိုးကိုများ သူတို့ သတ်ကြဦးမလဲ။ သို့သော် သည်မေးခွန်းအတွက် အဖြေမလိုပါ။ အကြောင်းမှာ သည်တစ်ကြိမ်မှာပင် ဘာရီဆိုသည့် သတ္တဝါနိဂုံးတံချုပြီ။ အားလုံး ကိစ္စပြီးချေပြီ။ သည်အခွင့်အရေးကို သူ တစ်နှစ်ကျော် စောင့်ဆိုင်းခဲ့ရသည်။

အတန်ကြာသောအခါ ဂျက်ကော်ဒါသည် သူ ရှာဖွေသောအရာကို တွေ့ရှိရသည်။ မြို့အဝင် လမ်းမကြီးထိပ်တစ်ခုရှိ ညလုံးပေါက်ဖွင့်သော ပျော်ပွဲစားရုံကလေး တစ်ခုပင်ဖြစ်သည်။ ဆိုင်ထဲတွင် အများသုံး မှန်တယ်လီဖုန်းရုံကလေး တစ်ခုရှိသည်။ အရက်ရောင်းချသူထံတွင် ကော်ဖီတစ်ခွက် မှာသည်။ ထို့နောက် လိုအပ်သော တိုကင်ပြားကို ဝယ်ယူပြီးနောက် တယ်လီဖုန်းရုံအတွင်းသို့ ဝင်သည်။ တံခါးပိတ်လိုက်သည်။

တယ်လီဖုန်းဒိုင်ခွက်တွင် လန်ဒန်ဖုန်းနံပါတ်ကိုလှည့်နေသော သူ၏လက်သည် တုန်ယင်လျက်ရှိပါသည်။

ဗြိတိသျှနိုင်ငံ၏ လျှို့ဝှက်စွာ ဖွဲ့စည်းထားသော လုံခြုံရေးဌာန ဒီအိုင်ဖိုက်သည် ဟီလတန်ဟိုတယ်အနီးရှိ အုတ်တိုက်ကြီးတစ်ခုတွင် တည်ရှိသည်။ ဂျက်ကော်ဒါ ဖုန်းဆက်နေသည်မှာ ယင်းဌာနသို့ပင်ဖြစ်သည်။ ပို၍ တိတိကျကျဆိုရလျှင် အုပ်စုလေးသို့ ဆက်သွယ်နေခြင်းပင် ဖြစ်သည်။ ယင်းဌာနသည် နှစ်ဆယ့်လေးနာရီလုံး အလုပ်လုပ်နေသည့် ဌာနပင် ဖြစ်ပါသည်။

တစ်ဖက်မှ တယ်လီဖုန်းကို ကောက်ယူသည်။ အမည်မသိ အသံတစ်ခု ထွက်ပေါ်လာသည်။

mgyoe.com

mgyoe.com


"ဘယ်သူလဲဆိုတာ ပြောပါ"

"လိုင်ဆန်ဒါ၊ ဗိုလ်မှူးချုပ် ဖာဂတ်ဆင်နဲ့ အခုချက်ချင်း ပြောချင်ပါတယ်။ ဦးစားပေး အဆင့်တစ်၊ မပြောလို့မဖြစ်ဘူး"

"အခုဆက်နေတဲ့ ဖုန်းနံပါတ်ကို ပြောပါ"

ဂျက်ကော်ဒါ ဖုန်းနံပါတ်ကို ပြောသည်။

"လုံခြုံရေး စိတ်ချရတဲ့အချိန်မှာ ပြန်ဆက်မယ်"

တစ်ဖက်မှ ပြောသည်။

တယ်လီဖုန်း ပြတ်သွားသည်။ ကော်ဒါတံခါးကို တွန်းဖွင့်ပြီး ထွက်သည်။ ကားဆီသို့ လျှောက်သွားသည်။ အခန်းထောင့်တစ်နေရာတွင် အင်္ကျီပြာနှင့်လူတစ်ယောက် အိပ်ပျော်နေသည်။ သည်မှတစ်ပါး ဘားတစ်ဆိုင်လုံး လူရှင်းနေသည်။

အရက်ရောင်းသူက ကော်ဖီပန်းကန်ကို သူ့ထံသို့ တွန်းပို့သည်။

"ဆရာ ဘာစားမလဲ၊ ဝက်ပေါင်ခြောက် ဆင်းဒဝစ်"

"ကောင်းသားပဲ၊ ကျွန်တော် ဖုန်းစောင့်နေတယ်"

အရက်ရောင်းသူ မီးဖိုဘက်သို့ လှည့်သွားသည်။ ကော်ဒါက ကော်ဖီပန်းကန်ထဲသို့ သကြားတစ်ဇွန်း ထည့်သည်။ ဒီအိုင်ဖိုက်သို့ ဆက်သောဖုန်းများအားလုံး အလိုအလျောက် အသံသွင်းယူပြီး ဖြစ်သည်။ ယခုအချိန်တွင် သူ၏ အသံကို ကွန်ပျူတာနှင့် စစ်ကြည့်နေပေလိမ့်မည်။ ဖာဂတ်ဆင်သည် သူ့အိမ်တွင် ရှိနေပေလိမ့်မည်။ အိပ်ရာထဲတွင် ရောက်နေပေလိမ့်မည်။ သူ၏ နံပါတ်ကို မေးမည်။ အားလုံးပေါင်း ၁၀ မိနစ် ကြာလိမ့်မည်။

သို့သော် သူ၏တွက်ကိန်း မှားသွားသည်။ ငါးမိနစ်မျှသာ ကြာပါသည်။ ဆင်းဒဝစ်မုန့်ကို တစ်ကိုက်ပဲ ကိုက်လိုက်ရသေးသည်။ တယ်လီဖုန်းသံ မြည်လာသည်။ တယ်လီဖုန်းရုံထဲသို့ သူ ပြေးဝင်သွားသည်။ တံခါးကို ပိတ်လိုက်ပြီး စကားပြောခွက်ကို ကောက်ယူလိုက်သည်။

"လိုင်ဆန်ဒါပါ"

"ဖာဂတ်ဆင်"

သူ့အသံက တမင်လုပ်ပြီး ပြောလိုက်သည့် အသံမျိုးဖြစ်သည်။

"မင်းဆီက အဆက်အသွယ်မရတာ ကြာလှပြီ၊ ဦးစားပေးအဆင့်တစ်

mgyoe.com

ဟုတ်လား"

"ဖရင့်ဘာရေးပဲ ဗိုလ်ချုပ်၊ နောက်ဆုံးကျတော့ သူ လာပါပြီ"

"စိတ်ဝင်စားစရာပဲ"

ဖာဂတ်ဆင်၏ အသံ ထက်သန်မှုရှိလာသည်။

"လော့ဒ်ဝယ်လင်တန် ကိစ္စပဲ ဗိုလ်ချုပ်၊ လောလောဆယ်မှာ သူဟာ သမ္မတကြီးနဲ့ တွေ့ဆုံဆွေးနွေးပါတယ်"

ခေတ္တမျှ တိတ်ဆိတ်သွားသည်။ ပြီးမှ–

"ဒီကိစ္စကို ဘယ်သူမှ တရားဝင်မသိဘူး"

"ဘယ်သူမှ မသိပေမဲ့ ဖရင့်ဘာရေး သိပါတယ်"

"အဲဒါ မကောင်းဘူးဂျက်၊ လုံးလုံးမကောင်းဘူး။ အခြေအနေကို ရှင်းပြစမ်းပါဦး"

ကော်ဒါ ရှင်းပြသည်။ အသံတိုးတိုးဖြင့် ခပ်မြန်မြန် ရှင်းပြသည်။ ငါးမိနစ်ခန့် ကြာသောအခါ တယ်လီဖုန်းရုံအတွင်းမှ သူ ထွက်လာသည်။ ကောင်တာဆီသို့ သူ လျှောက်သွားသည်။

"မွန်ဆီယာရဲ့ ဆင်းဒဝစ် အေးကုန်ပြီ၊ နောက်တစ်ခု ထပ်ပေးရမလား"

"သိပ်ကောင်းတဲ့ အကြံဉာဏ်ပဲပေါ့၊ ဆင်းဒဝစ်ကို စောင့်နေတုန်းမှာ ကော့ညက်တစ်ခွက်လောက် သောက်ရအောင်"

ကော်ဒါက ပြောလိုက်သည်။

ထို့နောက် စီးကရက်တစ်လိပ် မီးညှိလိုက်ပြီး ဘားကောင်တာရှေ့ရှိ ခွေးခြေမြင့်ပေါ်တွင် သူ ထိုင်လိုက်သည်။ ထိုညအဖို့ ပထမဆုံးအကြိမ်အဖြစ် သူ ပြုံးလိုက်သည်။

* * *

ဗိုလ်မှူးချုပ် ချားဖာဂတ်ဆင်သည် ကေဗင်ဒစ် စကွဲယားရှိ သူ၏ အိပ်ခန်းထဲတွင် မတ်တတ်ရပ်ကာ စောစောက သူနှင့် ဂျက်ကော်ဒါတို့ပြောသော စကားများကို တိတ်ရီကော်ဒါတွင် ပြန်လည် နားထောင်လျက်ရှိသည်။ သူသည် ဥပမိရုပ်ကောင်းမွန်ပြီး ကိုယ်လုံးကိုယ်ထည် ကြီးမားသူတစ်ဦး ဖြစ်သည်။ သူ့ကို ကြည့်ရသည်မှာ စစ်သားတစ်ယောက်နှင့် မတူပါ။ လခြမ်းမျက်မှန်

mgyoe.com

mgyoe.com


ကလေးကို တပ်ဆင်ထားသဖြင့် ပါမောက္ခတစ်ယောက်နှင့် တူပါသည်။ အမှန်တော့ သူသည် ကိုယ့်နိုင်ငံ၏ အကျိုးစီးပွားနှင့် ပတ်သက်လာလျှင် ပြတ်ပြတ်သားသား ဆောင်ရွက်တတ်သူတစ်ဦးပင် ဖြစ်ပါသည်။

တံခါးခေါက်သံ ထွက်ပေါ်လာပြီးနောက် သူ၏ လက်တိုလက်တောင်း ဖြစ်သော ဂေါ်ရခါး ရဲဘော်အခန်းတွင်းသို့ ခေါင်းပြူလာသည်။

"ကင်ရေ၊ အားတော့ အားနာပါတယ်။ ဒါပေမဲ့ အလုပ်တွေ လုပ်စရာ ရှိနေတယ်။ ကိုယ့်အတွက် လက်ဖက်ရည်များများလေး ဖျော်ပေးပါ။ ပြီးတော့ ဝက်သားခြောက်ရယ်၊ ကြက်ဥရယ်ပေါ့။ ကိုယ် ပြန်မအိပ်တော့ဘူး"

ဂေါ်ရခါးရဲဘော် ထွက်သွားသောအခါ ဖာဂတ်ဆင်သည် ဧည့်ခန်းသို့ သွားရောက်သည်။ မီးဖိုထဲမှ မီးများကို ထိုးဆွသည်။ ဘရန်ဒီတစ်ခွက် ငှဲ့သည်။ ထို့နောက် တယ်လီဖုန်းအနီးတွင် ထိုင်ပြီး ပါရီဖုန်းနံပါတ်တစ်ခုကို လှည့်သည်။

အက်စ်ဒီစီခေါ် ပြင်သစ်လုံခြုံရေးဌာနသည် ဌာနခွဲ ငါးခုရှိပြီး ဌာနစိတ် အမြောက်အမြား ရှိလေသည်။ အရေးအကြီးဆုံးဌာနမှာ ဌာနခွဲငါးဖြစ်ပြီး စစ်ဆင်ရေးဌာနဟု အများ နားလည်ကြသည်။ ဖာဂတ်ဆင် လောလောဆယ် လှည့်နေသည့်နံပါတ်မှာ ဌာနခွဲငါး၏ နံပါတ်ပင် ဖြစ်သည်။

"ဒီအိုင်ဖိုက်က ဖာဂတ်ဆင် ပြောနေတယ်။ ဗိုလ်မှူးကြီးဂူယန်နဲ့ ပြောချင်တယ်။ အင်း... အင်း... သူ အိပ်ရာထဲမှာ ရောက်နေမှာအမှန်ပဲ၊ ကျုပ်လည်း အိပ်ရာထဲကပဲ၊ ကျုပ်ဆီကို ပြန်ဆက်ပါလို့ သူ့ကို ပြောပါ။ သိပ်အရေးကြီးတယ်။ ဦးစားပေး အဆင့်တစ်"

တယ်လီဖုန်းကို သူ ချလိုက်သည်။ အခန်းတွင်းသို့ ကင် ဝင်လာသည်။ ငွေလင်ပန်းပေါ်တွင် ဝက်သားခြောက်၊ ကြက်ဥ၊ ထောပတ်၊ ပေါင်မုန့်နှင့် သစ်သီးယိုများ ပါရှိသည်။

"တယ်ကောင်းပါလား။ မနက် ၂ နာရီခွဲမှာ မနက်စာ စားရတယ်။ ဘယ်လောက် ဟုတ်ထားသလဲ။ နောက်လည်း ဒီလိုမျိုး အများကြီး ကြုံရဦးမယ်"

လက်သုတ်ပဝါကို သူ၏ လည်ပင်းတွင် ထိုးညှပ်လိုက်စဉ်မှာပင် တယ်လီဖုန်းမြည်လာသည်။ စကားပြောခွက်ကို ချက်ချင်းပင် သူ ကောက်ယူ

mgyoe.com

mgyoe.com


လိုက်သည်။ ထို့နောက် ပြင်သစ်လို ပြောသည်။

"ပီယာရေး ခင်ဗျားကို ပြောစရာတစ်ခုရှိတယ်။ ခင်ဗျား သဘောကျမယ့် သတင်းမျိုးတော့ မဟုတ်ဘူး။ သေသေချာချာ နားထောင်ပေတော့"

* * *

ဂျက်ကော်ဒါ ထွက်သွားသောအခါ ကုန်လှောင်ရုံသည် ငြိမ်သက်တိတ်ဆိတ်လျက် ရှိတော့သည်။ ဖရင့်ဘာရေးသည် တံခါးမကြီးဆီသို့ လျှောက်သွားပြီး မလွယ်ပေါက်ကလေးကို သော့ခတ်လိုက်သည်။ ထိုနေရာမှာပင် သူ ရပ်ပြီး စီးကရက်မီးညှိသည်။ ထို့နောက် တစ်ဖက်သို့ ပြန်လှည့်လိုက်သောအခါ အမှောင်ရိပ်မှ လူတစ်ယောက် ထွက်လာသည်ကို တွေ့ရသည်။ စားပွဲစွန်းတွင် သူ ရပ်နေသည်။

ထိုသူကား ရိုမန်နော့ဖြစ်သည်။ အသက် ငါးဆယ့်ငါးနှစ်ရှိပြီး ပါရီမြို့ရှိ သံရုံးတွင် ယဉ်ကျေးမှု အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်လာခဲ့သည်မှာ ဆယ်နှစ်မျှ ရှိသွားပေပြီ။ သူ၏ ကိုယ်တွင် ဝတ်ဆင်ထားသော ဝတ်စုံနက်နှင့် အိုဗာကုတ်အပြာတို့သည် သူနှင့် လိုက်ဖက်လှသည်။ သူက လူချောလူခန့်ကြီးတစ်ဦးပင် ဖြစ်သည်။ သူ့ကို ကြည့်ရသည်မှာ သရုပ်ဆောင်မင်းသားကြီးတစ်ဦးနှင့် တူသည်။ အမှန်တော့ သူသည် ဗဟိုလုံခြုံရေးအဖွဲ့မှ ဗိုလ်မှူးကြီးတစ်ဦးဖြစ်သည်။

"ကျုပ်သဘော ပြောရရင်တော့ အဲဒီကောင်ကလေးကို သိပ်ပြီး စိတ်မချဘူး ဖရင့်"

သူက ကောင်းမွန်ပီသသော အင်္ဂလိပ်စကားဖြင့် ပြောလိုက်သည်။

"ကျုပ်သဘောကတော့ ဘယ်သူ့ကိုမှ စိတ်မချဘူး။ ခင်ဗျားက အစပေါ့။ ဒါပေမဲ့ ပြောရမယ်ဆိုရင်တော့ ဂျက်ကော်ဒါဟာ ယုံကြည်ချက်ကြီးမားတဲ့ နိုင်ငံရေးသမားလေးတစ်ယောက်ပဲ"

ဖရင့်ဘာရေးက ပြန်ပြောသည်။

"အဲဒီအတွက် ပိုပြီး စိတ်မချတာပဲပေါ့"

"သူဟာ အောက်စဖို့တက္ကသိုလ်မှာ ရှိကတည်းက ကျုပ်တို့အဖွဲ့နဲ့ ဆက်သွယ်ခဲ့တယ်။ ကျုပ်တို့က သူ့ကို လေဘာပါတီထဲမှာ သွင်းထားခဲ့

mgyoe.com

mgyoe.com


တယ်။ အလုပ်သမားသမဂ္ဂမှာ စည်းရုံးရေးမှူးအဖြစ် ခြောက်နှစ်လုပ်ခဲ့တယ်။ လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်ကတော့ သတ္တုတွင်းသပိတ်တစ်ခု သပိတ်တားရာမှာ အင်မတန် စိတ်ဓာတ်တက်ကြွပြီး ရဲတစ်ယောက်ကို ရဲတင်းနဲ့ ခုတ်ခဲ့တယ်။ အဲဒီရဲသား ဆေးရုံမှာ ခြောက်ပတ်တက်ရတယ်"

"သူကကော"

"ထောင်နှစ်နှစ်ကျတယ်။ အလုပ်သမားသမဂ္ဂကလည်း အစွန်းရောက်တယ်ဆိုပြီး သူ့ကို ထုတ်ပယ်ပစ်လိုက်တယ်။ ထောင်ကလွတ်တော့ သူ ဒီကို ရောက်လာတယ်။ ဒီမှာရှိတဲ့ အစွန်းရောက်အဖွဲ့တစ်ဖွဲ့နဲ့ ပေါင်းမိတယ်။ အဲဒီကနေ သူ့ကို ကျုပ် ခေါ်ထားတာပဲ"

ထိုအခါ ရှိမန်နော့သည် စားပွဲပေါ်မှ မြေပုံကို ငုံ့ကြည့်လိုက်ပြီး–

"ကျုပ်တို့အစီအစဉ် အောင်မြင်ပါ့မလား"

"အို... ကျုပ်အကြောင်း ခင်ဗျား သိတယ်မဟုတ်လား။ ဒါဟာ ကျုပ် အလုပ်ပဲ။ ဒီအလုပ်အတွက် ကျုပ် ပိုက်ဆံယူတယ်။ ပိုက်ဆံယူထားတာနဲ့ တန်အောင် အကောင်းဆုံး လုပ်ပေးမယ်"

ဘာရေးက ပြောလိုက်သည်။

ရှိမန်နော့ ခေတ္တမျှ တုံ့ဆိုင်းနေသည်။ ထို့နောက် သူ့အိတ်ထဲမှ စာအိတ်ကြီးတစ်လုံးကို ထုတ်ပြီး စားပွဲပေါ်တွင် တင်ပေးလိုက်သည်။ ဘာရေးက စာအိတ်ကြီးကို သူ၏ လက်ဆွဲသေတ္တာထဲသို့ ထည့်လိုက်သည်။

"သွားကြမလား"

ဖရင့်ဘာရေး ရှေ့မှ သွားသည်။ တံခါးမကြီးသို့ ရောက်သောအခါ မလွယ်ပေါက် တံခါးသော့ကို ဖွင့်လိုက်သည်။ လေတိုက်သဖြင့် သူတို့မျက်နှာများကို မိုးစက်များ ရိုက်ပက်သည်။ ရှိမန်နော့ သိမ့်ခနဲ တုန်သွားပြီး ကုတ်အင်္ကျီကော်လာကို ထောင်လိုက်သည်။

* * *

တောင်ကုန်းပေါ်ရှိ ပန်းသီးပင်များသည် လွန်ခဲ့သည့် သုံးလေးပတ်ကတည်းကပင် ဆွတ်သင့်နေကြပြီ ဖြစ်သည်။ ယခုအခါ အမှည့်လွန်နေကြပြီ ဖြစ်သည်။ အမှည့်လွန်သော ပန်းသီးနံ့များသည် နေ့လယ်ခင်းတွင် စူးရှူး

mgyoe.com

mgyoe.com


ထောင်းထောင်း ရှိနေသည်။

ဂျက်ကော်ဒါသည် ရှည်လျားသော မြက်ပင်များအကြားတွင် လဲလျောင်းကာ အောက်ဘက်ရှိ စံရိပ်သာကလေးကို ကြည့်ရှုလျက်ရှိသည်။ စံရိပ်သာကလေးသည် ၁၈ ရာစုနှစ်အတွင်းက ဆောက်လုပ်ခဲ့သော လှပသည့် အဆောက်အအုံကလေးတစ်ခုပင် ဖြစ်သည်။

စံရိပ်သာဝင်းထဲတွင် ကားလေးစီး ရပ်ထားသည်။ အထူးရဲ တစ်ကျိပ်ခန့်သည် ၎င်းတို့၏ မော်တော်ဆိုင်ကယ်များအနီးတွင် အသင့်ရှိနေသည်။ တံခါးမကြီးတွင် ယူနီဖောင်းဝတ် စစ်ရဲများ စောင့်ကြပ်နေသည်။

ထိုစဉ်မှာပင် ပြင်သစ်နိုင်ငံ သမ္မတကြီး စံရိပ်သာတွင်းမှ ထွက်လာသည်။ သူ့နောက်မှ ဧည့်သည် ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီး လိုက်ပါလာသည်။

ဂျက်ကော်ဒါ မှန်ပြောင်းဖြင့် ကြည့်ရှုသောအခါ ပုဂ္ဂိုလ်ကြီးနှစ်ဦးသည် ၎င်းတို့၏ လက်ထောက်များ ခြံရံလျက် ဆင်ဝင်အောက်တွင် ရပ်နေကြသည်။

သမ္မတကြီးသည် နိုင်ငံရေးဝန်ကြီးကို လက်ဆွဲနှုတ်ဆက်သည်။ သို့သော် ပိုက်ဖက်ခြင်းမပြုပါ။ သူ၏ပုံစံ မဟုတ်ပါ။ နိုင်ငံခြားရေးဝန်ကြီး လှေကားထစ်များမှ ဆင်းသွားသည်။ ကားနက်ကြီးပေါ်သို့ တက်သည်။

ကော်ဒါ၏ လည်ချောင်း ခြောက်ကပ်နေသည်။ သူသည် အသံလွှင့်စက်ကလေးကို အိတ်ထဲမှ ထုတ်ယူလိုက်ပြီး ခလုတ်ကို နှိပ်လိုက်သည်။ ထို့နောက်–

"အနီ ပြောနေတယ်၊ အနီ ပြောနေတယ်။ ပစ္စည်းကို ပို့လိုက်တော့မယ်"

စက္ကန့်အနည်းငယ်မျှ ကြာသောအခါ ဘာရေး၏အသံ ထွက်ပေါ်လာသည်။

"အစိမ်း ပြောနေတယ်၊ ပစ္စည်းကို လက်ခံပြီးယူမယ်"

နိုင်ငံခြားရေးဝန်ကြီး၏ကား ဝင်းထဲမှ ထွက်သွားသည်။ ရဲမော်တော်ဆိုင်ကယ်လေးစီး နောက်မှ လိုက်ပါသည်။ ဘာရေးထံမှ ပြန်ကြားချက်ရရှိသည်နှင့် တစ်ပြိုင်နက် ကော်ဒါသည် မြက်ခင်းထဲတွင် လဲလျောင်းနေရာမှ ထပြီး သူ၏ ကားရပ်ထားရာဆီသို့ ပြေးသွားသည်။

mgyoe.com

mgyoe.com


သူ၏ကားသည် ကားနက်ကြီးထက် အချိန်များစွာပင် စောပြီး လမ်းမကြီးပေါ်သို့ ရောက်ရှိသည်။ လမ်းပေါ်သို့ ရောက်ရှိသည်နှင့် တစ်ပြိုင်နက် လီဗာကို ဖိပြီးနင်းသည်။ သူ၏ ကားကလေးကို တစ်နာရီလျှင် ၇၅ မိုင် ပြေးလွှားစေသည်။

သူ၏ လက်ဖဝါးများချွေးစေးပြန်နေသည်။ သူ၏အာခေါင် ခြောက်ကပ်နေသည်။ သူက လက်တစ်ဖက်တည်းဖြင့် စီးကရက်မီးညှိသည်။ စိန့်အက်ဘင်နီတွင် ဘာဖြစ်မည်ကို သူ မမှန်းဆတတ်ပါ။ အထူးရဲများက သူအပါအဝင် သူတို့အားလုံးကို တရကြမ်း ပစ်ခတ်နိုင်သည်။ သို့သော် သူ့အနေနှင့် စိန့်အက်ဘင်နီသို့ ရောက်အောင် သွားရပေမည်။ ရှောင်လွှဲ၍ မရနိုင်ပါ။ အကယ်၍သာ သူ ရောက်ရှိမသွားခဲ့လျှင် ဘာရေးသည် ပါးနပ်လှသည့်အလျောက် သင်္ကာမကင်းရှိပြီး ယခင်အကြိမ်များနည်းတူပင် ကြက်ပျောက်ငှက်ပျောက် ပျောက်သွားပေလိမ့်မည်။

ယခုအခါ သူသည် စိန်အက်ဘင်နီအနီးသို့ ရောက်ရှိလာပြီဖြစ်သည်။ နှစ်မိုင်၊ သုံးမိုင်မျှပင် မလိုတော့ချေ။ သည်အချိန်မှာပင် ပြဿနာတစ်ခု ဖြစ်သွားသည်။ လမ်းကွေ့တစ်ခုကို သူ ဖြတ်ကျော်စဉ်မှာပင် ရဲမော်တော် ဆိုင်ကယ်တစ်စီး ထွက်ပေါ်လာပြီး သူ့နောက်မှ လိုက်ပါလာသည်။ မော်တော်ဆိုင်ကယ်စီးဦးထုပ်၊ မော်တော်ဆိုင်ကယ်စီး မျက်မှန်ကြီးနှင့် မည်းမည်းသဏ္ဌာန်ကြီး ဖြစ်တော့သည်။ မော်တော်ဆိုင်ကယ်သည် သူ့ကားနှင့် ယှဉ်မိသောအခါ ရပ်ရန် အချက်ပြသည်။ ဂျက်ကော်ဒါသည် ကားကို လမ်းဘေးတွင် ထိုးရပ်လိုက်ရသည်။ ဖာဂတ်ဆင်က သူ့ကို တိုက်ပွဲမှ ဖယ်ထုတ်ပေးသည့် သဘောပင်လော။

အထူးရဲသည် သူ၏ မော်တော်ဆိုင်ကယ်ကို ကားရှေ့တွင်ရပ်ပြီး ဒေါက်ဖြင့် ထောက်ထားလိုက်သည်။ ထို့နောက် သူသည် ကားရှိရာသို့ လျှောက်လာသည်။ လက်အိတ်စွပ်ထားသော လက်ညှိုးကို သိုင်းလွယ်ထားသော ကာဘိုင်မောင်းခလုတ်ပေါ်တွင် ချိတ်ထားသည်။ သူက ကော်ဒါကို ငုံ့ကြည့်သည်။ မျက်မှန်ကြီးတပ်ထားသဖြင့် သူ့မျက်နှာကို မခွဲခြားနိုင်ပါ။ သို့သော် သူက မျက်မှန်ကြီးကို အပေါ်ဘက်သို့ ပင့်တင်လိုက်သည်။

ဖရင့်ဘာရေး ဖြစ်သည်။

mgyoe.com

mgyoe.com


"အစီအစဉ်ကလေး နည်းနည်းပြောင်းလိုက်တယ်။ ကိုယ် ရှေ့က သွားမယ်၊ မောင်ရင် နောက်ကလိုက်"

"အစီအစဉ် ဖျက်လိုက်ပြီလား"

ကော်ဒါ အံ့အားသင့်စွာ မေးသည်။

ဘာရေးကလည်း အံ့အားသင့်ဟန်ဖြင့်ပင်–

"အလို.... ကိုယ်က ဘာဖြစ်လို့ ဖျက်ရမှာလဲ"

ထို့နောက် သူသည် မော်တော်ဆိုင်ကယ်ဆီသို့ ပြန်လျှောက်သွားပြီး ဆိုင်ကယ်ကို မောင်းထွက်သွားသည်။ ကော်ဒါ သူ့နောက်မှ လိုက်ပါသည်။ သို့သော် ဘာလုပ်ရမည်ကို သူ မသိတော့ပါ။ သူသည် အိတ်ထဲမှ သေနတ်ဒင်ကို ခေတ္တမျှ စမ်းကြည့်မိသည်။ သို့သော် သူသည် သူ၏ တစ်သက်တာတွင် လူတစ်ယောက်ကို တစ်ခါဖူးမျှ မပစ်ခတ်ဖူးပါ။ ယခုလည်း သူ့အဖို့ သေနတ်အသုံးပြုရန် မလွယ်ကူပါ။

စိန့်အက်ဘင်နီနှင့် တစ်မိုင်ခန့်အလိုသို့ ရောက်ရှိသောအခါ ဘာရေးသည် လမ်းငယ်ကလေးတစ်ခုထဲသို့ ချိုးဝင်လိုက်သည်။ ဂျက်ကော်ဒါ နောက်မှ လိုက်ပါရသည်။ သူတို့သည် ခြံစည်းရိုးအမြင့်ကြီး နှစ်ခုကြားမှနေ၍ အပေါ်ဘက်သို့ တက်သွားနေကြသည်။ လယ်တဲကလေးတစ်ခုကို ဖြတ်ကျော်သွားကြသည်။ တောင်ကုန်းကလေးတစ်ခု၏ ထိပ်သို့ ရောက်ရှိသွားကြသည်။ သစ်ပင်များ အုပ်ဆိုင်းစွာ ပေါက်ရောက်လျက်ရှိသည်။ ဘာရေးက ကော်ဒါကို ရပ်ရန် အချက်ပြလိုက်ပြီး သူ၏ မော်တော်ဆိုင်ကယ်ကို သစ်ပင်များအောက်တွင် ရပ်ထားလိုက်သည်။ ထို့နောက် ကော်ဒါရှိရာသို့ သူ ရောက်ရှိလာသည်။

"ဘာတွေဖြစ်နေလို့လဲ ဖရင့်"

ကော်ဒါက မေးသည်။

"ဒီနေရာက မြင်ကွင်းကောင်းတယ်"

သစ်ပင်များအကြား သူ လျှောက်သွားပြီး တောင်ဘက်ဆီသို့ လက်ညှိုးထိုးသည်။ စိန့်အက်ဘင်နီ ရွာကလေးသည် အောက်ဘက်တွင် လှပစွာ ဖြန့်ကြက်လျက်ရှိသည်။ ကားရုံနှင့် ကွက်လပ်ကလေးသည်လမ်း၏ တစ်ဖက်တွင်ရှိပြီး လက်ဖက်ရည်ဆိုင်နှင့် ကားများရပ်နားသည့်နေရာက

mgyoe.com

mgyoe.com


အခြားတစ်ဖက်တွင် ဖြစ်သည်။

ဖရင့်ဘာရေးက သူ၏ မိုးကာအင်္ကျီအိတ်အတွင်းမှ အဝေးကြည့်မှန်ပြောင်းကို ထုတ်ယူပြီး ကော်ဒါသို့ လှမ်းပေးသည်။

"ကြည့်စမ်းပါ၊ ကိုယ်တို့အနေနဲ့ ဒီနေရာကနေ ကြည့်တာ အကောင်းဆုံးဖြစ်မယ်"

ကော်ဒါသည် မှန်ပြောင်းကို ချိန်ကာ ကားရုံရှေ့ရှိ ကွက်လပ်ကလေးဆီသို့ ကြည့်လိုက်သည်။ အပေါ်အင်္ကျီအရှည် အဝါကြီးများကို ဝတ်ဆင်ထားသော လူနှစ်ယောက်သည် ကားစက်ခေါင်းတစ်ခုကို နှိုက်နေကြသည်။ တတိယမြောက် လူတစ်ယောက်သည် ဓာတ်ဆီဆိုင်အနီးရှိ မှန်ရုံးခန်းထဲတွင်ရှိသော မိန်းကလေးတစ်ယောက်ကို စကားပြောနေသည်။ မိန်းကလေးက တံခါးပေါက်ဝတွင် ရပ်နေသည်။ ကြက်သွေးရောင် ခေါင်းစည်းကလေးနှင့်ဖြစ်သည်။ သူမ၏ရှေ့တွင် လက်တွန်းလှည်းကလေး တစ်ခုရှိသည်။

"ကားလာပြီလား"

ဘာရေးက မေးသည်။

ကော်ဒါက လမ်းဘက်သို့ ကြည့်သည်။

"မလာသေးဘူး၊ ထရပ်ကားတစ်စီးတော့ လာနေတယ်"

"ဟုတ်လား၊ စိတ်ဝင်စားစရာပဲ"

ထရပ်ကားမှာ ဘီးရှစ်ဘီးရှိပြီး ဘေးနှစ်ဖက်တွင် မိုးကာစိမ်းများအမြင့်ကြီး ကာရံထားသည်။ ရွာတွင်းသို့ ရောက်ရှိသောအခါ ထရပ်ကားကြီးသည် အရှိန်လျှော့လိုက်ပြီး ကားရပ်သည့် ကွက်လပ်သို့ ချိုးကွေ့သည်။ ကားမောင်းသူ ကားပေါ်မှ ခုန်ဆင်းပြီး ကဖေးဆိုင်ဆီသို့ လျှောက်သွားသည်။ သူက အရပ်မြင့်မြင့်ဖြစ်သည်။ ကာကီအင်္ကျီရှည်ကြီး ဝတ်ထားသည်။

ဘာရေးသည် ကော်ဒါ၏လက်မှ မှန်ပြောင်းကို ယူပြီး ထရပ်ကားကြီးကို ကြည့်သည်။

"ဘိုဘီယာဘရားသား အဝေးပြေး သယ်ယူပို့ဆောင်ရေး။ ပါရီနှင့်မာဆေး"

"ဆိုင်ပိတ်ထားတာတွေ့ရင် သူတို့ သွားလိမ့်မယ်"

ကော်ဒါက ပြောလိုက်သည်။

mgyoe.com

mgyoe.com


"ကိုယ်တော့မထင်ဘူး"

ဘာရေးက ပြန်ပြောသည်။

ထိုစဉ်မှာပင် ထရပ်ကားအတွင်းမှ သေနတ်သံများ ထွက်ပေါ်လာသည်။ တစ်ဖက်ကွက်လပ်သို့ စက်သေနတ်ဖြင့် ပစ်ခတ်ခြင်းဖြစ်သည်။ ဆိုင်နံရံမှန်ချပ်ကြီးများ ကွဲကြေကုန်တော့သည်။ တံခါးဝတွင် ရပ်နေသော အမျိုးသမီးလေး လက်တွန်းလှည်းပေါ်သို့ လဲကျသွားသည်။ ကားစက်ခေါင်းကို ရှိုက်နေသူ နှစ်ဦးကိုလည်း ကျည်ဆန်များ ထိမှန်သည်။ ဓာတ်ဆီတိုင်ကီ ပေါက်ပြီး သမံတလင်းပေါ်သို့ ဓာတ်ဆီများ ထွက်ကျသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် မီးထတောက်ပြီး ဓာတ်ဆီတိုင်ကီ ပေါက်ကွဲသည်။ အပိုင်းအစများ လေထဲတွင် ပလူပျံသွားသည်။ ကားပေါ်မှ အထူးရဲ ၂၀ ခန့် ခုန်ဆင်းပြီး လမ်းကို ကူးဖြတ်ပြီး ပြေးသွားကြသည်။

"တော်ပါပေတယ်"

ဘာရေး တည်ငြိမ်စွာ ပြောသည်။

ကော်ဒါသည် ခြောက်သွေ့နေသော နှုတ်ခမ်းများကို လျှာဖျားနှင့် ထိုးမိသည်။ ထို့နောက် သူ၏ လက်ဝဲလက်သည် သားရေဂျာကင်အိတ်ထဲသို့ နှိုက်လိုက်ပြီး ပစ္စတိုသေနတ်ဒင်ကို စမ်းမိသည်။

"ဘယ်နေရာမှာ မှားသွားသလဲ မသိဘူး" ဟု ပြောလိုက်သည်။

"ဒီကောင်သုံးကောင်ထဲက တစ်ကောင်ကောင် ဖောက်တာပဲနေမှာပေါ့"

ဘာရေးက ပြောလိုက်သည်။ ထို့နောက် သူသည် ကော်ဒါ၏ ပခုံးကို ပုတ်လိုက်ပြီးနောက်–

"ကိုယ်တို့ ဒီက သွားကြစို့၊ စောစောကလိုပဲ ကိုယ့်နောက်က လိုက်ခဲ့"

ဘာရေးသည် မော်တော်ဆိုင်ကယ်စီးပြီး ထွက်သွားသည်။ ကော်ဒါ လိုက်ပါသည်။ စောစောက မြင်တွေ့လိုက်ရသော မြင်ကွင်းသည် အိပ်မက်ဆိုးကြီးတစ်ခုပမာပင် ဖြစ်သည်။ ကော်ဒါ၏ မျက်စိထဲတွင် ယခုတိုင်အောင်ပင် မြင်ယောင်လျက်ရှိသည်။ ဘာရေးသည် ဤသို့ ဖြစ်လိမ့်မည်ကို ကြိုတင်ပြီး သိထားပုံရသည်။ သို့နှင့်တိုင် သူ၏ လူများကို အန္တရာယ်ဆိုးနှင့် ကြုံတွေ့စေပါသည်။

mgyoe.com

mgyoe.com


ကော်ဒါသည် ကျဉ်းမြောင်းသော တောလမ်းကလေးအတိုင်း ကွေ့ကာကောက်ကာနှင့် မော်တော်ဆိုင်ကယ်နောက်မှ လိုက်ပါသည်။ လမ်းတွင် မည်သူတစ်ဦးတစ်ယောက်နှင့်မျှ မတွေ့ဆုံဘဲ စိန့်အက်ဘင်နီမှ ၁၀ မိုင်ခန့် ဝေးကွာသောနေရာရှိ ဓာတ်ဆီဆိုင်လေးနှင့် ကဖေးဆိုင်ကလေး တစ်ခုသို့ ရောက်ရှိသွားကြသည်။ ဘာရေးသည် သူ၏ မော်တော်ဆိုင်ကယ် ကို ကဖေးဆိုင်၏ ဘေးတွင် ရပ်လိုက်သည်။ ကော်ဒါလည်း ကားကို ဆိုင်ကယ်ဘေးတွင် ရပ်လိုက်သည်။ ဘာရေးသည် ကင်းဗတ်အိတ်တစ်အိတ် ကို မော်တော်ဆိုင်ကယ် ဘေးအိတ်တစ်ခုအတွင်းမှ ထုတ်ယူလိုက်ပြီး–

"ဒီနေရာကို ကိုယ်သိတယ်။ ဆိုင်နောက်ဘက်မှာ ရေချိုးခန်းတစ်ခန်း ရှိတယ်။ ကိုယ့်အဝတ်အစားတွေကို အဲဒီမှာ သွားလဲလိုက်ပါ့မယ်။ ပြီးတော့ မော်တော်ဆိုင်ကယ်ကို ဒီမှာထားခဲ့ပြီး ကိုယ်တို့နှစ်ယောက် မောင်းရင့်ကားနဲ့ ဆက်သွားကြမယ်"

ကော်ဒါ ဘာမျှ ပြန်မပြောနိုင်မီမှာပင် ဆိုင်နောက်ဘက်ဆီသို့ သူ ထွက်သွားသည်။ ဓာတ်ဆီဆိုင်ဘေးရှိ မှန်ရုံကလေးအတွင်းမှ အမျိုးသမီး တစ်ယောက် ထွက်လာပြီး ကော်ဒါ၏အနီးသို့ ရောက်ရှိလာသည်။ မိန်းကလေးက အသက် ၂၅ နှစ်ခန့်ရှိမည်ဟု ခန့်မှန်းရသည်။ မျက်နှာချိုသာ သည်။ သူမ၏ ကိုယ်လုံးထက် အများကြီး ကြီးသော ယောကျ်ားဝတ် ဂျာကင်အင်္ကျီကြီးကို ဝတ်ထားသည်။

"ဓာတ်ဆီထည့်မလို့လား မွန်စီယာ"

မိန်းကလေးက မေးသည်။

"တယ်လီဖုန်းရှိသလား"

ကော်ဒါက ပြန်မေးသည်။

"လက်ဖက်ရည်ဆိုင်ထဲမှာ ရှိတယ်။ ဒါပေမဲ့ ကနေ့ ဆိုင်မဖွင့်ဘူး မွန်စီယာ။ ဒီကနေ့ ဒီမှာ ကျွန်မ တစ်ယောက်တည်းရှိတယ်"

"ကျွန်တော် ပြောရမှဖြစ်မယ်၊ သိပ်အရေးကြီးနေတယ်"

သူက သူမထံသို့ ဖရန့်ငွေတစ်ရာတန် ငွေစက္ကူတစ်ရွက် ထုတ်ပေး လိုက်သည်။

"တယ်လီဖုန်းပြောဖို့ တိုကင်ပေးပါ၊ ပိုတာမင်း ယူထားပါ"

mgyoe.com

mgyoe.com


သူမက ပခုံးတွန့်လိုက်ပြီးနောက် သူမ၏ ရုံးခန်းထဲသို့ ဝင်သွားသည်။ ထို့နောက် တယ်လီဖုန်း တိုကင်များယူပြီး ပြန်ထွက်လာသည်။

"ကျွန်မ လိုက်ပြမယ်"

ကဖေးဆိုင်ကလေးမှာ သိပ်မကြီးပါ။ စားပွဲသုံးလေးလုံးနှင့် ကောင်တာတစ်ခုသာ ရှိသည်။ ကောင်တာပေါ်တွင် ဘီယာပုလင်းများ၊ ဘိလပ်ရည်ပုလင်းများနှင့် ဖန်ခွက်များရှိသည်။ မီးဖိုခန်းသို့ သွားသော တံခါးပေါက်တစ်ပေါက် ရှိသည်။ တယ်လီဖုန်းက နံရံပေါ်တွင် ဖြစ်သည်။ နံဘေးတွင် တယ်လီဖုန်းလမ်းညွှန်စာအုပ် ချိတ်ဆွဲထားသည်။

"ကျွန်မ ကော်ဖီဖျော်လိုက်မယ်၊ သောက်မလား"

"ကောင်းတာပေါ့"

မီးဖိုခန်းသို့ မိန်းကလေးဝင်သွားသည်နှင့် တစ်ပြိုင်နက် ကော်ဒါသည် တယ်လီဖုန်း လမ်းညွှန်စာအုပ်ကို ကြည့်သည်။ တယ်လီဖုန်းဒိုင်ခွက်ကို လှည့်သောအခါ သူ့လက်ချောင်းများ တုန်ယင်နေသည်။

တစ်ဖက်မှ အမျိုးသမီးအသံတစ်သံ ထွက်ပေါ်လာသည်။

"ဘယ်သူပါလဲရှင်"

"လိုင်ဆန်ဒါ၊ ဗိုလ်မှူးချုပ် ဖာဂတ်ဆင်နဲ့ အခုချက်ချင်း ပြောချင်ပါတယ်၊ ဦးစားပေး အဆင့်ပြည့်"

ရုတ်ခြည်းပင် ဖာဂတ်ဆင်၏အသံ ထွက်ပေါ်လာသည်။ သူသည် စောစောကတည်းက နားထောင်နေသည့်ပမာ ဖြစ်သည်။

"ဘာကိစ္စလဲ ဂျက်"

"ဘာရေး အနံ့ရတယ်။ အဲဒါကြောင့် သူနဲ့ ကျွန်တော် ဝေးဝေးက ရှောင်နေတယ်။ ကျန်တဲ့လူတွေ အားလုံးကိုတော့ အထူးရဲအဖွဲ့က ရှင်းပစ်လိုက်ပြီ"

"မင်းအနေနဲ့တော့ လွတ်လွတ်ကင်းကင်းပဲလား"

"ဟုတ်ကဲ့"

"မင်းကို သူ သံသယမဖြစ်ဘူးလား"

"မဖြစ်ဘူး၊ မာဆေးက အကောင်တစ်ကောင်ကောင်ပဲလို့ သူ ထင်နေတယ်"

mgyoe.com

mgyoe.com


ဖရင့်ဘာရေးသည် မီးဖိုထဲတွင် တွဲဆက်တပ်ဆင်ထားသော တယ်လီဖုန်းဖြင့် နားထောင်ရင်း ပြုံးနေသည်။ ပိုင်ရှင်မိန်းကလေးသည် သူ့ခြေရင်း ကြမ်းပြင်ပေါ်တွင် လဲနေသည်။ ပစ္စတိုဖြင့် အရိုက်ခံထားရသဖြင့် သူမ၏ နားထင်မှ သွေးများ ယိုစီးကျနေသည်။ ဘာရေးသည် စကားပြောခွက်ကို ကြိုးတန်းလန်း ချထားလိုက်ပြီးနောက် အိတ်ထဲမှ အသံတိတ်ကိရိယာကို ထုတ်ယူလိုက်သည်။ ထို့နောက် သူ၏ ပစ္စတိုပြောင်းထိပ်တွင် အသံတိတ် ကိရိယာကို လှည့်တပ်ရင်း ဆိုင်ရှေ့သို့ ထွက်သွားသည်။

ကော်ဒါသည် အသံတိုးတိုးဖြင့် ပြောကြားနေဆဲပင် ဖြစ်သည်။

"ဂျက်"

ဘာရေး တိုးညင်းစွာ ခေါ်လိုက်သည်။

ကော်ဒါ လှည့်ကြည့်သည်။ ဘာရေးက သူ၏ ရင်ဘတ်ကို နှစ်ချက်ဆင့်ပြီး ပစ်လိုက်သည်။ သူ လဲကျသွားသည်။

စကားပြောခွက် တွဲလောင်းကျသွားသည်။ ဘာရေးက စကားပြောခွက်ကို ကောက်ယူလိုက်ပြီး–

"ဟဲ... ဟဲ... မိတ်ဆွေကြီး ဖာဂတ်ဆင်လား၊ ဖရင့်ဘာရေးပါ။ ကော်ဒါကို ခင်ဗျား ပြန်လိုချင်တယ်ဆိုရင်တော့ စိန့်ဂျူလီရင်က ရော့စကိုကဖေးကို ခေါင်းတစ်လုံး ပို့လိုက်ပါ"

"မင်း ခွေးကောင်"

ဖာဂတ်ဆင် ဒေါသဖြင့် ရွတ်ဆိုလိုက်သည်။

"အရင်ကလည်း ဒီလိုမျိုး ပြောဖူးပါပြီ"

ဘာရေးသည် တယ်လီဖုန်းကို တင်ထားလိုက်ပြီးနောက် ဆိုင်ထဲမှ ထွက်သွားသည်။ ပါးစပ်က လေတအေးအေးချွန်ရင်း အသံတိတ်ကိရိယာကို ဖြုတ်သည်။ ထို့နောက် ပစ္စတိုကို သေနတ်အိတ်ထဲသို့ ပြန်ထည့်လိုက်ပြီး မော်တော်ဆိုင်ကယ်ကို စက်နှိုးကာ ထွက်သွားသည်။

❒

mgyoe.com

mgyoe.com


# နှစ်

နောက်တစ်နေ့ နံနက်တွင် ဒေါင်းနင်းလမ်း၊ နံပါတ် ၁၈ ရှေ့သို့ ဖာဂတ်ဆင်၏ ကား ရောက်ရှိလာသောအခါ မိုးရွာသွန်းလျက် ရှိပါသည်။ ဖာဂတ်ဆင်သည် ချိန်းထားသည့်အချိန်ထက် ၁၀ မိနစ်စောပြီး ရောက်ရှိသည်။ ဝန်ကြီးချုပ်နှင့် တွေ့ဆုံရန်ချိန်းထားသည့်အချိန်မှာ ၁၁ နာရီဖြစ်သည်။ သူ၏ကားသည် သူ့ကို ချထားပြီးနောက် ချက်ချင်းပင် ထွက်ခွာသွားသည်။ ဖာဂတ်ဆင်သည် စင်္ကြံလမ်းကို ဖြတ်ပြီး တံခါးပေါက်ဆီသို့ လျှောက်သွားသည်။ မိုးရွာသွန်းလျက်ရှိသော်လည်း လမ်းတစ်ဖက်တွင် အခါတိုင်းကဲ့သို့ပင် လေ့လာကြည့်ရှုသူများ ရှိနေသည်။ များသောအားဖြင့် ကမ္ဘာလှည့်ခရီးသည်များ ဖြစ်ကြသည်။ ၎င်းတို့နေရာကို ရဲသားနှစ်ဦးက စောင့်ကြပ်နေကြသည်။ ထုံးစံအတိုင်းပင် တံခါးဝတွင် ရဲသားတစ်ဦး စောင့်ကြပ်နေသည်။

ဖာဂတ်ဆင် တံခါးအနီးသို့ မရောက်ရှိခင်မှာပင် ရဲသားက အလေးပြုသည်။ တံခါးပွင့်သွားသည်။ ဖာဂတ်ဆင် အတွင်းသို့ ဝင်သွားသည်။

လူရွယ်တစ်ဦးက သူ့ကို ဆီးကြိုနှုတ်ဆက်သည်။

"ဗိုလ်မှူးချုပ် ဖာဂတ်ဆင်ပါလား ခင်ဗျား၊ ဒီဘက်ကိုကြွပါ"

ကက်ဘိနက် ခန်းမဆောင်နှင့် အိမ်တော်အတွင်းပိုင်းသို့ သွားရာစင်္ကြံလမ်းဆီသို့ အိမ်ရှေ့ခန်းမဆောင်ကြီးအတိုင်း ဖာဂတ်ဆင် လျှောက်သွား

mgyoe.com

mgyoe.com


သောအခါ သူ၏ လက်ယာဘက်ရှိ ပြန်ကြားရေးခန်းမဆောင်မှ အသံဗလံများကို ကြားရသည်။

ပထမထပ်သို့ တက်သော လှေကားမကြီး၏ နံရံတစ်လျှောက်တွင် ယခင် ဝန်ကြီးချုပ်များ၏ ဓာတ်ပုံများကို ချိတ်ဆွဲထားသည်။ ပီးလ်၊ ဝယ်လင်တန်၊ ဒစ္စရေလီ၊ ဂလတ်စတုံ။

ဖာဂတ်ဆင်သည် လှေကားကို တက်တိုင်း သမိုင်းကို ခံစားမိသည်။ သို့သော် ယခုတစ်ကြိမ်သည် လက်ရှိဝန်ကြီးချုပ်နှင့် တွေ့ရန် ပထမဆုံးအကြိမ် သူ ရောက်ရှိရခြင်းပင် ဖြစ်သည်။

အပေါ်ထပ် စင်္ကြံသို့ ရောက်ရှိသောအခါ လူရွယ်သည် တံခါးတစ်ခုကို ခေါက်လိုက်ပြီးနောက် တွန်းဖွင့်သည်။ ဖာဂတ်ဆင်ကို အတွင်းသို့ ဝင်စေသည်။

"ဗိုလ်မှူးချုပ် ဖာဂတ်ဆင်ပါ ဝန်ကြီးချုပ်"

ထို့နောက် အခန်းထဲမှ သူ ပြန်ထွက်သွားသည်။ တံခါးကို ပြန်ပိတ်သွားသည်။

ဝန်ကြီးချုပ်၏ စာကြည့်ခန်းသည် ယခင်အကြိမ်များက ဖာဂတ်ဆင် တွေ့မြင်ခဲ့ဖူးသည်ထက် ပိုမို ခမ်းနားလျက်ရှိသည်။ အစိမ်းနုရောင် နံရံများ၊ ရွှေဝါရောင် ခန်းဆီးများ၊ ကောင်းမွန်ထည်ဝါသော ပရိဘောဂများ။ ဝန်ကြီးချုပ်သည် စားပွဲ၏ နောက်ဘက်တွင် ထိုင်လျက်ရှိသည်။ စာရွက်များကို ကြည့်နေရာမှ ဖာဂတ်ဆင်ကို မော့ကြည့်သည်။ ဝန်ကြီးချုပ်၏ မျက်လုံးများက ထက်မြက် တည်ငြိမ်လှသည်။

"ဒီကိစ္စကြီးတစ်ခုလုံးကို လုံးဝ ပြည်ဖုံးကားချထားလိုက်မယ့်အကြောင်း ကနေ့မနက်ပဲ ပြင်သစ်သမ္မတကြီးက ပြောပါတယ်"

"ဟုတ်ကဲ့ခင်ဗျ"

"အင်း... ဗိုလ်ချုပ်ရဲ့လူ ကော်ဒါကြောင့်ပဲ၊ သူသာ အချိန်မီ အကြောင်းမကြားခဲ့ရင်"

ဝန်ကြီးချုပ်က ကုလားထိုင်တစ်လုံးကို ညွှန်ပြလိုက်ပြီး–

"ထိုင်ပါဦး ဗိုလ်ချုပ်၊ သူ့အကြောင်း ပြောပြပါဦး"

"ဂျက်ကော်ဒါကို လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကတည်းက၊ သူကျောင်းသားဘဝကတည်းက ကျွန်တော်တို့ စည်းရုံးခဲ့ပါတယ်။ နောက်ဆုံး

mgyoe.com

mgyoe.com


မှာ ကျွန်တော် သူ့ကို ဥရောပကို ပို့ခဲ့ပါတယ်။ သူ့ရဲ့ အဓိက တာဝန်ကတော့ ဖရင့်ဘာရေးပဲ"

ဝန်ကြီးချုပ် ခေါင်းညိတ်သည်။

"စောစောကပဲ ဒီအိုင်ဖိုက် ညွှန်ကြားရေးမှူးချုပ်နဲ့ စကားပြောရတယ်။ အရင် ဝန်ကြီးချုပ်တွေ လက်ထက်ကတည်းကပဲ ဒီအိုင်ဖိုက်မှာ အုပ်စုလေးလို့ အမည်တွင်တဲ့ ဌာနတစ်ခုကို ဖွဲ့စည်းခဲ့တယ်လို့ သူက ပြောတယ်။ အဲဒီဌာနကို ဝန်ကြီးချုပ်ကိုယ်တိုင် တိုက်ရိုက်ကွပ်ကဲပြီး အကြမ်းဖက်လုပ်ငန်းတွေကို ကိုင်တွယ် ဖြေရှင်းရတယ်လို့ဆိုတယ်"

"မှန်ပါတယ်ခင်ဗျာ"

"ဒီဌာနရဲ့ အကြီးအကဲကတော့ ဗိုလ်ချုပ်ပဲပေါ့"

"ဟုတ်ပါတယ်"

ခေတ္တမျှ ငြိမ်သက်တိတ်ဆိတ်နေသည်။ ဝန်ကြီးချုပ်သည် သူ့ရှေ့ရှိ စာရွက်စာတမ်းများကို ငေးကြည့်နေသည်။

"ဝန်ကြီးချုပ်အနေနဲ့ အပြောင်းအလဲတစ်ခု လုပ်ဖို့ရှိရင် ကျွန်တော် နုတ်ထွက်ပေးဖို့ အဆင်သင့်ပါပဲ"

"လောလောဆယ်တော့ အပြောင်းအလဲလုပ်ဖို့ မရှိသေးပါဘူး။ ဒါပေမဲ့ နိုင်ငံတော်ရဲ့ ဝန်ကြီးတစ်ဦး လုပ်ကြံခံရဖို့ သီသီကလေး ဖြစ်ခဲ့ရတဲ့ အတွက်တော့ ဗိုလ်မှူးချုပ်ရဲ့ဌာနကို သိပ်အားမကိုးရသေးဘူးလို့ ပြောရမှာပဲ။ ကောင်းပြီလေ၊ အဲဒီ ဘာရေးဆိုတဲ့ လူအကြောင်း ပြောစမ်းပါ။ ဘာဖြစ်လို့ သူက ဒီလောက်တောင် အရေးကြီးနေရတာလဲ။ ဒါထက်ပိုပြီး ပြောရရင်တော့ သူ ဘယ်လိုလုပ်ပြီး ဒီလောက်တောင် အရှောင်အတိမ်း ကောင်းနေရတာလဲ"

"အင်မတန်ထက်မြက်တဲ့ လူထူးကြီးတစ်ယောက်ပဲ။ သူ့နည်းနဲ့သူ အင်မတန်တော်တယ်။ နိုင်ငံတကာ အကြမ်းဖက်လောကမှာ အင်မတန် အရေးပါတဲ့ လူတစ်ယောက်ပဲ။ ဒါပေမဲ့ သူ့ကို လူတွေ အသိနည်းကြတယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ စိတ္တဗေဒကြောင့်ပဲ။ တခြား အကြမ်းဖက်သမားတွေက သူတို့ကို လူတွေ သိစေချင်ကြတယ်။ အကြမ်းဖက်သမားအဖြစ်နဲ့

mgyoe.com

mgyoe.com


ထင်ရှားချင်ကြတယ်။ သူတို့ဟာ ကမ္ဘာပေါ်က ရဲအဖွဲ့ကြီးတွေကို၊ ထောက်လှမ်းရေးအဖွဲ့ကြီးတွေကို အရှုံးလုပ်နိုင်တယ်ဆိုတာကို လူတွေလည်း သိစေချင်တယ်။ ဒါပေမဲ့ ဘာရေးကတော့ ဒီလိုမဟုတ်ဘူး။ သူ့ကို လူမသိစေချင်ဘူး။ သူဟာ အမြဲတမ်းပဲ မထင်ရှားတဲ့ အညတြတစ်ယောက်အဖြစ်နဲ့ နေတယ်"

"သူ့ရဲ့ နောက်ကြောင်းရာဇဝင်ကို ပြောစမ်းပါ"

"သူဟာ အိုင်ယာလန် မြောက်ပိုင်းသား တစ်ယောက်ပဲ။ မြောက်အိုင်ယာလန် တပ်မတော်မှာ ပြန်တမ်းဝင် ဗိုလ်တစ်ယောက်အဖြစ်နဲ့ အမှုထမ်းခဲ့တယ်။ ကိုရီးယားစစ်မြေပြင်မှာ တိုက်ပွဲဝင်ခဲ့တယ်။ စစ်မြေပြင်မှတ်တမ်းကောင်းတယ်။ သူဟာ ပရိုတက်စတင့် ဂိုဏ်းဝင်တစ်ယောက်ပဲ။ သူ့ရဲ့ဦးလေးက အိုင်ယာလန်မှုုမတ်ကြီး လော့စထရာမိုးပဲ။ ဘာရေးဟာ လော့စထရာမိုးရဲ့ အမွေစား အမွေခံပဲ"

"ဘုရား... ဘုရား..."

ဝန်ကြီးချုပ် ရေရွတ်သည်။

"အိုင်ယာလန် အရေးအခင်း ပထမပိုင်းမှာ ဘာရေးဟာ သမ္မတနိုင်ငံဘက်က ရပ်တည်ခဲ့တယ်။ ဒါပေမဲ့ သူ့လမ်းကို သူ သွားခဲ့တယ်။ သူပိုင်အဖွဲ့တစ်ဖွဲ့ တည်ထောင်တယ်။ ကျွန်တော်တို့ကို အများကြီး ဒုက္ခပေးခဲ့တယ်။ အုပ်စုလေးကို ဖွဲ့စည်းတည်ထောင်တဲ့အခါကျမှ ဘာရေးရဲ့အဖွဲ့ထဲကို ကျွန်တော် ထိုးဖောက်နိုင်ခဲ့တယ်။ ကျွန်တော့်ရဲ့ အေးဂျင့်တစ်ယောက်ဖြစ်တဲ့ ဗိုလ်မှုုးဟောင်းက ထိုးဖောက်ခဲ့တာပဲ။ အဲဒီတိုက်ပွဲမှာ ဘာရေး အကြီးအကျယ် ဒဏ်ရာရသွားတယ်။ ဆရာဝန်ကြီးတွေ အင်မတန် တော်လွန်းလို့သာ သူ အသက်ရှင်ခဲ့တာပဲ"

"နောက် ဘယ်လိုဖြစ်သွားတာလဲ"

"သူ ထွက်ပြေးသွားပါတယ် ဝန်ကြီးချုပ်။ သူ့ကို တာဝန်ခံပြီး ကုသနေတဲ့ ဆရာဝန်ကြီးတွေက သူဟာ လမ်းမလျှောက်နိုင်ဘူးလို့ ဆိုပါတယ်။ တကယ်ကျတော့ သူဟာ ဆေးရုံကြီးကနေ အလုပ်သမားတစ်ယောက်ဟန်ဆောင်ပြီး လမ်းလျှောက်ထွက်သွားပါတယ်။ ဆွစ်ဇာလန်မှာ တစ်နှစ်လောက် သူ ဆေးကုနေရတယ်"

mgyoe.com

mgyoe.com

"ဒီနောက်ကော"

"ဒီနောက်မှာတော့ သူဟာ ကျွန်တော်တို့ သိရသမျှ သတင်းအရဆိုရင် လုပ်ကြံမှုကြီး ၁၅ ခုလောက်နဲ့ ဗုံးဖောက်ခွဲမှုတွေ အမြောက်အမြားအတွက် တာဝန်ရှိခဲ့ပါတယ်။ ဒါပေမဲ့ သူဟာ ဘယ်နိုင်ငံအရေးနဲ့မှ မပတ်သက်ခဲ့ပါဘူး"

"သူ့ကို ဘယ်သူကပဲ ပိုက်ဆံပေးပေး၊ အဲဒီလူအတွက် သူ လုပ်ပေးတယ်လို့ ပြောတာလား"

"ဒီသဘောထက်တော့ ပိုပြီး လေးနက်ပါတယ်ခင်ဗျာ။ သူ လုပ်သမျှ အလုပ်တွေ အားလုံးဟာ ကမ္ဘာကျော် ထောက်လှမ်းရေး အဖွဲ့ကြီးတစ်ခုနဲ့ ဆက်စပ်နေပါတယ်။ အဲဒီအဖွဲ့ကြီးကလည်း သူ့ကို အသုံးပြုပြီး အနောက်ဥရောပတစ်လွှားမှာ အခြေအနေတွေ အားလုံးရှုပ်ထွေးပြီး ကသောင်းကနင်း ကပြောင်းကပြန်ဖြစ်အောင် လုပ်နေပါတယ်"

"ဒါပေမဲ့ သူဟာ နိုင်ငံရေးသမားတစ်ယောက်တော့ မဟုတ်ဘူး မဟုတ်လား"

"မှန်ပါတယ် ခင်ဗျာ၊ သူဟာ နိုင်ငံရေးသမားတစ်ယောက် မဟုတ်ပါဘူး။ သူဟာ သူတို့ပေးတဲ့ ပိုက်ဆံကိုယူပြီး သူတို့ ဖြစ်စေချင်တဲ့အတိုင်းတော့ ဖြစ်အောင်လုပ်ပေးနေတဲ့ လူတစ်ယောက်ပါပဲ။ ဒီကမ္ဘာကြီးမှာ ဒီလူမရှိမှပဲ ကောင်းမယ်"

"ကောင်းပြီလေ၊ ဗိုလ်ချုပ် လုပ်စရာရှိတာတွေကို ဆက်လုပ်ပါ"

ဝန်ကြီးချုပ်က အမိန့်ပေးလိုက်သည်။

* * *

ဖာဂတ်ဆင်သည် ကေဗင်ဒစ်စကွဲယား အခန်းမှာပင် အလုပ်လုပ်လေ့ရှိသည်။ မီးဖိုဘေးတွင် သူ ထိုင်ပြီး လက်ဖက်ရည်သောက်နေစဉ်မှာပင် အခန်းတံခါးကို ကင်ဖွင့်ပြီး ဟယ်ရီဖောက်ကို အတွင်းသို့ ခေါ်ဆောင်လာသည်။

"သြော်... ဟယ်ရီ ရောက်လာပြီလား၊ ကိုယ်လိုချင်တာ ရခဲ့သလား"

"ရခဲ့ပါတယ်ခင်ဗျာ၊ ဖရင့်ဘာရေးနဲ့ ပတ်သက်သမျှ အားလုံး စုဆောင်းခဲ့ပါတယ်"

ဖောက်မှာ အသက်သုံးဆယ်အရွယ် လူငယ်တစ်ဦးဖြစ်သည်။

mgyoe.com

mgyoe.com


ကိုယ်ရံတော်မြင်းတပ်မှ ဗိုလ်ကြီးတစ်ဦးဖြစ်သည်။ သူ၏ လက်ဝဲဘက် လက်တွင် သားရေလက်အိတ်တစ်ခု အမြဲတမ်း စွပ်ထားသည်။ သဘောမှာမူ သူသည် ဘဲလ်ဖတ်မြို့တွင် ဗုံးထိသဖြင့် လက်တစ်ဖက် ပြတ်ခဲ့ရသည်ကို ဖုံးကွယ်ထားခြင်းပင် ဖြစ်ပါသည်။ သူသည် ဖာဂတ်ဆင်၏ လက်ထောက် အဖြစ် ဆောင်ရွက်ခဲ့သည်မှာ တစ်နှစ်ကျော်သွားပြီဖြစ်သည်။

"ဗိုလ်ချုပ်သိချင်တာက ဘယ်တုန်းက ဘယ်အကြောင်းလဲ"

"အဲဒါကို ကိုယ် သေသေချာချာ မပြောနိုင်ဘူး။ ဂျက်ကော်ဒါဟာ ဖရင့်ဘာရေးကို နှိမ်နင်းဖို့ ကိုယ်လွှတ်ခဲ့တဲ့ တတိယမြောက်လူပဲ။ အဲဒီ သုံးယောက်ထဲမှာ နှစ်ယောက်ဟာ ခေါင်းထဲမှာ အဆုံးသတ်ခဲ့ကြရတယ်။ ကိုယ်သိတာကတော့ ကိုယ်တို့ဟာ တစ်မျိုးတစ်ဖုံ ပြောင်းပြီး လုပ်ကြရ လိမ့်မယ်"

"မှန်ပါတယ်ခင်ဗျာ၊ သူခိုးတစ်ယောက်ကို ဖမ်းဖို့ သူခိုးတစ်ယောက်ကို မွေးရမယ်"

"မောင်ရင် ဘာပြောတာလဲ"

"တစ်နေ့ကပဲ အထူးထောက်လှမ်းရေးတပ်ဖွဲ့က ဂျက်ဂရင်းက ကျွန်တော့်ကို ပြောတယ်။ သူတို့ လူတစ်ယောက်ကို ပတ်ဟတ်ထောင်ထဲမှာ ထောင်သားအဖြစ်နဲ့ ထည့်ထားတယ်တဲ့။ အဲဒီလူဟာ နှစ်ရက်အတွင်းမှာပဲ အနှိပ်ခံရတယ်တဲ့။ အဲဒီသဘောကတော့ လူဆိုးတွေဟာ ရဲတစ်ယောက်ကို တစ်မိုင်လောက်ကတည်းက အနံ့ရတယ်ဆိုတာပဲ။ ဖရင့်ဘာရေးလည်း ဒီသဘောပဲပေါ့။ သူ့ဆီကို ဗိုလ်ချုပ်လွှတ်လိုက်တဲ့ လူတစ်ယောက်ကို သူ အနံ့ရမှာ အမှန်ပဲပေါ့"

"မောင်ရင်ပြောတာ ဖြစ်နိုင်ပါတယ်။ ကဲ... အဲဒီဖိုင်တွေကို ဖတ်စမ်း ပါဦး၊ ကျယ်ကျယ်ကလေး ဖတ်စမ်းပါ"

သူတို့သည် ခြောက်နာရီလုံးလုံးပင် ဖတ်ရှုလေ့လာနေကြသည်။ ကင်တစ်ယောက်သာလျှင် မကြာမကြာဆိုသလို ရောက်ရှိလာပြီး ကော်ဖီနှင့် လက်ဖက်ရည်ပို့သည်။ အတော်ကလေး မှောင်ရီပျိုးသော အချိန်တွင်မှ ဖာဂတ်ဆင် ထိုင်ရာမှထပြီး အညောင်းဆန့်ကာ–

"ဒီအကောင် အခု ဘယ်ရောက်နေသလဲ မသိဘူး"

mgyoe.com

mgyoe.com


"သူနဲ့ ပတ်သက်တဲ့ ဓာတ်ပုံက အတော်ကို ရှားတာပဲ။ ၁၉၇၂ ခုနှစ် နောက်ပိုင်းမှာ မရှိသလောက်ပဲ။ အစောဆုံးတွေ့ရတဲ့ ပုံကလည်း အမျိုးသမီးသတင်းစာ ဆရာမတစ်ယောက်ရေးထားတဲ့ ပါရီမက်က ဟောဒီပုံပဲ။ ၁၉၇၁ ခုနှစ်ကပဲ။ သူနဲ့အတူ ရိုက်ထားတဲ့ လူနှစ်ယောက်က ဘယ်သူလဲ။ ဒက်ဗလင် ဟုတ်လား၊ လီယင်ဒက်ဗလင်နဲ့ မာတင်ဘရိုနင်"

ဖာဂတ်ဆင်သည် အံ့သြဖွယ်ရာသော အရှိန်ဖြင့် ဖောက်အနီးသို့ ရောက်လာပြီး ဂျာနယ်ဖြတ်ပိုင်းကို ဆွဲယူသည်။

"ဘုရားသခင်... လီယင်ဒက်ဗလင်နဲ့ ဘရိုနင်ပါလား။ ဘာရေးနဲ့ သူတို့ အဆက်အစပ် ရှိတယ်ဆိုတာကို ကိုယ် မေ့နေတယ်။ ကြာတော့ ကြာလှပြီ"

"သူတို့က ဘယ်သူတွေလဲ ဗိုလ်ချုပ်"

"အိုင်ယာလန်က အရေးအခင်း စောစောပိုင်းက ထိတ်ထိတ်ကြဲ နှစ်ယောက်ပဲပေါ့။ သူတို့ခေတ်တုန်းကတော့ သူရဲကောင်းတွေလို့လည်း ပြောနိုင်တာပေါ့။ ကဲ... ဟုတ်ပြီ၊ တော်ကြဦးစို့။ ကိုယ် သေသေချာချာ စဉ်းစားလိုက်ဦးမယ်"

ဖောက် ပြန်သွားသည်။ ဖာဂတ်ဆင် ဘရန်ဒီတစ်ခွက်ငှဲ့ပြီး ပြတင်းပေါက်ဆီသို့ သွားသည်။ ပန်းခြံတွင်းသို့ ငုံ့ကြည့်ရင်း ဂျက်ကော်ဒါနှင့် သူ လွှတ်လိုက်သူများအကြောင်း တွေးမိသည်။

"ခွေးမသားအကောင်၊ ငါ့ကို ဘယ်နေရာကနေ လှောင်နေမလဲ မသိဘူး"

* * *

သည်အချိန်တွင် ဘာရေးမှာလည်း ဖာဂတ်ဆင်ကဲ့သို့ပင် ရှိနေသည်။ လက်ထဲတွင် အရက်ဖန်ခွက်ကိုင်ပြီး ပြတင်းပေါက်တစ်ခုအနီးတွင် ရပ်နေသည်။ ပါရီမြို့၏ အခန်းတစ်ခန်းတွင် ဖြစ်သည်။ မြင်ကွင်းက စိန်းမြစ် ဖြစ်သည်။ တံခါးခေါက်သံ ထွက်ပေါ်လာသည်။ တံခါးဖွင့်လိုက်သောအခါ အပြင်ဘက်တွင် ရိုမန်နော့ ရပ်နေသည်ကို မြင်တွေ့ရသည်။

"ဘယ်လိုလဲ"

mgyoe.com

mgyoe.com


အခန်းတွင်းသို့ ဝင်လာသော ရိုမန်နော့ကို ဘာရေးက မေးလိုက်သည်။

"ဌာနခွဲငါးက ကောင်းကောင်း လှုပ်ရှားနေတာပဲ။ ဒီကိစ္စမှာ ခင်ဗျား ပါတယ်ဆိုတာ သူတို့ သိနေတယ်။ ခင်ဗျားကို သူတို့ မြေလှန်ရှာနေကြတယ်။ ဒီကိစ္စမှာ ဗြိတိသျှ ထောက်လှမ်းရေးအဖွဲ့ကလည်း အင်တိုက်အားတိုက် ကူညီနေတယ်။ ခင်ဗျားရဲ့ မိတ်ဆွေကြီး ဖာဂတ်ဆင်နဲ့ ဌာနခွဲ(၅) က ပိယာ ဂူယန်တို့က မိတ်ဆွေဟောင်းတွေပဲ"

"အဲဒါ ပြောင်းလဲမှုတစ်ခုပဲ။ ကျုပ် သိသလောက်တော့ ဒီအိုင်ဖိုက်နဲ့ ပြင်သစ်ထောက်လှမ်းရေးအဖွဲ့ဟာ ဒီလောက် အပေးအယူမရှိကြဘူး။ ဖာဂတ်ဆင်နဲ့ ဂူယန်ဟာ မိတ်ဆွေဟောင်းတွေလို့ ခင်ဗျား ဘယ်လိုလုပ်ပြီး ပြောနိုင်သလဲ။ ဂူယန်ရဲ့ဌာနမှာ ခင်ဗျားလူ တစ်ယောက်ရှိသလား"

"ဘာမဆို ဖြစ်နိုင်တာချည်းပဲ"

ရိုမန်နော့က ဖြေသည်။

"အခုအထိကတော့ ကျုပ်ကို လက်ညှိုးထိုးနိုင်တဲ့လူဟာ ခင်ဗျား တစ်ယောက်ပဲ ရှိတယ်"

"ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် လောလောဆယ်အချိန်မှာ ခင်ဗျား ခဏ လောက် ရှောင်နေလိုက်ရင် ကောင်းမယ်"

"ဘယ်မှာ သွားရှောင်ရမလဲ"

"အင်္ဂလန်"

ဘာရေး ရယ်မောလိုက်ပြီး–

"တယ်ကောင်းတဲ့အကြံပဲ။ ဟုတ်တယ်၊ သူတို့ ကျုပ်ကို နောက်ဆုံး ထားပြီး ရှာရမယ့်နေရာက အင်္ဂလန်ပဲ။ အင်္ဂလန်နိုင်ငံ ဘယ်နေရာမှာ သွားနေရမယ်ဆိုတာကော ခင်ဗျား စိတ်ကူးရှိထားသလား"

"လိတ်ဒိစတြိတ်"

"အင်း... အဲဒီနေရာက အခုလိုရာသီမျိုးမှာ အင်မတန် လှပသာယာ တယ်လို့ ပြောကြတယ်။ ကောင်းပြီလေ၊ သွားကြတာပေါ့"

ဘာရေးက နောက်ထပ် ကော့ညက်တစ်ခွက် ငှဲ့ရင်း ပြောလိုက်သည်။

ထိုအခါ ရိုမန်နော့သည် သူ၏ လက်ဆွဲသေတ္တာကို ဖွင့်လိုက်ပြီး အတွင်းမှ မြေပုံများကို ထုတ်ယူသည်။

mgyoe.com

mgyoe.com

"အနောက်ဂျာမနီက လက်နက်အသစ်အဆန်း တစ်ခုထုတ်တယ်။ ကြည်းတပ်အတွက် အပေါ့စား လက်နက်တစ်ခုပဲ။ တစ်ခါပစ်လို့ရှိရင် ဒုံးကျည် ၁၂ ခု တစ်ပြိုင်တည်း ထွက်တယ်။ ဒုံးကျည်တစ်ခုဟာ တင့်ကားကြီး တစ်စီးကို ကောင်းကောင်း ဖြိုခွင်းနိုင်တယ်။ အဲဒီလက်နက်မျိုးတစ်ခုကို ကျုပ်တို့ နမူနာလိုချင်နေတာ ကြာလှပြီ။ တစ်ခါမှ မရဘူး။ ကျုပ်တို့ တစ်ခု တော့ ရမှဖြစ်မယ်"

"အဲဒီတော့ ကျုပ် ဘာလုပ်ရမှာလဲ"

ဘာရေးက မေးသည်။

ရိမန်နော့ မြေပုံတစ်ခုကို ကြည့်ပြီး–

"ကနေ့ပဲ ကျုပ် သတင်းတစ်ခုရတယ်။ ဂျာမန်တွေဟာ အဲဒီလက်နက်ကို လာမယ့် ကြာသပတေးနေ့မှာ လိတ်ဒိစတြိတ်ဗေ့စ်ဝါတား အနီးက ဗြိတိသျှဒုံးကျည် လေ့ကျင့်ရေးကွင်းမှာ မဟာမိတ်တပ်ဖွဲ့တွေကို နမူနာပစ်ပြ လိမ့်မယ်။ အဲဒီလက်နက်တစ်ခုကို ဗုဒ္ဓဟူးနေ့မှာ သူတို့ ယူသွားကြလိမ့်မယ်။ အဲဒီအဖွဲ့မှာ အရာရှိတစ်ယောက်နဲ့ စစ်သားခြောက်ယောက် ပါမယ်။ ဒုံးကျည်ကွင်းနဲ့ မိုင် ၂၀ လောက်အကွာမှာ ဗြိတိသျှလေတပ် လေယာဉ်ကွင်း ဟောင်း တစ်ခုရှိတယ်။ အဲဒီမှာ သူတို့ လေယာဉ်ပျံနဲ့ဆင်းပြီး ကားနဲ့ဆက်ပြီး သွားကြလိမ့်မယ်"

"စိတ်ဝင်စားစရာပဲ"

"ကျုပ်ကို ဒီကိစ္စ အောင်မြင်အောင် လုပ်ပေးစမ်းပါ ဖရင့်။ ခင်ဗျား အတွက် ငွေငါးသိန်း တာဝန်ခံပါတယ်"

ဘာရေးက သူ့စကားကို မကြားဟန်ဖြင့်–

"ကျုပ်ကို ကူညီမယ့် လူတစ်ယောက်လိုမယ်။ အဘက်ဘက်က အားကိုးရမယ့် လူမျိုးပေါ့။ အတွေ့အကြုံရင့်ကျက်တဲ့ လူဆိုးတစ်ယောက် ဖြစ်ရမယ်။ လန်ဒန်မှာရှိတဲ့ ခင်ဗျားလူတွေ စီစဉ်ပေးနိုင်ပါ့မလား"

"ခင်ဗျားလိုချင်တာ ဘာမဆိုဖြစ်စေရမယ် ဖရင့်"

"မြေပုံတွေလည်း လိုချင်တယ်။ ဗြိတိသျှတပ်မတော်က ထုတ်တဲ့ မြေပုံတွေ လိုချင်တယ်။ အဲဒီဒေသအကြောင်းကို ကျုပ် ကောင်းကောင်းသိထားမှဖြစ်မယ်"

mgyoe.com

mgyoe.com


"မနက်ကျရင် ရမယ်"

"ကနေ့ည ရချင်တယ်။ နောက်ပြီးတော့ နိုင်ငံကူးလက်မှတ်တွေလည်း လိုချင်တယ်။ အင်္ဂလိပ်တစ်ခု၊ ပြင်သစ်တစ်ခု၊ အမေရိကန်တစ်ခု"

"စိတ်ချပါ"

"နောက်ပြီးတော့ တစ်ခုလိုသေးတယ်။ အင်္ဂလန်မှာ ပေါင်ငါးသောင်းနဲ့ ဘဏ်စာရင်း ဖွင့်ပေးထားရမယ်။ အလုပ်လုပ်ဖို့ ပိုက်ဆံပဲ။ နောက်ပြီးတော့ ခင်ဗျားဆီက ကျုပ် ငွေတစ်သန်းတိတိ လိုချင်တယ်"

ရိုမန်နော့ ပခုံးတွန့်လိုက်သည်။

"ကျုပ်တို့ လိုချင်တာကိုသာ ခင်ဗျား ရအောင်လုပ်ပေးပါ။ ခင်ဗျား လိုချင်တဲ့ငွေကို ကျုပ်တို့ပေးပါ့မယ်"

* * *

ဟယ်ရီဖောက် ရေပန်းအောက်သို့ ဝင်မည်ပြုစဉ်မှာပင် တယ်လီဖုန်း မြည်လာသည်။ သူ ကျိန်ဆဲလိုက်သည်။ သူ၏ကိုယ်တွင် မျက်နှာသုတ်ပဝါတစ်ထည် ပတ်လိုက်ပြီး တယ်လီဖုန်းဆီသို့ သွားသည်။

"ဟယ်ရီရေ၊ ဖာဂတ်ဆင်ပါ။ သူခိုးတစ်ယောက်ကို ဖမ်းဖို့ သူခိုး တစ်ယောက်ကို မွေးရမယ်လို့ စောစောက မောင်ရင်ပြောသွားတာ မှတ်မိသေး သလား။ အဲဒီစကားဟာ ကျုပ်အတွက် အင်မတန် အသုံးဝင်တာပဲ။ ရုံးသွား ပြီး မာတင်ဘရိုနင်ရဲ့ ဖိုင်တွဲယူခဲ့စမ်းပါ၊ နောက်ပြီးတော့ တစ်ဆက်တည်း ဒက်ဗလင်ရဲ့ ဖိုင်လည်း ယူခဲ့ပါ"

ဖောက် နာရီကို ကြည့်လိုက်ပြီး–

"မနက်ကျရင် ယူခဲ့ရမှာလား ဗိုလ်ချုပ်"

"မဟုတ်ဘူး၊ အခုယူခဲ့ဖို့ ပြောနေတာ"

ဖာဂတ်ဆင် ဖုန်းကို ဆောင့်ချသွားသည်။ ဖောက်သည် စကားပြော ခွက်ကို ပြန်တင်ထားလိုက်ပြီးနောက် လက်မှနာရီကို တစ်ကြိမ်ပြန်ကြည့် သည်။ ည ၂ နာရီဖြစ်သည်။ သူ သက်ပြင်းတစ်ချက်ချလိုက်သည်။ ရေချိုး ခန်းသို့ ပြန်ပြီး အဝတ်အစားများကို ပြန်ဝတ်သည်။

❒

mgyoe.com

mgyoe.com

# သုံး

"မာတင်အော့ဒ်ဘရိုနင်။ အော့ဒ်ဆိုတာက စကော့တလန် ကက်လူမျိုးတွေ မှည့်တဲ့နာမည်ပဲ။ အင်္ဂလိပ်နာမည်က ဟယုဂျ်နဲ့ အတူတူပဲ။ သူ့အမေရဲ့ အဖေက ကက်လူမျိုးတစ်ယောက်ပဲ။ သူ့နာမည်ကို ထည့်ပြီး မှည့်ထားတာပဲ။ သူက သူ့ခေတ် သူ့အခါတုန်းက အင်မတန်ထင်ရှားတဲ့ ဒဗ္ဗလင် ယူနီယံ ခေါင်းဆောင်တစ်ယောက်ပဲပေါ့"

ဖာဂတ်ဆင်က အဓိပ္ပာယ်ဖွင့်သည်။

မီးဖိုထဲတွင် မီးအရှိန် ကောင်းလှသည်။ အချိန်မှာ နံနက် ၄ နာရီရှိနေပြီ ဖြစ်သည်။

"ဖိုင်ထဲမှာ ပါတဲ့အတိုင်းဆိုရင်တော့ သူဟာ ၁၉၄၅ ခုနှစ်မှာ အမေရိကန် ပြည်ထောင်စု ဘော်စတန်မြို့မှာ မွေးပါတယ် ဗိုလ်ချုပ်။ အိုင်းရစ် အမေရိကန်ပေါ့။ သူ့အဘိုးရဲ့ အဘိုးက သရောကြီးခိုင်းတုန်းက အမေရိကကို ပြောင်းခဲ့တာပဲ။ ၁၉ ရာစုအလယ်ပိုင်းမှာ သူတို့မိသားစုဟာ သင်္ဘောလုပ်ငန်းနဲ့ ကြီးပွားချမ်းသာခဲ့ကြတယ်။ သည့်နောက်မှာတော့ လုပ်ငန်းတွေ တစ်ခုပြီးတစ်ခု တိုးချဲ့ခဲ့ကြတယ်။ ရေနံကုမ္ပဏီ၊ ဆောက်လုပ်ရေးကန်ထရိုက်တာ၊ ဓာတုဗေဒစက်ရုံ အမျိုးစုံပဲ။ အထက်တန်းစားလောကမှာ အတော့်ကို ထင်ရှားကြတယ်"

mgyoe.com

mgyoe.com


ဖောက်က တင်ပြသည်။

"နောက်ပြီးတော့ ပရင့်စတန် တက္ကသိုလ်က အင်္ဂလိပ်စာပေ ဝိဇ္ဇာဘွဲ့ ရတယ်။ ၁၉၆၆ ခုနှစ်မှာ ဗီယက်နမ်စစ်မြေပြင်ကို သူ့ဆန္ဒအလျောက် သွားတယ်။ အထူးတပ်ဖွဲ့တွေနဲ့ ကွန်မန်ဒိုတပ်ဖွဲ့တွေမှာ တာဝန်ထမ်းရွက်ခဲ့ တယ်။ ရိုးရိုးတပ်သားအဖြစ်နဲ့ တာဝန်ထမ်းရွက်ခဲ့တယ်။ အဲဒါကတော့ အံ့သြစရာပဲ"

"သိပ်ဟုတ်တာပေါ့ မောင်ရင်။ ဗီယက်နမ်ကို အမေရိကန်က လူတွေ ဘယ်သူမှ မသွားချင်ကြဘူး။ တက္ကသိုလ်တစ်ခုမှာ တက်နေတဲ့ ကျောင်းသား တစ်ယောက်ဟာ မဝင်မနေရ စစ်မှုထမ်းဥပဒေနဲ့ အကျုံးမဝင်ဘူး။ ဘရိုနင် တို့ အထက်လွှာက လူငယ်တော်တော်များများဟာလည်း ဗီယက်နမ်ကို မသွားချင်ကြတာနဲ့ တက္ကသိုလ်မှာ ပေကတ်ပြီး နေကြတယ်။ သူလည်း တက္ကသိုလ်မှာ ဆက်ပြီး ပါရဂူဘွဲ့အတွက် ကျောင်းတက်နေမယ်ဆိုရင် ဗီယက်နမ်ကို သွားစရာမလိုဘူး။ ဒါပေမဲ့ သူက ဒီလိုလူမျိုးမဟုတ်ဘူး။ ကနေ့ ခေတ်စကား ပြောရရင်တော့ သူက အနာခံတတ်တဲ့ လူစားမျိုးပေါ့။ ဘာပဲဖြစ်ဖြစ် သူဟာ ဗီယက်နမ်ကို သွားခဲ့တာတော့ အမှန်ပဲ"

"အဲဒီမှာ သူဟာ ဘွဲ့တံဆိပ်လည်း အများကြီးရခဲ့တယ် ဖိုလ်ချုပ်။ ဒီအက်စ်စီဘွဲ့၊ နောက်ပြီးတော့ ဆီးလဗားစတား၊ နောက်ပြီးတော့ ဗီယက်နမ် စွမ်းရည်ဘွဲ့၊ နောက်ပြီးတော့ လီဂျင်းအော့ဖ်အော်နာ။ နေပါဦး၊ ပြင်သစ်ဘွဲ့ က ဘယ်လိုလုပ်ပြီး ပါနေတာတုံး"

ဖောက် မျက်မှောင်ကုတ်ရင်း မေးခွန်းထုတ်လိုက်သည်။ ဖာဂတ်ဆင် မတ်တတ်ထရပ်ပြီး ပြတင်းပေါက်ဆီသို့ လျှောက်သွားရင်း–

"အဲဒါ အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့ အချက်တစ်ခုပဲပေါ့။ သူ့ရဲ့ သူရဲကောင်းဆန်တဲ့ လုပ်ရပ်တွေထဲမှာ နောက်ဆုံးတစ်ခုပဲပေါ့။ အင်မတန် ထင်ရှားကျော်ကြားတဲ့ အမျိုးသမီး စစ်မြေပြင်သတင်းထောက် တစ်ယောက်ရဲ့ အသက်ကို လက်မတင်ကလေးအချိန်မှာ သူ ကယ်တင်ခဲ့တယ်။ အဲဒီအမျိုးသမီးရဲ့နာမည်က အန်းမာရီအော်ဒင်ပဲ။ ပါရီမက်မဂ္ဂဇင်းထဲက ဘရိုနင်၊ လီယင်ဒက်ဗလင်နဲ့ ဖရင့်ဘာရေးတို့ရဲ့ ပုံဟာ အဲဒီအမျိုးသမီး ရိုက်ခဲ့တာပဲ။ အဲဒီအမျိုးသမီးဟာ လိုက်ဖ်မဂ္ဂဇင်းမှာ အဲဒီအကြောင်း

mgyoe.com

mgyoe.com

ဆောင်းပါးရေးတဲ့အတွက် ပူလစ်ဇာဆု ရခဲ့တယ်။

ဖောက်သည် နောက်ဖိုင်တစ်ခုကို ဆွဲယူပြီး–

"သူက ဗီယက်နမ်ကနေ အိုင်ယာလန်ကို ဘယ်လိုလုပ်ပြီး ရောက်သွားတာလဲ"

ဖာဂတ်ဆင် မီးဖိုထဲ ပြန်လျှောက်လာရင်း–

"အမှန်တော့ အဲဒီကိစ္စက ရှင်းရှင်းကလေးပါပဲ။ မောင်ရင် သိရအောင် ကိုယ် အတိုချုပ်ပြောပြမယ်။ ဘရိုနင်ဟာ စစ်တပ်က ထွက်ပြီးတဲ့နောက်ပိုင်းမှာ ကိုယ်တို့ပြောတဲ့ ပါရဂူဘွဲ့ကို ရအောင်ယူရအောင် ဒဗ္ဗလင်မြို့က ထရီနီတီ ကောလိပ်ကို သွားတယ်။ အင်း.... ပြောရမယ်ဆိုရင်တော့ အိုင်အာရ်အေ အဖွဲ့မှာ လူကောင်းတွေရော၊ လူဆိုးတွေရော ရောနေတယ်။ ဖရင့်ဘာရေးတို့လို လူတွေအများကြီးရှိသလို၊ ယုံကြည်ချက်နဲ့ မှန်မှန်ကန်ကန် ဆောင်ရွက်တဲ့ လီယင်ဒက်ဗလင်တို့လို၊ ဘရိုနင်တို့လို လူတွေလည်း အများကြီးရှိပါတယ်။ သူတို့အထဲမှာ ဘရိုနင်ဟာ တိုက်ရည်ခိုက်ရည် အရှိဆုံးလူတစ်ယောက်ဖြစ်တယ်။ သူဟာ ဒက်ဗလင်ရဲ့ စစ်ဦးစီးအရာရှိ ဖြစ်ခဲ့တယ်"

"နောက်တော့ ဘယ်လိုဖြစ်သွားကြသလဲ"

"ပထမ တစ်နှစ်၊ နှစ်နှစ်မှာတော့ အခြေအနေက အများကြီးကောင်းပါတယ်။ ဒက်ဗလင်နဲ့ ဘရိုနင်တို့ဟာ မိုက်ကယ်ကောလင်း အစဉ်အလာအတိုင်း ပြောက်ကျားစစ်ကို ဆင်နွှဲကြတယ်။ ဗုံးခွဲတာတွေ မရှိဘူး။ ဒီအလုပ်မျိုးတွေက ဖရင့်ဘာရေးတို့လို လူမျိုးတွေပဲ လုပ်ကြတယ်။ ဒက်ဗလင်ကတော့ အများပြည်သူတွေကို ဒုက္ခမရောက်စေဘဲ စစ်တပ်ကိုပဲ တိုက်တယ်။ ဒါမှလည်း ကမ္ဘာက သူတို့ရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုကို ထောက်ခံလိမ့်မယ်လို့ ယုံကြည်ထားတယ်။ ဒါနဲ့ စကားမစပ် တစ်ခုပြောရဦးမယ်။ မောင်ရင်က မြောက်အိုင်ယာလန်မှာ အထွေထွေ တပ်မှူးကြီးဆိုပါတော့။ တစ်နေ့မှာ လစ္စဘွန်းမှာရှိတဲ့ မောင်ရင့်ရဲ့ ရုံးခန်းထဲက စားပွဲပေါ်မှာ နှင်းဆီပန်းတစ်ပွင့် တွေ့ရတယ်ဆိုရင် ဘယ့်နှယ့်လုပ်မလဲ"

"ဘုရား... ဘုရား"

"ဘရိုနင်က ဒီအလုပ်ကို ဝါသနာပါတယ်။ နှင်းဆီပန်းဟာ သူ့ရဲ့ သင်္ကေတပါ။ သူဟာ တပ်မှူးကြီးရဲ့ စားပွဲမှာတင်မဟုတ်ဘူး၊ မြောက်အိုင်

mgyoe.com

mgyoe.com


ယာလန် ဝန်ကြီးချုပ်နဲ့ ဝန်ကြီးတစ်ဦး စားပွဲပေါ်မှာလည်း နှင်းဆီပန်းတွေ တင်ထားခဲ့တယ်။ အဓိပ္ပာယ်ကတော့ တစ်ခုတည်းပါပဲ"

"သူတို့ကို သူ သတ်မယ်ဆိုရင် သတ်နိုင်တယ်၊ ဒါပေမဲ့ မသတ်ဘူး"

"ဟုတ်တယ်"

"ဆက်ပြောပါဦး"

"နောက်ပိုင်းမှာတော့ အခြေအနေတွေ အများကြီး ပြောင်းလဲသွားတယ်။ ဗုံးဖောက်ခွဲမှုတွေ၊ အကြမ်းဖက်မှုတွေ တိုးပွားလာတယ်။ ဒက်ဗလင်လည်း ဒဗ္ဗလင်မှာ ထောက်လှမ်းရေးမှူးချုပ် ဖြစ်လာတယ်။ ဘရိုနင်ကတော့ သူ့ရဲ့ လက်ထောက်ပဲပေါ့"

"ပြင်သစ်မှာဖြစ်တဲ့ ပြဿနာကကော"

ဖောက်က ဖိုင်တွဲကိုကြည့်ရင်း မေးလိုက်သည်။

"၁၉၇၅ ခုနှစ်မှာ ဒက်ဗလင်က သူ့ကို ပြင်သစ်ကို လက်နက်ဝယ်ဖို့ လွှတ်လိုက်တာပဲ။ ဒီမှာ လက်နက်ပွဲစား လုပ်တဲ့သူက ပုလိပ်သတင်းပေး ဖြစ်နေတော့တာပဲ။ ဘရစ်တန်နီကမ်းခြေက တံငါရွာကလေးတစ်ရွာကို လက်နက်တွေယူရအောင် ဘရိုနင် ရောက်သွားတဲ့အချိန်မှာ သူ့ကို ဖမ်းဖို့ စောင့်နေတဲ့ ပြင်သစ်အထူးရဲတပ်ဖွဲ့ဝင်တွေကို တွေ့ရတော့တာပဲ။ အဲဒီမှာ ပစ်ကြခတ်ကြတဲ့အခါမှာ သူ့လက်ချက်နဲ့ အထူးရဲတစ်ယောက် သေပြီး နှစ်ယောက် ဒဏ်ရာရသွားတယ်။ အဲဒီအတွက် သူဟာ မိန်းမလှကျွန်းမှာ တစ်သက်တစ်ကျွန်း ကျခံရတယ်"

"မိန်းမလှကျွန်း၊ ဟုတ်လား"

"ဟုတ်တယ်၊ ပြင်သစ်တွေ ယမမင်းကျွန်းဆိုတာ မရှိတော့ဘူး။ မိန်းမလှကျွန်းပဲ ရှိတယ်။ မြေထဲပင်လယ်မှာပဲ။ နာမည်ကလေးတော့ ချစ်စရာပဲ။ ဒါပေမဲ့ နည်းနည်းမှ ချစ်စရာမကောင်းဘူး"

"ဟုတ်ကဲ့ ဗိုလ်ချုပ်၊ ဒီကိစ္စတွေ ကျွန်တော်တို့နဲ့ ဘယ်လိုပတ်သက်ပါသလဲ"

ဖောက်သည် ဖိုင်တွဲကို ပိတ်လိုက်ရင်း မေးသည်။

"သူခိုးတစ်ယောက်ကို ဖမ်းဖို့ သူခိုးတစ်ယောက်ကို မွေးရမယ်လို့ မောင်ရင် ပြောတယ်မဟုတ်လား"

mgyoe.com

mgyoe.com


ဖောက်က အံ့အားသင့်စွာဖြင့် ဖာဂတ်ဆင်ကို ကြည့်လိုက်ပြီး–

"ဒါပေမဲ့ သူက ထောင်ထဲမှာ ရောက်နေတယ် မဟုတ်လား ဗိုလ်ချုပ်၊ ဗိုလ်ချုပ်ပဲ ပြောတာပဲ"

"ထောင်ထဲမှာ သူ ရောက်နေတာ လေးနှစ်ရှိသွားပြီ။ ဒါပေမဲ့ ကျုပ်တို့ သူ့ကို ထောင်ထဲကနေ ထုတ်နိုင်ရင် ဘယ့်နှယ့်လဲ"

ထိုစဉ်မှာပင် အိမ်တွင်းပြော တယ်လီဖုန်း မြည်လာသည်။ ဖာဂတ်ဆင်က သွားပြီး တယ်လီဖုန်းကို ကောက်ယူမည်ဟု ခေါင်းညိတ်လိုက်ပြီး–

"ကောင်းတယ်၊ ကျုပ်တို့ အခုပဲ ဆင်းလာပြီလို့ ပြောလိုက်"

ထို့နောက် ဖောက်ဘက်သို့ ဖာဂတ်ဆင် လှည့်ပြီး–

"ကဲ... မောင်ရင် ကုတ်အင်္ကျီယူ။ သွားကြစို့၊ အချိန်မရှိဘူး"

တံခါးဆီသို့ ဖာဂတ်ဆင် လျှောက်သွားသည်။ ဖောက် နောက်မှ လိုက်လာရင်း–

"ဗိုလ်ချုပ်ခင်ဗျာ၊ ကျွန်တော်တို့ အခု ဘယ်သွားကြမှာလဲ"

"ဟီးယားဖို့တပ်စခန်း အမှတ် (၂၂)၊ အထူးလေတပ်ဖွဲ့။ တပ်ကျမှ ဘာကိစ္စဆိုတာ ပြောပြမယ်"

ထို့နောက် သူသည် အခန်းတွင်းမှ လျင်မြန်စွာ ထွက်သွားသည်။

အပြင်ဘက်တွင် အေးသည်။ မိုးရွာနေသည်။ ကားနက်ကြီး ထွက်သွားသည်။ ဟယ်ရီဖောက် နောက်ခုံတွင် မှီထိုင်ရင်း မျက်လုံးများကို မှိတ်ထားလိုက်သည်။ ယခုလိုအချိန်တွင် ဘရိုနင်တစ်ယောက် ဘာလုပ်နေမည်နည်းဟု စဉ်းစားနေမိသည်။

* * *

မိန်းမလှကျွန်းသည် ကျောက်တုံး၊ ကျောက်ခဲတို့ဖြင့်သာ ပြီးသော ကျွန်းတစ်ကျွန်းဖြစ်ပြီး မာဆေးမြို့၏ အရှေ့ဘက် မိုင် ၄၀ ခန့်အကွာတွင် တည်ရှိသည်။ ပင်လယ်ကမ်းခြေမှ ၁၀ မိုင်ခန့် ဝေးကွာသည်။ ၁၈ ရာစုနှစ် ခံတပ်ကြီးသဖွယ် မတ်စောက်သော ကျောက်ကမ်းပါးဖြင့် တန်ဆာဆင်အပ်သည်။ မြေထဲပင်လယ်တစ်ဝိုက်တွင် အကျည်းတန်ဆုံးသော မြင်ကွင်းတစ်ခု ဖြစ်သည်။

mgyoe.com

mgyoe.com


ကျွန်းပေါ်တွင် ခံတပ်ကြီးလည်း ရှိသည်။ ကျောက်မိုင်းတစ်ခုလည်း ရှိသည်။ အကျဉ်းသမား ၆၀၀ လည်း ရှိသည်။ နိုင်ငံရေးသမားများနှင့် နှစ်ကြီးသမားများ ဖြစ်ကြသည်။ အားလုံးလိုလိုပင် တစ်သက်တစ်ကျွန်း ကျခံရသူများသာ ဖြစ်သည်။ တစ်သက်တစ်ကျွန်းဆိုသော စကားနှင့်အညီ သူတို့သည် ဤကျွန်းပေါ်မှာပင် သေဆုံးကြရမည်ပင် ဖြစ်သည်။ သေချာသည့် အချက်တစ်ခု ရှိသေးသည်။ မိန်းမလှကျွန်းမှာ တစ်စုံတစ်ယောက်မျှ ထွက်ပြေးလွတ်မြောက်ဖူးခြင်း မရှိပါ။

အကြောင်းကတော့ ရှင်းသည်။ မည်သည့်သင်္ဘောမှ ကျွန်းနှင့် လေးမိုင်ထက် နီးအောင် မချဉ်းကပ်နိုင်ပါ။ ထို့အပြင် မိန်းမလှကျွန်းကို သဘာဝက ဖန်တီးထားသော အကာအကွယ်ကြီးတစ်ခုလည်း ရှိသေးသည်။ ယင်းမှာ ရာသီဥတုကောင်းမွန်ချိန်မှာပင် တစ်နာရီ ၁၀ မိုင်နှုန်း စီးဆင်းလျက် ရှိသော မီးလ်ရေစ်ခေါ်သော အန္တရာယ်ရေစီးကြောင်းကြီးပင် ဖြစ်တော့သည်။ မုန်တိုင်းကျရောက်ချိန်တွင်မူ ပြောဖွယ်ရာ မရှိတော့ချေ။

မာတင်ဘရိုနင်သည် အကျဉ်းထောင်အပေါ်ထပ်ရှိအကျဉ်းခန်းကလေး တစ်ခုတွင် လက်တစ်ဖက်ကို ခေါင်းအုံးကာ စာဖတ်လျက်ရှိသည်။ သူ၏ ကိုယ်အထက်ပိုင်းတွင် အင်္ကျီဝတ်မထားသဖြင့် သန်မာတောင့်တင်းမှုများ အထင်းသား ပေါ်လွင်လျက်ရှိသည်။ ကျောက်မိုင်းထဲတွင် နေ့စဉ် ပင်ပန်းကြီးစွာ အလုပ်လုပ်ရသဖြင့် သူ၏ ကိုယ်ခန္ဓာသည် မာသည်ထက် မာလာခြင်းပင် ဖြစ်တော့သည်။ သူ၏ လက်ဝဲဘက်ရင်အုံတွင် သေနတ်ကျည်ဆန် ထိမှန်ထားသော အကျည်းတန်သည့် ဒဏ်ရာနှစ်ခုရှိသည်။ သူ၏ ဆံပင်များ က ပခုံးပေါ်သို့ ရောက်အောင် ရှည်လျားလျက်ရှိသည်။ သည်လိုနေရာဌာန မျိုးတွင်မူ အကျဉ်းထောင်အုပ်ချုပ်သူများက ယဉ်ကျေးမှုသဘောတစ်ခုတော့ ထားရှိသည်။ စာအုပ်စင်ပေါ်မှ စာအုပ်များပင် ဖြစ်သည်။

မျက်နှာချင်းဆိုင် အိပ်စင်ပေါ်မှ လူက မာတင်ဘရိုနင်ထံသို့ ဆေးလိပ်ဘူးတစ်ဘူးကို ပစ်ပေးလိုက်ပြီး ပြင်သစ်လို ပြောသည်။

"ဆေးလိပ်သောက်ပါဦး မာတင်"

ထိုလူက အသက် ၆၅ နှစ်ခန့် အရွယ်ရှိပြီး ဆံပင်များ ဖြူဖွေးလျက်ရှိသည်။ မျက်လုံးများမှာ ဖန်သားလို ပြာနေသည်။ သူ့နာမည်က ဂျက်ဆာ

mgyoe.com

mgyoe.com


ဗာရိဖြစ်သည်။ ယူနီယံကိုဆီ ဂိုဏ်းချုပ်ကြီးတစ်ဦးပင် ဖြစ်သည်။ သူ့ခေတ်သူ့အခါကတော့ မာဆေးမြို့တွင် အထင်ရှား အကျော်ကြားဆုံးသော ဂိုဏ်းချုပ်ကြီးတစ်ဦးပင် ဖြစ်သည်။ သူသည် ၁၉၆၅ ခုနှစ်ကတည်းက မိန်းမလှကျွန်းသို့ ရောက်ရှိနေခဲ့ခြင်းပင် ဖြစ်သည်။ သူသည် သည်ကျွန်းမှာပင် အရိုးထုတ်ရပေတော့မည်။ အမှန်တော့ ပြင်သစ်နိုင်ငံတွင် အကြီးဆုံး လူဆိုးဂိုဏ်းကြီးဖြစ်သော ယူနီယံကိုဆီအဖို့ အစဉ်အလာ မဟုတ်ခဲ့ပါ။ သူတို့သည် အဘယ်မျှပင် အခက်အခဲ အကျဉ်းအကျပ်ရှိပါစေ၊ သူတို့၏ ခေါင်းဆောင်တစ်ဦးကို ကယ်တင်နိုင်ခဲ့ပါသည်။ တရားရုံးက ဆွဲထုတ်နိုင်ကြပါသည်။

သို့သော် ဆာဗာရီ၏ ကိစ္စက အခါတိုင်းနှင့်မတူ ခြားနားနေသည်။ သူက နိုင်ငံရေးနှင့် ပတ်သက်နေသည်။ အိုအေအက်စ် သူပုန်များနှင့် ပေါင်းမိခြင်းဖြစ်သည်။ ချားဒီဂေါကို လုပ်ကြံရန် ကြံစည်ခဲ့ခြင်းဖြစ်သည်။ ယူနီယံကိုဆီက သူ့ကို လွတ်မြောက်အောင် မကြံဆောင်နိုင်ခဲ့ပါ။ သူ့အသက်ကိုသာ ကယ်တင်နိုင်ခဲ့သည်။ သေဒဏ်မချခံရဘဲ တစ်သက်တစ်ကျွန်း ကျခံရအောင်သာ စွမ်းဆောင်နိုင်ခဲ့ကြသည်။ သူ အသက်မသေခဲ့လျှင် သူ့ကို တစ်နေ့တွင် လွတ်မြောက်အောင် လုပ်နိုင်မည်ဟု ယုံကြည်ခဲ့ကြသည်။ သို့သော် မိန်းမလှကျွန်းသို့ သူ့ကို ပို့လိုက်သောအခါ သူတို့ ဘယ်လိုမှ မတတ်နိုင်ကြတော့ပါ။

ပြတင်းပေါက်ကို မိုးပေါက်များ ရိုက်ပက်နေကြသည်။ လေက အဟုန်ပြင်းထန်လှသည်။

"ဘာဖတ်နေတာလဲ"

ဆာဗာရီ မေးသည်။

"အိလိယော့။ အစဆိုတာ အဆုံးပဲလို့ ကျွန်တော်တို့ ပြောကြတယ်။ အဆုံးကိုရောက်ဖို့ အစကို အရင်လုပ်ရတယ်။ အဆုံးဟာ ကျွန်တော်တို့ရဲ့ အစပဲ"

"သည်ဖိုးကွာတက် လစ်တဲလ်ဂစ်ဒင်းပဲ"

"အဘဟာ အင်မတန် တန်ဖိုးကြီးမားတဲ့ ပညာတွေကို အခမဲ့ ရရှိနေတာပဲ"

mgyoe.com

mgyoe.com


"မောင်ရင်လည်း ကျုပ်ဆီက ပညာတွေ အများကြီး ရပြီမဟုတ်လား။ ကျုပ်ပြပေးတဲ့နည်းနဲ့ တံခါးကို ဖွင့်နိုင်ပြီမဟုတ်လား"

ဘရိုနင် ပခုံးတွန့်လိုက်သည်။ ခြေထောက်နှစ်ဖက်ကို ကြမ်းပြင်ပေါ်သို့ လွှဲချလိုက်သည်။ ထို့နောက် ခုတင်ဘေးရှိ ဗီရိုကလေးအတွင်းမှ ဇွန်းတစ်ချောင်းကိုယူပြီး တံခါးမဆီသို့ လျှောက်သွားသည်။ သော့အိမ်ကို သံမဏိပြားဖြင့် ဖုံးအုပ်ထားသည်။ ဘရိုနင်သည် သံမဏိပြားနှင့် တံခါးတိုင်ကြားသို့ ဇွန်းမြီးကို လျင်မြန်စွာ ထိုးသွင်းလိုက်သည်။ စက္ကန့်အနည်းငယ်ကြာသောအခါ တောက်ခနဲ အသံမြည်ပြီး တံခါးပွင့်သွားသည်။

"၁၉၅၇ ခုနှစ်ကတည်းက သော့တွေအားလုံးဟာ ဒီပုံစံချည်းပါပဲ"

ဆာဗာရိုက ပြောလိုက်သည်။

"ဒါပေမဲ့ ဒီတံခါးကို ဖွင့်နိုင်ရုံနဲ့ ဘယ်ကိုမှ ရောက်မှာမဟုတ်ဘူး။ လှေကားထိပ်ကို ရောက်ရုံလောက်ပဲရှိမယ်။ အဘကို ကျွန်တော် တစ်ခါမှ မပြောရသေးဘူး။ ဒီကနေ ထွက်သွားနိုင်မယ့် လမ်းတစ်ခုကို ကျွန်တော်တွေ့ထားတယ်။ နည်းနည်းတော့ တက်ရမယ်။ နောက်ပြီးတော့ ရေထုတ်မြောင်းထဲမှာ လျှောက်သွားမယ်။ ဒါဆိုရင် အပြင်ကို ရောက်သွားမှာပဲ။ ဒီလမ်းကို ကျွန်တော် တွေ့ထားတာ သုံးနှစ်လောက်ရှိပြီ"

ဘရိုနင်က ပြောလိုက်သည်။

"ဒါဖြင့်ရင် မောင်ရင် ဘာဖြစ်လို့ အဲဒီလမ်းကနေ ထွက်မသွားသလဲ"

"ဘာဖြစ်လို့ ထွက်မသွားသလဲဆိုတော့ အဲဒီလမ်းကနေ ထွက်သွားလည်း ဘယ်ကိုမှ ရောက်မှာမဟုတ်ဘူး။ အပြင်ဘက်က ကျောက်ဆောင်တွေပေါ်ကို ရောက်ရုံလောက်ပဲရှိမယ်။ အဲဒီကနေ ဘယ်ကိုမှ ဆက်ပြီးသွားနိုင်မှာမဟုတ်ဘူး"

ထိုစဉ်မှာပင် လှေကားဆီမှ တက်လာသော ခြေသံတစ်ခုကို ကြားရသည်။ ဘရိုနင်သည် တံခါးကို လျင်မြန်စွာ ပြန်ပိတ်လိုက်ပြီး ဇွန်းမြီးဖြင့် သော့ပြန်ခတ်လျက်ရှိသည်။ ထောက်ခနဲ ချက်ကျသံ ထွက်ပေါ်လာသောအခါတွင်မူ အိပ်ခန်းဆီသို့ သူ ပြန်လာပြီး လဲလျောင်းနေလိုက်သည်။

အခန်းရှေ့တွင် ခြေသံများ ရပ်သွားသည်။ တံခါးကို သော့ဖြင့်ဖွင့်သည်။ တံခါးဝတွင် ပေါ်လာသူမှာ လေဗယ်အမည်ရှိ ထောင်မှူးတစ်ဦး

mgyoe.com

mgyoe.com


ဖြစ်သည်။

"ထကြ၊ ခင်ဗျားတို့နှစ်ယောက်ကို ခိုင်းစရာရှိတယ်"

"ဘာလုပ်ရမှာလဲ"

ဆာဗာရီက မေးလိုက်သည်။

"ကျုပ်ကို အထက်က မသာချဖို့ တာဝန်ပေးလိုက်တယ်။ အဘက ဒီလုပ်ငန်းကို ကျွမ်းကျင်တယ်။ သူတို့ကို ရေထဲမျှောမယ်ဆိုရင် ညအချိန်ပဲ ကောင်းတယ်"

လှေကားထိပ်သို့ ရောက်လာသောအခါ လေဗယ်က သံဆန်ခါတံခါးကို ဖွင့်နေသဖြင့် သူတို့ ရပ်ပြီး စောင့်နေကြရသည်။

"ဘယ်သူသေလို့လဲ"

"၆၇၈၂၄၊ ဗိုဗီးယား၊ ထောင်ဒဏ် ၃၂၊ အူကင်ဆာ"

လေဗယ်က သူ၏ လက်ထဲမှစာရွက်ကို ကြည့်ရင်း ပြောသည်။

အောက်ထပ်သို့ သူတို့ ဆင်းခဲ့ကြသည်။ တံခါးမကြီးသို့ ရောက်သောအခါ မလွယ်ပေါက်တံခါးကို အခြားထောင်မှူးတစ်ဦးက ဖွင့်ပေးသည်။ သူတို့သည် ထောင်ဝင်းကို ဖြတ်သွားကြပြီးနောက် အလောင်းရုံပေါ်သို့ တက်ခဲ့ကြသည်။

အလောင်းရုံမှာ ရိုးရိုးအခန်းတစ်ခုပင် ဖြစ်သည်။ နံရံများကို ထုံးဖြူ သုတ်ထားသည်။ မီးလုံးကလေးတစ်လုံး ထွန်းထားသည်။ သေသေချာချာ ဆေးကြောသုတ်သင်ထားသော သစ်သားခုတင်ကလေးများ ညီညာစွာ စီတန်းလျက်ရှိသည်။ ခုတင်တစ်ခုပေါ်တွင် ပိတ်ဖျင်အိတ်ဖြင့် ထည့်ထားသော အလောင်းတစ်လောင်းရှိသည်။ နှစ်ကြီးသမား တစ်ယောက်သည် ကြမ်းပြင်ကို တိုက်ချွတ်ဆေးကြောလျက်ရှိရာမှ–

"အားလုံး အဆင်သင့်ပါပဲ ဆရာ"

သည်လုပ်ငန်းကို ဘရီနင် နားလည်သည်။ ယခင်က အကြိမ်ပေါင်းများစွာ သူ လုပ်ဖူးသည်။ တစ်ဖက်နံရံတွင် သစ်သားလှည်းကလေး တစ်ခု ရှိသည်။ သူက လှည်းကလေးကို တွန်းယူလာသည်။ ထို့နောက် သူနှင့် ဆာဗာရီတို့သည် အလောင်းကို လှည်းပေါ်သို့ မ တင်ကြသည်။

"ဟုတ်ပြီ၊ သွားကြစို့"

mgyoe.com

mgyoe.com


လေဗယ်က ပြောသည်။

“ဘုရားရှိခိုးကျောင်းကို မသွားတော့ဘူးလား”

ဆာဗာရီက မေးသည်။

“သူသေရင် သရဏဂုံတင်ဖို့ မလိုဘူးတဲ့။ သူက ဘုရားမရှိတဲ့ လူတစ်ယောက်ပဲ”

ဆာဗာရီ တုန်လှုပ်သွားဟန်ရှိသည်။ ဘရိုနင်ကို လှမ်းကြည့်လျက်–

“ကျုပ်သေရင်တော့ ဒီလို မဖြစ်တန်ကောင်းပါဘူးနော်”

“အဘ မသေပါဘူး အဘ၊ ဘယ်တော့မှ မသေပါဘူး”

ထောင်ဝင်းဝသို့ ရောက်သောအခါ တံခါးမှူးက သူတို့ကို တံခါးဖွင့်ပေးသည်။ အပြင်သို့ ရောက်သောအခါ သူတို့သည် သင်္ဘောဆိပ်ဘက်သို့ မသွားဘဲ လက်ဝဲဘက်သို့ သွားကြသည်။ ကမ်းက အတက်ကြီးဖြစ်သဖြင့် သူတို့နှစ်ယောက် ပင်ပင်ပန်းပန်း တွန်းကြရသည်။ နောက်ဆုံးတွင် သူတို့သည် တောင်စောင်းထိပ်တစ်ခုရှိ ပြန့်ငယ်ကလေးသို့ ရောက်ရှိသွားကြသည်။

ကောင်းကင်တွင် လမရှိ။ သည်တောင်ကမ်းပါးက ပေ ၄၀ ခန့် စောက်စောက်ကြီး နက်ဆင်းသွားသည်။ အောက်ဘက်မှာ လှိုင်းတွေ ရိုက်ပုတ်နေသည်။ အမြှုပ်ဖြူဖြူများ ထနေသည်။ ဘရိုနင်သည် ပါးစပ်တွင် အငန်ဓာတ် ရရှိသောအခါ လွတ်မြောက်မှုကို ခံစားနေရဘိသကဲ့သို့ ရှိတော့သည်။

လေဗယ်က သူတို့နောက်မှနေ၍ လက်နှိပ်ဓာတ်မီးထိုးသည်။ မီးရောင်တွင် တံခါးပေါက်တစ်ခုကို တွေ့မြင်ရသည်။

“ကဲ... သူ့ကိုယ်မှာ အလေးဆွဲပေတော့”

လေဗယ်က ပြောသည်။

အခန်းမှာ သေးသေးကလေး ဖြစ်သည်။ အခန်း၏အလယ်တွင် သစ်သားခုတင်ကလေး တစ်လုံးရှိသည်။ ဆာဗာရီနှင့် ဘရိုနင်တို့သည် အလောင်းကို ခုတင်ပေါ်တွင် တင်ထားလိုက်သည်။ နံရံတစ်ခုပေါ်တွင်ကားမိုးကာအင်္ကျီများနှင့် အသက်ကယ်အင်္ကျီများ ချိတ်ဆွဲထားသည်။ စိတ်ဝင်စားစရာ အကောင်းဆုံးကတော့ ကြမ်းပြင်ပေါ်တွင် သပ်သပ်ရပ်ရပ်ပုံထားသော သံမဏိကြိုးပုံကြီးများပင် ဖြစ်သည်။ သံကြိုးတစ်ခုနှင့်တစ်ခု အလေးချိန်

mgyoe.com

mgyoe.com


မတူညီကြပါ။ ၎င်းတို့၏ အလေးချိန်များကို ၎င်းတို့နောက်ဘက်ရှိ နံရံပေါ်တွင် ရေးသားဖော်ပြထားသည်။

လေဗယ်သည် သူ၏လက်မှ စာရွက်ကို ကြည့်လျက်–

"ဟုတ်ပြီ၊ သူ သေတဲ့အချိန်က အလေးချိန် ခုနစ်စတုန်ရှိတယ်။ ဘုရား... ဘုရား... ဒီအတိုင်းသာဆိုရင်တော့ သူဟာ ရေစီးကြောင်းမှာ ဖော့ကလေးတစ်ခုလို မျောပါသွားတော့မှာပဲ"

နံရံပေါ်ရှိ စာရွက်တစ်ရွက်ကို သူ လှမ်းကြည့်လျက်–

"ဒီမှာ ဖော်ပြထားတဲ့ အချိုးအစားအရဆိုရင် သူ့အတွက် ပေါင် ၉၀ ရှိတဲ့ သံကြိုးလိုမယ်။ အဲဒါကိုရှာပြီး သူ့ကိုယ်မှာ ဆွဲပေတော့"

ဘရိုနင်သည် ပေါင် ၉၀ ပုံထဲမှ သံကြိုးတစ်ကြိုးကို ယူပြီး အလောင်းအိတ်တွင် တပ်ဆင်သည်။

"ကျုပ် စဉ်းစားလို့မရတာ တစ်ခုရှိတယ်။ အလောင်းရဲ့ အလေးချိန်ကို လိုက်ပြီး သံကြိုးရဲ့အလေးချိန် ရှာတာပဲ"

ဆာဗာရိုက မေးသည်။

"ဒါကတော့ ရှင်းပါတယ်။ မီးလ်ရေစ် ရေစီးကြောင်းဟာ လူအများထင်နေသလို ရေစီးကြောင်းတစ်ခုတည်း မဟုတ်ဘူး။ ရေစီးကြောင်းဟာ နှစ်ခုရှိတယ်။ မျက်နှာပြင်ပေါ်က ရေစီးကြောင်းက စိန်ဒင်းနစ် ကမ်းခြေဘက်ကို စီးသွားတယ်။ အဲဒီရေစီးကြောင်းအတိုင်းသာ အလောင်းတွေ မျောပါသွားရင် ပင်လယ်ကမ်းခြေမှာ လမ်းလျှောက်တဲ့ အဘွားကြီးတွေအားလုံး လန့်ပြီး သေကုန်ကြမှာပဲ။ ဒါပေမဲ့ အလောင်းကြီးဟာ ရေအောက် အတောင် သုံးဆယ်လောက် မြုပ်သွားမယ်ဆိုရင် ပင်လယ်ဘက်ကို မျောထွက်သွားမယ်။ ဒါကြောင့်မို့ အလေးချိန်က အရေးကြီးတာပေါ့။ ကဲ... လုပ်စရာရှိတာ လုပ်ကြရအောင်"

ဘရိုနင်နှင့် ဆာဗာရိုတို့သည် အလောင်းကောင်ကြီးကို ကျောက်ကမ်းပါးဆိပ်သို့ သယ်ယူသွားကြသည်။ ထို့နောက် နှစ်ကြိမ်လောက် လွှဲပြီးနောက် အောက်ဘက်သို့ ပစ်ချလိုက်ကြသည်။ အလောင်းကောင်ကြီးသည် တစ်ပတ်လည်သွားပြီးနောက် အမြှုပ်ဖြူဖြူများထနေသော ရေပြင်ထဲသို့ ကျရောက်ပျောက်ကွယ်သွားလေတော့သည်။ သူတို့သုံးယောက် ကမ်းပါးထိပ်တွင်

mgyoe.com

mgyoe.com

ရပ်ပြီး ရေပြင်ကြီးကို ငေးစိုက်ကာ ကြည့်နေသည်။

"ဒီကျွန်းပေါ်က ကျုပ် လွတ်မြောက်နိုင်တဲ့နည်းဟာ ဒီနည်းပဲရှိတယ်။ ကျုပ်ဟာ ဒီမှာပဲ သေရတော့မယ် မာတင်"

ဆာဗာရီက ပြောလိုက်သည်။ သူ့အသံက ဆွေးမြည့်လှသည်။ ဘရိုနင်က သူ့ပခုံးပေါ်သို့ လက်တင်လိုက်ပြီး–

"ဖြစ်နိုင်ပါတယ်၊ နောက်တစ်နည်း ပြောရင်တော့လည်း ဒီလိုမျိုး မဖြစ်နိုင်ပါဘူး"

ဆာဗာရီက ဘရိုနင်ကို ငေးစိုက်ပြီး ကြည့်သည်။

"ကဲ... သွားကြစို့"

လေဗယ်က အခန်းတံခါးကို သော့ခတ်လိုက်ပြီးနောက် လက်နှိပ်ဓာတ်မီးကို ထိုးကာ ပြောသည်။

မိုးရေထဲတွင် သူတို့နှစ်ယောက် သူ့နောက် ခေါင်းငိုက်စိုက်ချကာ လိုက်ပါသွားကြသည်။

* * *

နံနက် ၆ နာရီတွင် ဖာဂတ်ဆင်နှင့် ဟယ်ရီဖောက် တို့သည် ချာတင်ဟမ်မြို့ အပြင်ဘက်ရှိ လမ်းဘေး ပျော်ပွဲစားရုံကလေးတစ်ခု တွင် နံနက်စာ စားသောက်လျက် ရှိကြသည်။

"ဒက်ဗလင်အကြောင်း ပြောပါဦး ဗိုလ်ချုပ်"

"မှတ်လောက်သားလောက်တဲ့ လူတစ်ယောက်ပဲ။ အခုဆိုရင် အသက် ၆၁ နှစ်လောက်ရှိပြီ။ မြောက်အိုင်ယာလန်နယ်သား တစ်ယောက်ပဲ။ ထရီနီတီတက္ကသိုလ်က အင်္ဂလိပ်စာပေ ပထမတန်းဂုဏ်ထူးနဲ့ အောင်ခဲ့တယ်။ စာပေပညာရှင်၊ စာရေးဆရာ၊ ကဗျာဆရာ နောက်ပြီးတော့ ၁၉၃၀ တစ်ဝိုက်က အင်မတန် ကြောက်စရာကောင်းတဲ့ အိုင်အာရ်အေ သူပုန်ကြီးတစ်ယောက်ပဲ။ ၁၉၃၆ ခုနှစ်က စပိန်ကို သွားပြီး နိုင်ငံတကာတပ်ဖွဲ့နဲ့အတူ ဖရန်ကိုကို တိုက်ခဲ့တယ်။ အီတလီတပ်တွေက သူ့ကို ဖမ်းမိပြီး စပိန်နိုင်ငံမှာ ထောင်ချ ထားတယ်။ ၁၉၄၀ ပြည့်နှစ်မှာ သူ့ကို ထောင်ကထုတ်ပြီး ဘာလင်ကို ခေါ်သွားကြတယ်။ ဂျာမန်ထောက်လှမ်းရေးတပ်ဖွဲ့မှာ အသုံးချဖို့ ကြိုးစား
mgyoe.com

mgyoe.com

ကြည့်ကြတယ်"

"အသုံးချကြည့်တော့ ဖြစ်သလား"

"ဗိုလ်ကြီး ဂိုအတ်ဆိုတဲ့ ဂျာမန်ထောက်လှမ်းရေးသမားတစ်ယောက် အိုင်ယာလန်မှာ ပိတ်မိနေလို့ သူ့ကိုကယ်ဖို့ ဒက်ဗလင်ကို လေထီးနဲ့ချပေးတယ်။ ဂိုအတ် အဖမ်းခံရတယ်။ ဒက်ဗလင်လွတ်ပြီး ဘာလင်ကို ပြန်ရောက်လာတယ်။ ဒီနောက်ပိုင်းမှာ သူ့ကို ဘာလင်တက္ကသိုလ်မှာ ကထိကရာထူးပေးထားတယ်။ ၁၉၄၃ ခုနှစ်အထိပဲ။ ဒါနဲ့ မေးရဦးမယ်။ အဲဒီ နိုဝင်ဘာလမှာ ချာချီကို ဂျာမန်တွေက လုပ်ကြံဖို့ ကြိုးစားတဲ့အကြောင်း မောင်ရင် ဘာသိသလဲ"

"အဲဒါက လူတွေပြောတဲ့ ပုံပြင်တစ်ခုပဲ မဟုတ်လား ဗိုလ်ချုပ်၊ တကယ်ဟုတ်လို့လား"

"အင်မတန်ကောင်းတဲ့ ပုံပြင်ကလေးတစ်ပုဒ်ပဲ ဆိုပါတော့။ ဟယ်ရီ ဒက်ဗလင်ကို လေထီးနဲ့ အိုင်ယာလန်မှာ ဆင်းစေတယ်။ ပြီးတော့မှ နောဖော့ကို သူ သွားပြီး ဒုတိယကမ္ဘာစစ်အတွင်းမှာ အတော်ဆုံး ဂျာမန်သူလျှိုတစ်ယောက်နဲ့ ဂျာမန်ကွန်မန်ဒိုတပ်ဖွဲ့တွေကို သူက ဆက်သွယ်ပေးရတယ်။ စတတ်လေကွန်စတေဘယ် ရွာကလေးနားက စံရိပ်ငြိမ်မှာ အနားယူနေတဲ့ ချာချီကို ဗိုလ်မှူးကြီး ကတ်စတိန်နာ ဦးစီးတဲ့ ဂျာမန်တပ်သားတွေက လုပ်ကြံကြတယ်"

"ဆက်ပြောပါဦး ဗိုလ်ချုပ်"

"ဒါပေမဲ့ သူတို့ရဲ့ ကြိုးပမ်းမှုက သဲထဲရေသွန်ဖြစ်ရတယ်။ ဘာဖြစ်လို့တုံးဆိုတော့ အဲဒီအချိန်က ချာချီဟာ တီဟီရန်ကွန်ဖရင့်မှာ ရောက်နေတယ်။ အဲဒီမှာရှိနေတဲ့ ချာချီက အတုတစ်ယောက်ပဲ ဖြစ်တယ်။ စတိန်နာနဲ့ သူ့လူတွေ အားလုံးကျတယ်။ သူတို့ထဲက တစ်ယောက်နဲ့ ဒက်ဗလင်တစ်ယောက်ပဲ လွတ်တယ်"

"ဗိုလ်ချုပ်ပြောတာ အမှန်ပဲလား"

ဖောက် အံ့အားသင့်စွာ ရွတ်ဆိုသည်။

"အဲဒီ မှတ်တမ်းဖိုင်တွေကို တစ်နေ့ကျရင် မောင်ရင် ဖတ်ရမှာပေါ့"

"ဒါပေမဲ့ နာဇီတွေအတွက် ဒက်ဗလင် လုပ်ခဲ့တယ်ဆိုတာကို

mgyoe.com

mgyoe.com


ကျွန်တော် သဘောမပေါက်ဘူး။ သူဟာ ဖက်ဆစ်ဆန့်ကျင်ရေးသမား တစ်ယောက်လို့ ဗိုလ်ချုပ် ပြောခဲ့တယ်မဟုတ်လား"

"တစ်ခါတစ်ခါမှာ ပြဿနာတွေဟာ ဒါထက် ရှုပ်ထွေးတတ်တယ် ဟယ်ရီ။ တကယ်လို့ တစ်ယောက်ယောက်ကသာ ဟစ်တလာကို ပြန်ပေးဆွဲဖို့ သူ့ကိုပြောခဲ့ရင် သူ ဝမ်းပန်းတသာနဲ့ လုပ်ခဲ့မှာပဲ။ လူ့လောကကြီးမှာ ဖြစ်ချင်တာတွေမဖြစ်ဘဲ မဖြစ်ချင်တာတွေ ဖြစ်ခဲ့ရတာ အများကြီးပဲ။ ဒါတွေကို မောင်ရင် အသက်ကြီးလာတဲ့ တစ်နေ့ကျရင် သဘောပေါက်ပါ လိမ့်မယ်"

"ပိုပြီးတော့လည်း ပညာရှိလာတဲ့ အချိန်ကျရင်ပေါ့"

"အမှန်ပဲ ဟယ်ရီ။ စစ်ကြီးပြီးတဲ့ နောက်ပိုင်းမှာ ဒက်ဗလင်ဟာ အမေရိကန် ကောလိပ်တစ်ခုမှာ ပါမောက္ခလုပ်ခဲ့တယ်။ ၁၉၅၀ ပြည့်နှစ် နောက်ပိုင်း နယ်ခြားစစ်ပွဲအချိန်မှာ မြောက်အိုင်ယာလန်ကို သူ ပြန်တယ်။ ပြည်သူ့အခွင့်အရေးတိုက်ပွဲတွေမှာ သူ ပါဝင်တယ်။ ပြည်နယ်အိုင်အာရ်အေ တပ်ဖွဲ့တည်ထောင်သူ တစ်ဦးဖြစ်လာတယ်။ ဒါပေမဲ့ သူဟာ ဖုံးဖောက်ခွဲတဲ့ လုပ်ငန်းတွေကို ဘယ်တော့မှ သဘောမတူဘူး။ ၁၉၇၅ ခုနှစ်ကျတော့ ဗုံးခွဲ ခဲ့တဲ့ လုပ်ငန်းတွေကလည်း မတရားဖြစ်လာတယ်။ ဒီအချိန်မှာ သူဟာ လူသိရှင်ကြားပဲ အိုင်အာရ်အေ လှုပ်ရှားမှုကနေ နုတ်ထွက်လိုက်တယ်။ ဒါပေမဲ့ သူဟာ သမိုင်းတွင်တဲ့ သူရဲကောင်းကြီးတစ်ယောက်ပဲ ဖြစ်နေခဲ့တယ်။ ၁၉၇၅ ခုနှစ် နောက်ပိုင်းမှာ သူဟာ အချို့လူတွေ ကန့်ကွက်ဆန့်ကျင်တဲ့ ကြားကနေပဲ သူ့ရဲ့ မူလလက်ဟောင်း ထရိနီတီတက္ကသိုလ်မှာ အင်္ဂလိပ်စာ ဌာန တွဲဖက်ပါမောက္ခ ဖြစ်ခဲ့တယ်"

ဖာဂတ်ဆင် ကုလားထိုင်ကို နောက်သို့ တွန်းလိုက်သည်။ သူတို့ နှစ်ယောက် သွားရန် မတ်တတ်ရပ်လိုက်ကြသည်။

"သူနဲ့ ဘရိုနင်ဟာ မိတ်ဆွေပဲပေါ့"

ဖောက်က မေးလိုက်သည်။

"ဟုတ်တယ်၊ မိတ်ဆွေတွေပဲ။ ဘရိုနင် ပြင်သစ်မှာ အဖမ်းခံရတဲ့ အတွက် သူဟာ အကြီးအကျယ် စိတ်ထိခိုက်သွားပုံရတယ်။ အဲဒီအတွက် သူ့ရဲ့လုပ်ငန်းတွေကို စွန့်လွှတ်လိုက်တဲ့ သဘောပေါ့။ ကဲ... သွားလိုက်ကြ

mgyoe.com

mgyoe.com


ဦးစို့"

ဖာဂတ်ဆင် တံခါးဝတွင်ရပ်ကာ ကားမောင်းသူထံသို့ လက်ဖော့ပြရင်း ပြောလိုက်သည်။

* * *

ဘာရေးသည် သူ၏ အခန်းတွင် နံနက်စာ စားသောက်ပြီးနောက် မြေပုံကို ကြည့်ရှုနေစဉ် တံခါးခေါက်သံ ထွက်ပေါ်လာသည်။ တံခါးကို သူ ထဖွင့်သော အခါ အခန်းတွင်းသို့ ရိုမန်နော့ ဝင်ရောက်လာသည်။

"နိုင်ငံကူးလက်မှတ်တွေ ဘယ့်နှယ်လဲ"

ဘာရေးက မေးလိုက်သည်။

"ဘာမှ ပြဿနာမရှိဘူး။ ဓာတ်ပုံရိုက်ရအောင် သွားနေကျနေရာကို ၁၀ နာရီမှာ သွားပါ။ ကနေ့ညနေမှာ နိုင်ငံကူးလက်မှတ်တွေ အားလုံး အဆင်သင့်ဖြစ်နေမယ်။ နောက် ဘာလိုဦးမလဲ"

"ပြင်သစ်ခရီးသည် တစ်ယောက်အနေနဲ့ ဂျာစီကနေ လှည့်သွားမယ်။ အဲဒါစီစဉ်ပါ"

"ဖြစ်ပါတယ်"

"လန်ဒန်မှာရှိတဲ့ ခင်ဗျားလူကို သင်္ဘောတစ်စီး စီစဉ်ခိုင်းပါ။ ကမ်းဝေး သွား ပေ ၄၀ သင်္ဘောဆိုရင် ကောင်းမယ်။ မနုဿကျွန်းရဲ့ မျက်နှာချင်းဆိုင် ကမ်းခြေတစ်နေရာမှာ လိုချင်တယ်။ ရေဗင်ကလပ်ရဲ့ တောင်ဘက်ပေါ့"

"ဟုတ်ပြီ"

"ကျုပ် ကနေ့ညပဲ စိန့်မာကိုကို သွားမယ်။ မနက်ဖြန် ဂျာစီကိုဖြတ်မယ်။ ပြင်သစ်နိုင်ငံက လက်မှတ်ကိုသုံးမယ်။ အဲဒီနေ့ နေ့လယ်ဘက်မှာ ဂျာစီကနေ မန်ချက်စတာကိုသွားတဲ့ လေယာဉ်ပျံရှိတယ်။ နောက်တစ်နေ့ နေ့လယ် ၁၂ နာရီမှာ မိုကမ်ဘီဆိပ်ကမ်းမှာ လန်ဒန်က လူနဲ့တွေ့မယ်။ မိုကမ်ဘီဆိုတာက လိတ်ဒိစတြိတ် အောက်ဘက်မှာရှိတဲ့ ပင်လယ်ကမ်းခြေ အပန်းဖြေမြို့ ကလေးတစ်မြို့ပဲ။ ခင်ဗျားရဲ့လူက ကျုပ်ကို သိနိုင်ဖို့အတွက် လန်ဒန်သံရုံး မှာ ကျုပ်ရဲ့ ဓာတ်ပုံရှိတယ်"

ရိုမန်နော့ မြေပုံကိုကြည့်ရင်း–

mgyoe.com

mgyoe.com


"ဒီကိစ္စများ မအောင်မြင်ဘူးဆိုရင်တော့ ကျုပ်ဘဝတစ်ခုလုံး ပျက်ပြီပဲ။ ဘယ့်နှယ်လဲ။ အောင်မြင်ဖို့ သေချာပါတယ်နော်"

"စိတ်ချပါ ရိုမန်နော့။ ခင်ဗျားကို ခင်ဗျားတို့ခေါင်းဆောင်ကြီး ကိုယ်တိုင်က ဒီကိစ္စအတွက် နိုင်ငံတော်သူရဲကောင်း ဘွဲ့တံဆိပ် အပ်နှင်းပါလိမ့်မယ်။ ဘာမှ မစိုးရိမ်ပါနဲ့"

ဘာရေးက ရိုမန်နော့ ပခုံးကိုပုတ်ရင်း ပြောလိုက်သည်။

❒

mgyoe.com

mgyoe.com

## လေး

အက်စ်အေအက်စ် (ခေါ်) အထူးလေတပ်ဖွဲ့ တပ်ရင်း (၂၂) သည် အကောင်းဆုံး တပ်ဖွဲ့တစ်ခုဖြစ်သည်ဟု စစ်သမိုင်းတွင် အဆိုရှိသည်။ ဗြိတိသျှတပ်မတော် အနေနှင့် ဂျာမန်တို့၏ အက်စ်အက်စ်တပ်ဖွဲ့ကို ယှဉ်နိုင်သော အထူးတပ်ဖွဲ့ တစ်ခုပင် ဖြစ်သည်။ မာလာယုနှင့် ဘော်နီယိုကျွန်း တောနက်ကြီးများ၊ အိုမန်နှင့် အာရေဗျတောင်ပိုင်း သဲကန္တာရ၊ ဘဲလ်ဖတ်မြို့ လမ်းငယ်လမ်းကျဉ်းများတွင် သောင်းကျန်းမှု နှိမ်နင်းရေးနှင့် မြို့တွင်း ပြောက်ကျားစစ်ဆင်ရေးတို့ နှစ်ပေါင်း ၃၀ ကျော် အတွေ့အကြုံရရှိခဲ့ပြီး အံ့သြဖွယ်ရာအောင်မြင်မှုများ ရရှိသော အထူးတပ်ဖွဲ့ကြီးဖြစ်သည်။ တပ်မတော်တပ်ရင်းတပ်ဖွဲ့ အသီးသီးတွင် တာဝန်ထမ်းဆောင်နေသူများသည် ဤအထူးတပ်ဖွဲ့တွင် ပါဝင်ထမ်းဆောင်လိုလျှင် မိမိ၏ သဘောဆန္ဒအရ လျှောက်ထားကြရသည်။ တပ်ဖွဲ့အတွက် မည်သူ့ကိုမျှ အမိန့်ဖြင့် ခေါ်ခြင်း မရှိပေ။ လျှောက်ထားသူများအနက် အရည်အချင်းပြည့်ဝသူများကို ရွေးချယ်ရာတွင်လည်း ပြင်းထန်တင်းကျပ်လှပေသည်။ ကိုယ်ခန္ဓာကြံ့ခိုင်မှုနှင့် စိတ်ဓာတ်ကြံ့ခိုင်မှု နှစ်ခုစလုံးကို အထူးပင် စစ်ဆေးရွေးချယ်သည်။ သို့ဖြင့် လျှောက်ထားသူများအနက်မှ ငါးရာခိုင်နှုန်းလောက်သာ အရွေးချယ် ခံရတတ်ပေသည်။

* * *

mgyoe.com

mgyoe.com


ဘရက်ဘာရီရှိ အက်စ်အေအက်စ် (၂၂) တပ်ရင်းမှူးရုံးသည် ခံ့ညားထည်ဝါလှပေသည်။ ထို့အပြင် အံ့သြစရာကောင်းသည့် တစ်ခုကတော့ တပ်ရင်းမှူးပင်ဖြစ်သည်။ ဒုတိယဗိုလ်မှူးကြီး တစ်ယောက်အနေနှင့် အသက်အရွယ်ငယ်လှသည်။ သို့သော် ကြံ့ခိုင်ထက်မြက်ခြင်း ရှိလှပေသည်။ သဲကန္တာရတွင်နေလောင်ခံထားရသဖြင့် အသားအရေများ နီညိုလျက်ရှိသည်။ သူ၏ အင်္ကျီထက်တွင် သူရဲကောင်းဘွဲ့တံဆိပ်များ ရှိသည်။ သူသည် ကုလားထိုင်နောက်ကျောကို မှီထိုင်ကာ စိတ်ဝင်စားစွာ နားထောင်လျက်ရှိသည်။

ဖာဂတ်ဆင်၏ စကားဆုံးသောအခါ ဗိုလ်မှူးကြီး ခေါင်းညိတ်လိုက်ပြီး–

"အင်မတန် စိတ်ဝင်စားစရာကောင်းတာပဲ"

"လက်တွေ့လုပ်လို့ကော ဖြစ်နိုင်မလား"

ဖာဂတ်ဆင်က မေးလိုက်သည်။

"သြော်... ဟုတ်ကဲ့၊ ဖြစ်နိုင်ပါတယ် ဗိုလ်ချုပ်။ ဘာမှ အခက်အခဲမရှိနိုင်ပါဘူး။ ကျွန်တော့် ရဲဘော်တွေတောင် အားမားမှာ ဒီအလုပ်မျိုးတွေကို အမြဲတမ်း လုပ်နေကြတာပဲ။ ဒီကိစ္စအတွက် တိုနီဗီလီယာနဲ့ဆိုရင် အကိုက်ပဲ"

ဌာနတွင်းပြော စကားပြောစက်ကို ဖွင့်လိုက်ပြီးနောက်–

"ဗိုလ်ကြီးဗီလီယာ အမြန်ဆုံး လာခဲ့ပါ။ လက်ဖက်ရည်သောက်ရင်းကျုပ်တို့သုံးယောက် ဗိုလ်ကြီးကို စောင့်နေကြတယ်"

လက်ဖက်ရည်က ကောင်းလှသည်။ သူတို့ပြောနေသည့် စကားများကတော့ တပ်နှင့်ပတ်သက်သော သတင်းစကားများပင် ဖြစ်သည်။ ၁၅ မိနစ်ခန့် ကြာသောအခါ တံခါးခေါက်သံပေါ်လာပြီး အခန်းတွင်းသို့ အသက် ၂၆ နှစ်၊ ၂၇ နှစ်အရွယ် လူငယ်တစ်ယောက် ဝင်ရောက်လာသည်။ တစ်ချိန်တုန်းက သူ့နှာခေါင်း ကျိုးခဲ့ဟန်ရှိသည်။ လက်ဝှေ့ကြိုးဝိုင်းထဲမှာ ကျိုးခဲ့ပုံမျိုးဖြစ်သည်။ သူသည် အားကစားဝတ်စုံအနက်ကို ဝတ်ဆင်ထားပြီး အံ့သြဖွယ်ရာ ကောင်းသည်ကတော့ သူ့ဆံပင်မှာ နက်မှောင်နေပြီး ပခုံးပေါ်သို့ ထောက်နေသည်အထိ ရှည်လျားနေခြင်းပင် ဖြစ်သည်။

"ကျွန်တော် နည်းနည်းနောက်ကျသွားတဲ့အတွက် တောင်းပန်ပါတယ် ဗိုလ်မှူးကြီး။ ကျွန်တော် ကွင်းထဲ ရောက်နေလို့ပါ"

mgyoe.com

mgyoe.com

"ကိစ္စမရှိပါဘူး။ ဗိုလ်ချုပ် ဖာဂတ်ဆင်နဲ့ ဗိုလ်ကြီးဖောက်တို့ကို တွေ့ရအောင် ခေါ်လိုက်တာပဲ"

"ဟုတ်ကဲ့ခင်ဗျာ"

ဗီလီယာ ခေါင်းညိတ်သည်။

"ဗိုလ်ချုပ် ဖာဂတ်ဆင်က ဒီအိုင်ဖိုက်ကပဲ တိုနီ။ ဗိုလ်ချုပ်မှာ ကိုယ်တို့တပ်ဖွဲ့နဲ့ သက်ဆိုင်တဲ့ အလုပ်တစ်ခုရှိနေတယ်။ ထိပ်တန်းဦးစားပေးပဲ။ ဒီအလုပ်ကလည်း မောင်ရင့်ဌာနနဲ့ သက်ဆိုင်နေတယ်"

"အိုင်ယာလန်လား ခင်ဗျာ"

ဖာဂတ်ဆင်က–

"ဟုတ်တယ်။ ကျုပ်တို့အတွက် လူတစ်ယောက်ကို ပြန်ပေးဆွဲပေးစေချင်တယ်။ ကျုပ်သိထားတဲ့ သတင်းအရဆိုရင်တော့ သူဟာ ကီလာလာကမ်းခြေအနီးက အိမ်ကလေးမှာ အပန်းဖြေ အနားယူနေတယ်။ ၃၆ နာရီအတွင်းမှာ သူ့ကို ကျုပ်လိုချင်တယ်။ တနင်္ဂနွေနေ့မနက် လန်ဒန်ကို အရောက်ပို့ပေးစေချင်တယ်။ ဘယ့်နှယ်လဲ ဗိုလ်ကြီး။ ဖြစ်နိုင်ပါ့မလား"

"မဖြစ်နိုင်စရာအကြောင်း ဘာမှမရှိဘူး ဗိုလ်ချုပ်"

နံရံပေါ်တွင် ချိတ်ဆွဲထားသော အိုင်ယာလန်မြေပုံကြီးဆီသို့ ဗီလီယာ လျှောက်သွားပြီး

"မြောက်အိုင်ယာလန် နယ်ခြားကနေ မိုင် ၆၀၊ ၇၀ လောက်ပဲ ဝေးတာပဲ"

"မှန်တယ်"

"အိုင်အာရ်အေ ခေါင်းဆောင်တစ်ယောက်လား ဗိုလ်ချုပ်"

"ဒက်ဗလင်လို့ခေါ်တဲ့ တက္ကသိုလ် ပါမောက္ခတစ်ယောက်ပဲ။ ဗိုလ်ကြီးကို အသေးစိတ် ရှင်းပြဖို့ရှိပါတယ်"

"လီယင်ဒက်ဗလင်လား ဗိုလ်ချုပ်၊ သူ အနားယူသွားပြီ မဟုတ်လား"

"သူ့ကိုယ်သူလည်း အဲဒီလို ထင်နေတာပဲ"

ဖာဂတ်ဆင် ခေတ္တမျှ တုံ့ဆိုင်းနေပြီးနောက်–

"မောင်ရင် ဒီကိစ္စကို အောင်မြင်အောင် ဆောင်ရွက်နိုင်မှာတော့ သေချာပါတယ်နော်"

mgyoe.com

mgyoe.com


ဗီလီယာ ပြုံးလိုက်သည်။ လက်တစ်ဖက်ဖြင့် ဆံပင်ကို သပ်လိုက်ပြီး–

"ဒီလိုမျိုး လုပ်နိုင်ဖို့အတွက် ကျွန်တော့်ဆံပင်ကို မညှပ်ဘဲထားတာပါပဲ ဗိုလ်ချုပ်။ ကျွန်တော်တို့ရဲ့ ရုပ်လက္ခဏာက လိုအပ်တဲ့ပုံစံမှာ အမြဲ တည်ရှိနေပါတယ်"

ထို့နောက် သူ၏ လေသံကို မြောက်အိုင်ယာလန်မှ စကားသံနှင့် တူအောင် ပြောင်းလိုက်ပြီး–

"တချို့လူတွေက ဘာသာစကား သင်တန်းတွေမှာ ပြင်သစ်တို့ ဘာတို့ကို အပြောကျင့်ကြပါတယ်။ ကျွန်တော်တို့က ၁၅ ရက်အတွင်းမှာ မြောက်အိုင်ယာလန် ဘယ်ဒေသက ဘယ်လေသံနဲ့မဆို တူအောင် ပြောနိုင်ကြပါတယ်"

"အင်း... ကျုပ်တို့ခေတ်က စစ်သားအလုပ်နဲ့ နည်းနည်းမှ မတူတော့ဘူး"

ဖာဂတ်ဆင်က ပြောလိုက်သည်။

* * *

ကီလာလာကမ်းခြေ အထက်ဘက်ရှိ တောင်ကုန်းအိမ်ကလေးမှ ကြည့်လျှင် အိုင်ယာလန် အနောက်ဘက် ကမ်းခြေတစ်ခုလုံးကို အလှပဆုံး မြင်တွေ့ရပါသည်။ သည်နေရာနှင့် သည်မြင်ကွင်းကို ဒက်ဗလင် မည်သည့်အခါမျှ မငြီးငွေ့ပါ။ ယမန်နှစ်အတွင်းက သူကိုယ်တိုင် တည်ဆောက်ခဲ့သော ပြန့်ရင်ပြင်ကလေးမှ ကြည့်လျှင် နယူးဖောင်လန်အထိ မြင်တွေ့ရပါသည်။ နေလုံးကြီးသည် ပင်လယ်တွင်းသို့ ရဲရဲနီနေသော လိမ္မော်သီးကြီးပမာ ငုပ်ဆင်းသွားပါသည်။ ဒက်ဗလင် အိမ်ထဲသို့ လှည့်ဝင်သွားသည်။

လီယင်ဒက်ဗလင်သည် အလုံးအထည် သေးငယ်သူတစ်ဦး ဖြစ်သည်။ အရပ်အမောင်းမှာ ငါးပေငါးလက်မထက် မပိုပါ။ အသက် ၆၁ နှစ်အရွယ် ရှိပြီဖြစ်သော်လည်း သူ၏ဆံပင်မှာ နက်မှောင်လျက်ပင် ရှိပါသေးသည်။ လက်ယာဘက် နဖူးဘက်တွင် အမာရွတ်ရေးရေးရှိသည်။ ကျည်ဆန်ထိမှန်ခဲ့သည့် ဒဏ်ရာပင်ဖြစ်သည်။ သူ့မျက်နှာမှာ ဖြူဖျော့ပြီး မျက်လုံးများက အပြာထင်းထင်း ရှိသည်။ လက်ဝဲဘက် နှုတ်ခမ်းထောင့်တွင် အပြုံးရိပ်

mgyoe.com

mgyoe.com

ကလေးက အမြဲလိုပင် တွဲခိုနေသည်။ သူ့ကို ကြည့်မြင်ရသည်မှာ ခါးသီးသောဘဝကို ဖြတ်ကျော်ခဲ့ပြီးနောက် ယခုအခါ လောကခံကို ကြံ့ကြံ့ခံနေဟန် ရှိသည်။

သူသည် မီးဖိုတွင်းသို့ ဝင်သွားပြီးနောက် အင်္ကျီလက်နှစ်ဖက်ကို ပင့်ကာ ညစာအတွက် အာလူးများကို နွှာပြီး ဟင်းသီးဟင်းရွက်များကို စနစ်တကျ ရွေးသင်နေသည်။ သူသည် ယခုအချိန်အထိ အိမ်ထောင်မရှိသေးပါ။ သူ့ဘဝက ဖန်တီးလာသည့်အတိုင်းပင် ဖြစ်သည်။ ယခုမူ လူပျိုကြီးဘဝက သူ့ဘဝနှင့် ကိုက်ညီလျက်ရှိပါသည်။ သူက တစ်ကိုယ်တည်း နေချင်ပါသည်။ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေချင်ပါသည်။ သူ ယူမည်ဆိုလျှင် ယခုအချိန်အထိ သူနှင့်ယူမည့် အမျိုးသမီးများ ရှိနေပါသည်။ ကျောင်းသူကလေးတစ်ယောက်၊ နှစ်ယောက်သည်ပင်လျှင် သူနှင့်အတူလာပြီး နေချင်ကြပါသည်။

သူ၏ ဟင်းအိုးကို မီးဖိုပေါ်တွင် တည်ထားခဲ့ပြီးနောက် ဧည့်ခန်းသို့ သွားသည်။ မီးဖိုတွင် မီးထည့်သည်။ အပြင်ဘက်တွင် မှောင်နေပြီဖြစ်သည်။ ပြတင်းပေါက် ခန်းဆီးများကို ပိတ်လိုက်ပြီးနောက် သူ အနှစ်သက်ဆုံးဖြစ်သော ဘွတ်ရှမီးအိုင်းရစ် ဝီစကီတစ်ခွက်ကို ငှဲ့ကာ မီးဖိုဘေးတွင် ထိုင်သည်။ ထို့နောက် မဂ္ဂဇင်းတစ်စောင်ကို ဖတ်သည်။

သူ၏ ပါးပြင်ကို လေအေးတစ်ချက် တိုးဝှေ့သည်။ မီးတောက်များ ယိမ်းလှုပ်သည်။ သူ မော့ကြည့်လိုက်သောအခါ ရုတ်တရက် ထိတ်လန့်သွားပုံရသည်။ အိမ်ရှေ့ခန်း တံခါးပွင့်သွားပြီး အတွင်းသို့ တိုနီဗီလီယာ ဝင်ရောက်လာသည်။ သူ၏ကိုယ်တွင် ဂျင်းဘောင်းဘီနှင့် ဂျက်ကက်အင်္ကျီအနက် ဝတ်ထားသည်။ သူ၏ မုတ်ဆိတ်မွေးများ ရှည်လျားနေသည်။ ကြောက်မက်ဖွယ်ကောင်းသော လူတစ်ယောက်၏ အသွင်အပြင်မျိုး ဖြစ်သည်။ သူ၏ လက်ယာဘက် လက်ထဲတွင် ဘရောင်နင် ပစ္စတိုသေနတ်က ယင်းအချက်ကို သက်သေပြနေသည်။

သူက ကျွမ်းကျင်သောလက်များဖြင့် ဒက်ဗလင်၏ကိုယ်တွင် စမ်းသပ်ရှာဖွေသည်။ ဝှက်ထားသော လက်နက်တစ်စုံတစ်ရာ မတွေ့ရှိရသောအခါတွင်မှ ကျေနပ်သွားဟန်ဖြင့် နောက်သို့ ပြန်ဆုတ်လိုက်သည်။
mgyoe.com

mgyoe.com


ဒက်ဗလင် မတ်တတ်ထရပ်လိုက်ပြီး–

"မောင်ရင်က ဘယ်အဖွဲ့ကလဲ။ ရက်ဒ်ဟင်းလား၊ အာစတာလား၊ ယူဗွီအက်ဖ်လား၊ ဒါမှမဟုတ် ဘာလဲ"

"ကောင်းကောင်းနေပါ ပါမောက္ခကြီး"

တိုနီက ပြောလိုက်သည်။

ဒက်ဗလင်၏ လက်ယာလက်သည် မီးဖိုအတွင်းဘက်သို့ ရောက်သွားသည်။ အရေးရှိလျှင် ရနိုင်အောင် မီးဖိုအတွင်းဘက်တွင် ချိတ်ဆွဲထားသော ဝေါလတာ ပစ္စတိုသေနတ်ဒင်ကို ဆုပ်ကိုင်လိုက်သည်။ ထို့နောက် သူ့လက်ကို ဆွဲထုတ်လိုက်ပြီး တိုနီဗီလီယာကို ခပ်ယဉ်ယဉ်ကလေးပင် တစ်ချက်ပစ်လိုက်သည်။ ဗီလီယာ၏ လက်ဝဲဘက်ပခုံးကို ထိမှန်သည်။ ဗီလီယာ နောက်သို့ လန်ကျသွားပြီး လက်မှသေနတ် လွတ်ကျသွားသည်။

ဗီလီယာ ဒူးတစ်ဖက်ထောက်ပြီး ထသည်။ ပခုံးပေါ်တွင် ဖိထားသော သူ၏ လက်ချောင်းများကြားမှ သွေးများ ယိုစီးကျနေသည်။

"တော်တယ်၊ တကယ့်ကို တော်တယ်"

သူ ပြောလိုက်သည်။

"ဟိမဝန္တာ ချီးမွမ်းခန်းဖွင့်နေလို့ ဘာမှ အကျိုးကျေးဇူးမရှိပါဘူး မောင်ရင်"

ဒက်ဗလင်က ဆိုလိုက်သည်။

သူ၏နောက်ဘက်မှ မီးဖိုခန်းတံခါး ပွင့်သွားပြီး ဗီလီယာ၏ ရဲဘော်နှစ်ယောက် ဝင်ရောက်လာသည်။ သူတို့၏လက်ထဲတွင် မောင်းပြန်ပစ္စတိုမှာ အသင့်ချိန်ရွယ်လျက်ရှိသည်။

"မပစ်နဲ့"

တိုနီဗီလီယာ အော်လိုက်သည်။

"သူ့ခေါင်းက ဆံပင် တစ်ခြည်မှ မကျွတ်စေနဲ့၊ ဒါအမိန့်ပဲ"

ထို့နောက် ဗီလီယာ ပြုံးလိုက်ပြီး–

"အခုလို ဖြစ်လာလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပြီးသားပါ။ ပါမောက္ခကြီးရဲ့ လက်ကသေနတ်ကို ချလိုက်ပါ"

"အက်စ်အေအက်စ်တွေလား"

mgyoe.com

mgyoe.com

"မှန်ပါတယ်ခင်ဗျာ"

"မယ်တော်ဘုရား... ကျုပ်ဆီကို သူတို့အစား ဘာကြောင့်များ ယမမင်းကို မလွှတ်လိုက်သလဲ"

ထို့နောက် သေနတ်သမားနှစ်ဦးဘက်သို့ သူ လှည့်ပြီး–

"မောင်ရင်တို့အထဲက တစ်ယောက်က သူ့ပခုံးကို တစ်ခုခုလုပ်ပေးလိုက်ရင် ကောင်းမယ်။ ကျုပ်ကော်ဇောကြီး ပျက်စီးသွားမှာစိုးလို့ပါ။ ပါရှန်ကော်ဇောကြီးကွဲ့။ မိတ်ဆွေတစ်ယောက် လက်ဆောင်ပေးထားတာ"

"နောက်မှ လုပ်တာပေါ့ ပါမောက္ခကြီး။ လောလောဆယ်မှာတော့ ခရီးရှည်တစ်ခုအတွက် လိုအပ်မယ့်ပစ္စည်းတွေကို ပါမောက္ခကြီး ထုပ်ပိုးစေလိုပါတယ်"

"ကျုပ်တို့ ဘယ်ကိုများသွားဖို့ အစီအစဉ်ရှိထားသလဲ"

"အစီအစဉ်တွေအားလုံး သူ့အတိုင်း ဖြစ်ကြမယ်ဆိုရင် နောက်သုံးနာရီအကြာမှာ မြောက်အိုင်ယာလန် နယ်ခြားကို ကျွန်တော်တို့ ဖြတ်ကြပါမယ်။ အဲဒီနောက်မှာတော့ လေတပ်မတော်ရဲ့ ပံ့ပိုးကူညီမှုနဲ့ မနက်ဖြန်မနက်မှာ ခရီးဆက်ကြပါမယ်။ မနက်ဖြန် နေ့လယ်ခင်းမှာ လန်ဒန်မြို့ကို ပါမောက္ခကြီး ရောက်ဖို့ လိုအပ်ပါတယ်။ ပါမောက္ခကြီးအနေနဲ့ မိုးကာအင်္ကျီတစ်ထည် ယူလာမယ်ဆိုရင် အများကြီး သင့်လျော်ပါလိမ့်မယ်။ ဟိုမှာ ရာသီဥတုအခြေအနေ အတော်ဆိုးနေပါတယ်"

ဗီလီယာ ယင်းသို့ ပြောဆိုလိုက်ပြီးနောက် စစ်မြေပြင်သုံး ပတ်တီး လိပ်တစ်လိပ်ကို ထုတ်ယူကာ ပါးစပ်ဖြင့် ကိုက်ဖြေနေသည်။

ဒက်ဗလင် ခေါင်းကို ယမ်းခါလိုက်ပြီး–

"မောင်ရင် ဘယ်ကျောင်းမှာ တက်ခဲ့သလဲ"

"အီတန်"

"ဘုရား... စောစောကတည်းက ကျုပ် သိခဲ့ဖို့ကောင်းတယ်။ မောင်ရင်လေးသာ မရှိခဲ့ရင် ဒီအင်ပါယာကြီး ဘယ်လိုများ ဖြစ်သွားမလဲ မသိဘူး"

"ဘယ်လိုမှ ဖြစ်မှာမဟုတ်ပါဘူး ပါမောက္ခကြီး။ ဒါပေမဲ့ အချိန်နည်းနေတဲ့အတွက် ကျွန်တော်ပြောတဲ့ ကိစ္စလေးတွေကိုတော့ မြန်မြန်ကလေး ဆောင်ရွက်စေချင်ပါတယ်"

mgyoe.com

mgyoe.com


"စိတ်ချပါ မောင်ရင်လေး"

တံခါးဆီသို့ ဒက်ဖလင် လျှောက်သွားသည်။ သူ့နောက်မှ ရဲဘော်တစ်ယောက် လိုက်သွားသည်။

"အခုကိစ္စဟာ ဘယ်လိုကိစ္စမျိုးလဲဆိုတာကို သိချင်တာနဲ့ကို ကျုပ်လိုက်ခဲ့မှာပါ။ ကဲ... မောင်ရင်လေးတို့ အိုင်းရစ်ဝီစကီလေး သောက်လိုက်ကြပါဦး"

သူ ပြုံးလိုက်ပြီး တံခါးမှ ထွက်သွားသည်။

* * *

ဖရင့်ဘာရေးသည် ကမ်ဘီဆိပ်ကမ်းတွင် လန်ဒန်မှ အဖွဲ့ဝင်တစ်ဦးနှင့် တွေ့ဆုံပြီးနောက် မိနစ်နှစ်ဆယ်အကြာတွင် မန်ချက်စတာ လေဆိပ်သို့ ရောက်ရှိသည်။ ထိုတွင် ဖို့ကော်တီနာ အမျိုးအစား အငှားကားတစ်စီးကို ရယူကာ လိတ်ဒိစတြိတ် တည်ရှိရာ မြောက်အရပ်ဆီသို့ ဦးတည်ကာ မောင်းသွားနေတော့သည်။ သူသည် ၁၀ မိုင်၊ ၁၂ မိုင် မောင်းမိသောအခါ ကားကို လမ်းဘေးတစ်နေရာတွင် ရပ်လိုက်ပြီးနောက် လက်ဆွဲအိတ်ကို ဖွင့်ကြည့်သည်။

လန်ဒန်အဖွဲ့ဝင် ပြောကြားလိုက်သည့်အတိုင်းပင် လက်ဆွဲအိတ်ထဲတွင် သူလိုချင်သောပစ္စည်းများ အပြည့်အစုံ ရှိနေသည်။ သူ ဆက်သွယ်ရမည့်အရပ်မှာ ရီဗင်ဂလပ် တောင်ဘက်ရှိ မက်ရှ်အင့်ဟူသော အရပ်ပင်ဖြစ်သည်။ ကြာသပတေးနေ့ညအတွက် အသေးစိတ် အစီအစဉ်များလည်း ပါရှိသည်။ ကမ်းဝေး ငါးဖမ်းသင်္ဘောတစ်စီးလည်း အသင့်ပြင်ဆင်ပေးထားသည်။ လန်ဒန်အဖွဲ့ဝင်နှင့် ဆက်သွယ်နိုင်သည့် တယ်လီဖုန်းနံပါတ်လည်း ပါရှိသည်။ စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးကတော့ အသံတိတ်ကိရိယာ တပ်ဆင်ထားသော ၇ ဒသမ ၅ မီလီမီတာ ဝင်ချက်စတာ ပစ္စတိုကလေးပင်ဖြစ်သည်။ ကျည်ဆန်အပိုလည်း အလုံအလောက်ပါရှိသည်။ ပေါင် ၂၀ တန် ငွေစက္ကူများလည်း ပေါင် ငါးသောင်းပါရှိသည်။

ဘာရေးသည် ချက်စတာ ပစ္စတိုကလေးကို မိုးကာအင်္ကျီအိတ်အတွင်းသို့ ထည့်လိုက်ပြီးနောက် လက်ဆွဲသေတ္တာကို ပြန်ပိတ်လိုက်သည်။

mgyoe.com

ထို့နောက် သေတ္တာကလေးကို သူ့ဘေးတွင် ချထားပြီး ကားကို မောင်းထွက်သွားတော့သည်။

* * *

ကင်သည် ဖာဂတ်ဆင်၏ ဧည့်ခန်းတံခါးကို ဖွင့်ပြီး တိုနီဗီလီယာနှင့် လီယင်ဒက်ဗလင်တို့ကို အတွင်းသို့ ခေါ်ဆောင်လာသည်။ ဖာဂတ်ဆင်သည် စာရေးစားပွဲတွင် ထိုင်လျက်ရှိပြီး ဟယ်ရီဖောက်က အနီးတွင် မတ်တတ်ရပ်နေသည်။ ဖာဂတ်ဆင် မော့ကြည့်သည်။ အခန်းတွင်းသို့ ဝင်လာသူနှစ်ဦးကို စာကြည့်မျက်မှန်အထက်မှ ဝင့်ကြည့်နေပြီးနောက် မျက်မှန်ကို ဖြည်းလေးစွာ ချွတ်လိုက်သည်။

"အမိန့်အတိုင်း ပါမောက္ခ ဒက်ဗလင်ပါ ဗိုလ်ချုပ်"

တိုနီဗီလီယာက သတင်းပို့လိုက်သည်။ သူ၏ လက်ဝဲဘက်လက်ကို ကုတ်အင်္ကျီအောက်တွင် ပတ်တီးဖြင့် စလွယ်သိုင်းထားရသည်။ သူ့မျက်နှာ ဖွေးဖွေးဖြူနေသည်။

"မိတ်ဆွေကြီးရဲ့ သူငယ်ကလေးကတော့ အင်မတန် တော်ပါပေတယ်၊ မိတ်ဆွေကြီးနဲ့တောင် မထိုက်တန်ပါဘူး"

ဒက်ဗလင်က ရင်းနှီးခင်မင်စွာ ပြောသည်။

ဖာဂတ်ဆင် မတ်တတ်ထလိုက်ပြီး–

"ဗိုလ်ကြီး ဆေးရုံတက်ရမယ်။ ဒါအမိန့်ပဲ။ ဟယ်ရီ စီစဉ်ပါ။ ကျုပ်ကားကို ယူသွားပါ"

ဗီလီယာ ဘေးသို့ ယိုင်သွားသည်။ ဒက်ဗလင်က ဖမ်းပြီး ထိန်းထားလိုက်ရသည်။

"မောင်ရင်လေး သတိထားပါ။ မောင်ရင်လေးဟာ ကိုယ်လုပ်နိုင်တာထက် ပိုပြီး လုပ်ခဲ့ပြီးပါပြီ"

ဗီလီယာ ပြုံးလိုက်ပြီး–

"တော်ပါတော့ ပါမောက္ခကြီး။ ဒါပေမဲ့ ကျွန်တော် ပါမောက္ခကြီးကို အင်မတန် လေးစားပါတယ်။ လက်ရှိအခြေအနေမှာ ဒီစကားဟာ ပြောဖို့တော့ မဟုတ်ပါဘူး"

mgyoe.com

mgyoe.com


"မောင်ရင်လေး မဆိုးပါဘူး။ ဆိုးတာကတော့ မောင်ရင်လေးဝတ်ထားတဲ့ ယူနီဖောင်းပဲ။ လူက မဆိုးပါဘူး"

ဟယ်ရီဖောက်က ဗီလီယာ၏ လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီး–

"သွားကြစို့"

ဟယ်ရီဖောက် တံခါးကို ဖွင့်လိုက်သည်။ ဗီလီယာ နောက်သို့လှည့်ပြီး–

"ပါမောက္ခကြီးကို ကျွန်တော် တစ်ခုတော့ မေးပါရစေဦး။ ပါမောက္ခကြီး ကျွန်တော့်ကို အသေပစ်သတ်နိုင်ရဲ့သားနဲ့ ဘာဖြစ်လို့ မသတ်တာလဲ"

"အဓိပ္ပာယ်မရှိ ဖြုန်းတီးခြင်းပဲ ဖြစ်တော့မပေါ့ကွယ်။ ကျုပ်တို့အနေနဲ့ အလဟဿ ဖြုန်းတီးနေကြတာတွေ မတော်လောက်ကြသေးဘူးလား"

ဗီလီယာသည် ဒက်ဗလင်ကို ငေးစိုက်ပြီး ကြည့်နေသည်။

"ကဲ... သွားတော့ သူငယ်လေး။ ကြာရင် မောင်ရင်လေးကို ကျုပ် ဖြားယောင်းသွေးဆောင်နေမိလိမ့်မယ်"

ဒက်ဗလင်က ပြောလိုက်သည်။

သူတို့ ထွက်သွားကြသည်။ တံခါးပြန်ပိတ်သွားသည်။ ဒက်ဗလင်သည် သူ့ကုတ်အင်္ကျီ ခါးပတ်ကိုဖြုတ်ရင်း ဖာဂတ်ဆင်ကို လှည့်ကြည့်ကာ–

"အင်း... ကျုပ်တို့ တွေ့ကြရပြန်ပြီ"

"ဟုတ်တယ်၊ ကျုပ်တို့ တွေ့ကြရပြန်ပြီ"

"လက်ဖက်ရည်လေး တစ်ခွက်လောက်များ မသောက်ရဘူးလား။ ခရီးက အတော်ကလေး ပင်ပန်းတာပဲ"

ဖာဂတ်ဆင် ပြုံးလိုက်ပြီး အိမ်တွင်းပြော စကားပြောခွက်တွင် ပြောသည်။

"ကင်ရေ၊ လက်ဖက်ရည်ဟော့။ ကိုယ့်အတွက် တစ်အိုးနဲ့ နောက်တစ်အိုးက ခပ်ကျကျကလေး။ အိုင်းရစ်လူမျိုးတွေ အကြိုက်ပေါ့"

ဒက်ဗလင်ဘက်သို့ သူ လှည့်ပြီး–

"ဟုတ်ပြီလား"

"ဟုတ်ပါပြီ"

ဖာဂတ်ဆင်၏ စားပွဲပေါ်မှ စီးကရက်တစ်လိပ်ကို ယူပြီး သူ မီးညှိလိုက်သည်။

mgyoe.com

mgyoe.com

တံခါးပွင့်သွားပြီး ကင် လက်ဖက်ရည်ဗန်းနှင့် ဝင်လာသည်။ သူ့နောက်တွင် ဟယ်ရီဖောက် လိုက်လာသည်။

"ကျွန်တော် သူ့ကို ဆေးရုံပို့လိုက်ပါပြီ ဗိုလ်ချုပ်။ ဗိုလ်မှူးကြီး ဂျင်ဆင်ဆီလည်း အကြောင်းကြားလိုက်ပါပြီ"

"ကောင်းတယ်"

ဖာဂတ်ဆင် ပြောလိုက်သည်။

ဖောက် နောက်ဆုတ်သည်။

"သူက ဘယ်သူလဲ"

ဒက်ဗလင် လက်ဖက်ရည် ငှဲ့ရင်း မေးလိုက်သည်။

"ဗိုလ်ကြီးဖောက်ဟာ ကျုပ်ရဲ့ ကိုယ်ရေးအရာရှိပဲ"

ခေတ္တမျှ တိတ်ဆိတ်နေသည်။

ဖာဂတ်ဆင် ထိုင်ရာမှထပြီး ပြတင်းပေါက်မှနေ၍ အောက်ဘက်ရှိ ပန်းခြံကို ကြည့်သည်။ ထို့နောက်–

"ခင်ဗျားဟာ အန္တရာယ်ကြားထဲမှာ ရှိနေတယ်ဆိုတာတော့ ခင်ဗျား ဘာသာ ခင်ဗျား သိလိမ့်မယ်နဲ့တူတယ်။ ခင်ဗျား ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုကြီးတွေဟာ သေဒဏ်မကျတောင် ထောင်ဒဏ်အနှစ် ၂၀ တော့ ကျနိုင်တယ်။ လန်ဒန်မြို့ ဗဟိုရာဇဝတ် တရားရုံးကြီးက ခင်ဗျားကို အပူတပြင်း လိုချင်နေတယ်"

ဒက်ဗလင် ကျယ်လောင်စွာ ရယ်မောလိုက်ပြီးနောက်–

"အောင်မလေး... ဗိုလ်ချုပ်ရယ်။ မိကျောင်းမင်း ရေခင်းပြတာမျိုးပါ ကလား။ ကျုပ်က လန်ဒန်မြို့မှာ အလည်လာနေတာ မဟုတ်ဘူး။ ကျုပ်ကို ကျုပ်ရဲ့ အလိုဆန္ဒနဲ့ ဆန့်ကျင်ပြီး လွတ်လပ်တဲ့ နိုင်ငံတစ်ခုကနေ အခြားနိုင်ငံ တစ်ခုကို ခေါ်ဆောင်လာကြတာ ဖြစ်တယ်။ ကျုပ်ကို ဗြိတိသျှတပ်မတော်က ပြန်ပေးဆွဲလာတာ ဖြစ်တယ်။ ဒါကို ကျုပ်လည်းသိတယ်၊ ခင်ဗျားလည်း သိတယ်။ ဟောဒီက သူငယ်လေးလည်း အသိဉာဏ် လက်တစ်ဆုပ်စာလောက် ရှိမယ်ဆိုရင် သိတယ်။ ဒီကိစ္စဟာ နှစ်နိုင်ငံပြဿနာတွေ ဖြစ်ပေါ်လာနိုင်တယ်။ ကုလသမဂ္ဂအထိ ရောက်သွားနိုင်တယ်။ ခင်ဗျားတို့မှာ ပြဿနာအများကြီး ဖြစ်သွားနိုင်တယ်"

mgyoe.com

mgyoe.com


သူပြောသည်မှာ မှန်သည်။ ဒါကို သူလည်း သိသည်။ သူတို့လည်း သိသည်။ ယင်းသို့ သိရှိကြောင်းကို ဟယ်ရီဖောက်က ထုတ်ဖော်လိုက်သည်။

"ဟုတ်တယ် ဗိုလ်ချုပ်၊ သူပြောတာ မှန်တယ်။ သူ သဘောမတူဘဲနဲ့ ဒီအလုပ်ကို ကျွန်တော်တို့ မလုပ်နိုင်ဘူး။ သူ မလုပ်ချင်ဘူးဆိုရင် သူ့ကို ကျွန်တော်တို့ ပြန်ပို့ပေးလိုက်ရုံပဲ"

"မတုံးစမ်းပါနဲ့ ဟယ်ရီ။ ဒါတွေကို ကျုပ် အစောကြီးကတည်းက သိပါတယ်"

ဖာဂတ်ဆင်က ပြောလိုက်သည်။

"အဲဒီတော့ ဘာကိစ္စဆိုတာကို ပြောပြစမ်းပါ"

ဒက်ဗလင်က မေးလိုက်သည်။

"ဘရိုနင်နဲ့ ခင်ဗျား နောက်ဆုံးတွေ့တာ ဘယ်လောက်ကြာပြီလဲ"

ဖာဂတ်ဆင် တည်ငြိမ်စွာ မေးလိုက်သည်။

"မာတင်နဲ့လား၊ လေးနှစ်လောက်ရှိပြီ"

"မှန်တယ်။ ၁၉၇၅ ခုနှစ်၊ ဖေဖော်ဝါရီလကပဲ ခင်ဗျား သူ့ကို ပြင်သစ်လွှတ်လိုက်တယ်။ အဲဒီမှာ သူဟာ မြေထဲပင်လယ်က မိန်းမလှကျွန်းဆိုတဲ့ ဘယ်လိုမှ မလှတဲ့ကျွန်းကလေးမှာ ရာသက်ပန်နေထိုင်ဖို့ ဖြစ်သွားတယ်"

"ငရဲပြည်က ကျွန်းကလေးတစ်ကျွန်းလို့ ဆိုနိုင်ပါတယ်"

"ဟုတ်တယ်၊ အဲဒီမှာ သူ တစ်သက်လုံး နေသွားရမယ်။ အဲဒီနေရာကနေပြီး ဘယ်လိုလူမျိုးမှ တစ်ယောက်မှ ထွက်ပြေးလွတ်မြောက်နိုင်ရိုး မရှိဘူးလို့ အဆိုရှိတယ်"

"အဲဒီတော့"

"ကျုပ် သူ့ကို အဲဒီကနေ ဆွဲထုတ်ပေးမယ်ဆိုရင် ဘယ့်နှယ်လဲ"

ဒက်ဗလင် မျက်မှောင်ကြုတ်လိုက်ပြီး–

"ခင်ဗျားက ဘယ်လို သူ့ကို ထုတ်နိုင်မှာလဲ"

"ပြင်သစ်အစိုးရနဲ့ အပေးအယူကလေး လုပ်ပြီးမှပေါ့"

"နေပါဦး။ ခင်ဗျားက ဘာကိစ္စ ဒီလိုမျိုးလုပ်မှာလဲ။ ဘာကိစ္စနဲ့ ဒုက္ခရှာချင်ရတာလဲ"

"ဖရင့်ဘာရေး"

mgyoe.com